A23.

ပခုက္ကူမှ

ပခုက္ကူချနည်း—နိဿယနည်း

ခေါ်

သုတ်မဟာဝါအဋ္ဌကထာ

နိဿယသစ်

(ပဉ္စမအုပ်)

ပခုက္ကူမြို့–မဟာဝိသုတာရာမတိုက်ကြီး၏

ဂဏာမဟာဝိနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အသျှင်နန္ဒဝံသ မဟာထေရ်

စီရင်တော်မူသည်။

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

ပခုက္ကူမှု

ပခုက္ကူချနည်း—နိဿယနည်း

ခေါ်

သုတ်မဟာဝါအဋ္ဌကထာ

နိဿယသစ်

(ပဌမအုပ်)

ပခုက္ကူမြို့-မဟာဝိသုတာရာမတိုက်ကြီး၏

ဂဏမဟာဝိနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အသျှင် နန္ဒဝံသ မဟာထေရ်

စီရင်တော်မူသည်။

(ပဌမနှိပ်ခြင်း)

☆

ရန်ကုန်မြို့

ဟံသာဝတီပုံနှိပ်တိုက်

၁၉၆၀

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ် ဟံသာဝတီပုံနှိပ်တိုက်တွင်
ဦးကျင်ဟိုးက ပုံနှိပ်ထုတ်ဝေသည်။

ပခုက္ကူမြို့—မဟာဝိသုတာရာမတိုက်ကြီး၏
ဂဏမဟာဝိနာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်

သာသနသမ္ပတ္တိပကာသနဋ္ဌမိဒံနိဒါနံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဓမ္မိဿရ ဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မဂန္ထိရတာ ပစ္စဝေက္ခဏာဇောကြောင့် အပ္ပေါသုက္က ကြောင့်ကြမဝင် နေတော်မူစဉ် အမိုက်၌ မသောင်းဟိုက်စကြဝဠာ ပြဟ္မာအပေါင်း ခွင့်တောင်းခြင်းဟူသော ဗြဟ္မာယာစနတ္တမာန်နှင့်တကွ လေးတန်သောဝဲညြဿဝင်ဒုက္ခပင်လယ်၌ ပေါ်ယယ် အစုပ်နစ်မြုပ်သမျှ ဝေနေယျတို့ကို သဒ္ဓမ္မဒေသနာ ဉာဏ်ပညာလက်လှမ်း၍ ဘက်ကမ်းကုန်းပြင် ကျုံး၍ငင်သကဲ့သို့ ဆွဲတင်ကယ်ယူတော်မူခြင်းငှါအဇ္ဈုတ္တ သမုဋ္ဌာန အသာဓာရဏ မဟာကရုဏာတော် နှိုးဆော်တိုက်တွန်းခြင်းကို အ ရင်းမူလ အခြေခံပဘဝ ပြုတော်မူ၍ ဒေသေတဗ္ဗမေဝ တပ္ပကာရ ဝေနေ ယျသတ္တသယတို့ကို ကျနပိုင်ပိုင် သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်အရှင်ဖြစ် တော်မူသည်နှင့်လျော်စွာ ဌာနာဌာနကောသလ္လစသော ဗလဉာဏ်တော် အ ဘော်သဟဲ ရံမက်အပေါင်းတို့နှင့်တကွ ဝေနေယျအကြိုက် စုံ ကိုက်နှင့်သင့် လျော်အောင် ပေါဖော်မြွက်ကြား ထားတော်မူခဲ့သော ဒေသနာတော်တို့တွင် ဒီဃနိကာယ ပါဠိနအစဉ်တည်းဟူသော ဒေသနာတော်မြတ်သည်ကား—

၁။ နာနာနယနိပုဏာ အတိသဏှာ အတိသုခုမဖြစ်၍ လွန်စွာသိမ်မွေ့ နက်နဲ ခက်ခဲဆန်းကြယ်လှပေ၏။

၂။ ဝိညုပ္ပသတ္ထ ဒုဒ္ဒသ ဒုရနုဗောဓဖြစ်လောက်အောင် ဗျဉ္ဇနရသ, အတ္ထ ရသတို့၏အစွမ်းအားဖြင့် သာယာ ကောင်းမြတ် နှစ်သက် အပ်သော အဆင်တန်ဆာ အလင်္ကာလည်းရှိပါပေ၏။

၃။ ဣဒ္ဓိ,အာဒေသနာ,အနုသာသနီတည်းဟူသောတန်ခိုးဂုဏ်တို့ဖြင့် မွမ်း ထုံပန်တီး ထူးစေအပ်သည်သာမက ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ ဟူသော အကြောင်းလေးချက် အနက်လေးသွယ်တို့ဖြင့် သမုဒ္ဒရာ အလယ် ယုန်ငယ်တရထည် ထောက်တည်ရာမရ ပရမဂမ္ဘီရကြီး လည်းဖြစ်ပေ၏။

၄။ ဓမ္မသာမိ စင်စစ်ပိုင်ရှင်ကြီး ဖြစ်တော်မူသော ဒေသကဘုရားရှင်နိဗ္ဗာန် ဝင်တော်မူပြီးရာကာလ ပဌမသင်္ဂါယနာ ပွဲကြီးပြုတော်မူစဉ်ကလည်း သံဃတ္ထေရ ဂဏပါမောက္ခ သံဃာ့ဦးစီး ပွဲမှူးကြီးဖြစ်တော်မူသော အ

နိဒါန်း

ရှင်မဟာကဿပနှင့်တကွ ပဉ္စမသင်္ဂါယနာဝင် အရှင်သံဃာထေရ်ငါးရာတို့သည် ဒေသနာအဖွဲ့နှင့် ကျယ်ပြန့်ရှည်လျား များသောစကားအစဉ်ရှိသော ဤသည့်ဒီဃနိကာယ ပါဝစနအစဉ်သည် သာမန်ပုဂ္ဂိုလ်တို့ ရွက်ဆောင်ထိန်းသိမ်းခြင်းငှါ စွမ်းနိုင်မည်မဟုတ်ချေ၊ ဗဟုဿုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တဖြစ်၍ အတ္ထ, ဓမ္မ, ဗျဉ္ဇန, နိရုတ္တိ, ပုဗ္ဗာပရ ကုသလဖြစ်သော ဓမ္မဘဏ္ဍာဂါရိက "အရှင်အာနန္ဒာ" မဟာထေရ်သည်သာ မပျောက်မပျက် ဆောင်ရွက်ထိန်းသိမ်းလျက် သာသနာအဓွန့် အရှည်ကွန့်အောင် ဖွံ့ဖြိုးတိုးတက်စေနိုင်လိမ့်မည်ဟု ကြံစည်ဆုံးဖြတ်တော်မူ၍—

"အာဝုသော ဣမံ တုယှံ နိဿိတကေ ဝါစေဟိ"

ဟူသောအမိန့်ဘော်မြွက်ဖြင့် ပေးအပ်ဆောင်နှင်း လွှဲပုံခြင်းကိုပြုတော်မူလျက် အရှင်အာနန္ဒာ၏ သိဿာနုသိဿ သာဝကအဆက်ဆက် ဆောင်ရွက်မပြတ် သင်မှတ်လေ့လာ ကောင်းစွာစောင့်ရှောက်ခဲ့သောဒေသနာပန်းခိုင် တန်ဆောင်တိုင်ကြီးလည်း ဖြစ်ပေ၏။

ယင်းသို့များစွာ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ထိုသည့်ဒေသနာပန်းခိုင် တန်ဆောင်တိုင်ကြီးသည်ကား—သင်္ဂါယနာ အဆက်ဆက်အားဖြင့် ထွန်းတက်တောက်ပြောင် လောင်ဘိဘနန်း ရောင်ရှိန်သန်းလျက်ရှိသော်လည်း မာဂဓိက မာဂဓဆေက လောကကြီးအတွင်း၌သာလျှင် အစွမ်းရှိသလောက် ထွန်းတောက်ခွင့်ကို ရရှိခဲ့ပေသည်၊ ဘာသန္တရိက အညဝေါဟာရိက မြန်မာလောကကြီးအတွင်း၌မူကား စွမ်းအားရှိသမျှ တောက်ပထွန်းလင်းခြင်းငှါ မစွမ်းနိုင်ချေ။

အကြောင်းမူကား—ထိုသည့်မာဂဓဘာသာ သညာအမှတ်ဖြင့် ပညတ်အစဉ် တင်အပ်ပြီးသော ဒီဃနိကာယ်ပါဠိတော်,အဋ္ဌကထာတို့၏ မှီရာအတ္ထမြန်မာပြန်နိဿယများသည် ဤမြန်မာ့ဝေါဟာရ လောကအတွင်း၌ ထင်လင်းစွာရှိပေလင့်ကစား ရှေးဟောင်းဝေါဟာရ ပေါရာဏအသုံး စကားလုံးတို့နှင့် ရောပြွမ်းလျက်ရှိရုံမျှမက အလွန်ကျဉ်းမြောင်းလျက် အနက်အဓိပ္ပါယ် ဖုံးကွယ်တိမ်မြုပ်လျက်ရှိခဲ့ချေသည်။

အကျယ်တဝင့် ထပ်ဆင့်ဖော်ပြရလျှင် သက္ကရာဇ် ၆၀၇—ခုနှစ် ပုဂံမြို့တွင် နန်းတက်သော ကျစွာမွန်နစ်မင်း ညီတော်ရာဇသူ, မြောက်သားတော် စောမြတ်လှတို့မှ မွေးဖွားသူညောင်ရမ်း,သာဂရနှစ်မြို့စားဂုဏ္ဏာနန္ဒရာဇ်မင်းသားက

ပုဂံမြို့တွင် ရွှေကျောင်းကြီး ဆောက်လုပ်၍ ကိုးကွယ်သည့် ဆရာတော် **''အရှင်ဂုဏဝန္တသကထေရ်''** သည် ရေးဦးစွာ စီရင်အပ်သော ဒီဃနိကာယ ပါဠိ, အဋ္ဌကထာ မှီရာနိဿယတို့သည်လည်းကောင်း,

သက္ကရာဇ် ၁၀၇၆-ခု ရတနာပုရ အဝမြို့တော်တွင် နန်းတက်သော လေးကျွန်းမာရ်အောင်, ဇေယျမာရ်အောင်, မင်္ဂလာမာရ်အောင်, လောက မာရ်အောင် စေတီတော်ဒါယကာ "သိရီပဝရ မဟာဓမ္မရာဇာဓိပတိ" ဟူ သော တံဆိပ်နာမံ ခံယူတော်မူသော မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်း တရားလက်ထက် ပုခန်းကြီးမြို့ စီရင်စု နေရင်းရွာဇာတိ မဏိရတနာတိုက်နေ **''အရှင်အရိယာလင်္ကာရထေရ်''** ဒုတိယအကြိမ် စီရင်အပ်သော ထိုနိကာယ် ၏မှီရာ အဋ္ဌနိဿယတို့သည်လည်းကောင်း ဤမြန်မာလောကကြီးအတွင်း၌ ထင်လင်းစွာ ပေါ်ရှိခဲ့ဘူးကုန်ပြီ။

ထိုနိဿယများသည် ကျဉ်းမြောင်းရှုံသာမက ရှေးဟောင်း စကားလုံး ရှေးအသုံးအနှုန်းတို့ဖြင့် သိကုံးရေးသားအပ်သောကြောင့် ပေါရာဏိက ရှေး ကျသော မြန်မာလောကကြီးကိုသာ စွမ်းအားရှိသလောက် ထိန်ညီးတောက် ပြောင် အရောင်လင်းစေနိုင်ခဲ့လေသည်။

ထိုရှေးခေတ်ကာလ ရှေးကျသော မြန်မာလောကသားတို့သည် မိမိတို့ ခေတ်သုံး စကားလုံးတို့ဖြင့် အကျဉ်းချုံး၍ပြုအပ်သော ထိုသည့်မှီရာ အဋ္ဌ နိဿယများ၌ အားရနှစ်သက် ကျေနပ်လျက်ရှိခဲ့ကြလေပြီ။

သို့ရာတွင် အာခုနိက သကဘာသာ ကုသလ ယခုနောက်ခေတ် လောက သားတို့အလယ်၌ ကျဉ်းမြောင်းခြင်းနှင့် ရှေးသုံးဝေါဟာရ တည်းဟူသော မောဟမှောင်ကြီး ပိတ်ဆီးကွယ်ထောင့် မရောင့်ရဲနိုင် အသိမပိုင်အောင်ရှိစေ ခဲ့လေသည်။

ထိုသည့်အခြင်းအရာ လက္ခဏာတို့ကို ကောင်းစွာကြံသိ ကရုဏာရှိတော် မူလှသော ကောဇာသက္ကရာဇ် ၁၂၄၄-ခုနတ်တော်လဆန်း၂-ရက် စနေနေ့ ညနေသုံးချက်တီးအချိန်တွင် မြင်းခြံဒိစတြိတ် ပုဂံမြို့နယ် ဆင်သားမွေးရွာ **''ဦးအိုး-ဒေါ်ဒိုး''** ဟူသော မယ်တော်,ခမည်းတော်တို့မှ ဖွားမြင်တော်မူသော သာသနာတော်ပြန့်ပွါးရေးကို ရှေးရှုသော စိတ်နှလုံးတော်ဖြင့် ညောင်ဦးမြို့, ညောင်တုံးမြို့တို့၌ ပရိယတ္တိဓမ္မ သာသနာ့ရောင်ခြည် လှည့်လည်ဖြန့်ခင်း၍ စာပွဲကျင်းတော်မူခဲ့ခြင်းကို အရင်းပြုလျက် **''ညောင်ဦးဆရာတော်,ညောင်တုံး**

ဆရာတော်"ဟူ၍လည်း ကျော်စောထင်ရှားတော်မူသော ဤမြန်မာနိုင်ငံတော် မဟာဝိသုတာရာမိကဂဏဝါစကမဟာနိကာယကြီး၏ ဂဏမဟာဝိနာယက ဖြစ်၍ ပခုက္ကူမြို့ "**မဟာဝိသုတာရာမတိုက်ကြီး၏အရှင်သံဃနာယကအဂ္ဂမဟာပဏ္ဍိတ**"ဘွဲ့တံဆိပ်တော်ရ"**အရှင်နန္ဒဝံသမဟာထေရ်**"အရှင်သူမြတ်ကြီးသည် ရဟန်းသိက္ခာလေးဝါအရွယ် ငယ်ငယ်ကပင်လျှင် သီတင်းသုံးဘော်ရဟန်းတော်အပေါင်းတို့၏ညွတ်ပျောင်းခယတောင်းပန်ကြခြင်းကိုရင်တွင်းပိုက်ကျုံး နှလုံးမချွေအောက်မေ့ဆင်ခြင်တော်မူလျက် အရှင်မဟာကဿပ အရင်းစွဲသောထေရဝံသအဆက်ဆက်မှဆင်းသက်စပ်နွယ်အလွန်စင်ကြယ်သည့်အနွယ်ဝံသရှိတော်မူသောမင်းအိုသာသနာပိုင်,သဲအင်းသာသနာပိုင်, နတ်ရဲတောင်သာသနာပိုင်,ပခုက္ကူမြို့"**မဟာဝိသုတာရာမအာဒိမာပကအရှင်ဂန္ထသာရဆရာကြီး ဆရာတော်**"ဟူသော သာသနပါလက ထေရဝံသပတိဋ္ဌာပက ဆရာအဆက်ဆက်မှ အစဉ်မပျက် ဆောင်ရွက်မှတ်သားခဲ့သော အာဂမတန္တိ ပဝေဏီ လက်သုံး ထုံးဥပဒေသ နယမုဋ္ဌ လက်ကိုင်ရှိတော်မူသည်နှင့်အညီ—

၁။ ထိုဒီဃနိကာယ်၌ ရှည်သွယ်ပြန့်ပြောသဘောသရုပ်တိမ်မြုပ်ကွယ်ဖုက် အသိ[illegible]အောင် ထွေးယှက်သမျှ ဂဏ္ဌိဋ္ဌာန ပါဠိပဒေသတို့၌ သဘာဝယုတ္တိ အ[illegible]ဂုံဖြင့်ညှိလျက် တိတိပြတ်ပြတ် ဆုံးဖြတ်သုမ်သင်အပ်သော ဝိနိစ္ဆယ-မှတ်ချက်များနှင့်တကွ ဝါကျနက်အတွင်းမငုပ်အောင် ဖော်ထုတ်နိုင်သမျှ ဓာတွတ္ထ,ပစ္စယတ္ထတို့ကို ဝိသေသန ဟိတ်ပြလက္ခဏာ လျော်စွာထည့်သွင်း၍ လိုရင်းပိဏ္ဍတ္ထ ဝေါဟာရပညတ် ပေါ်လွင်အောင်အဆုံးသတ်လျက် အစပ်သမ္ဗန္ဓ သင့်သမျှအချက်ချက် ဝိကပ်နက်အဖုံဖုံ နည်းစုံအောင်စပ်ပြ၍ တဘက်ပြဖြစ်သော ကေပက္ခိက မူလဝါကျတို့၌ ကေဝလပရိပုဏ္ဏဖြစ်စိမ့်သောငှါ ဂမျမာနမူလီဝါကျကိုဖော်ခြင်း,

၂။ ဥပမာပြ အပရိပုဏ္ဏဝါကျတို့၌ ဥပမာန,ဥပမေယျ နှိုင်းဆထောက်ချင့် ဖြစ်သင့်သမျှ ဆောင်ပြဖြည့်စွက်လျက် အနက်ယောဇနာခြင်း,

၃။ အနွယပက္ခ၌ ဗျတိရေကကို, ဗျတိရေကပက္ခ၌ အနွယကိုဖော်ပြယောဇနာခြင်း,

၄။ ဝက်, ဂုမ္ဗ, သမာသဝါကျတို့၌ ဥဇုက, ဥတ္တာန, ဗျာသတ္ထတို့ကိုဖော်ပြယောဇနာခြင်း,

၅။ နိပါတ်ပုဒ်တို့၏ သရုပ်အနက် အချက်ချက်တို့ကို ပြက်ပြက်လင်းလင်း စည်းမျဉ်းတကျ နည်းသေရအောင် တဒ္ဓါနတည်း၌ ဝါဒမျိုးစုံ စုပုံဖော်ပြလျက် အနက်ယောဇနာခြင်း,

၆။ ဟေတု, ဥပမာန အန္တောနိတပြု၍ သင်္ခေပနည်းဖြင့်ယောဇနာခြင်း,

၇။ ယင်းဟိတ်,ဥပမာတို့ကိုအပြင်ထုတ်၍ ပုစ္ဆာဝါကျသွင်းလျက် တဗ္ဗဟိ-ကရဏ ဝိတ္ထာရနည်းဖြင့် ယောဇနာခြင်း,

၈။ အတ္တဝသ ဝိဘတ္တိဝိပရိဏာမပြု၍ အနုဝတ္တေတဗ္ဗ သာပေက္ခပုဒ်တို့ကို ယထာရဟ နောက်နောက်ဝါကျတို့သို့ လိုက်စေ၍ ပေါ်လွင်ထင်ရှားအောင် ယောဇနာခြင်း,

၉။ အာခုနိကခေတ်လုံးဝေါဟာရနှင့်ပေါရာဏိကရှေးသုံးဝေါဟာရတို့ကို တူကွယှဉ်စပ် ပရိယာယ်အထပ်ထပ်ပြု၍ပေါ်လွင်ထင်ရှားစေခြင်း—

စသောအထူးထူးသောနည်းတို့ဖြင့် နက်နဲဆန်းကြယ်လှစွာသော "**ပဒက္ကမ။ ချနည်းနိဿယည်း**" တည်းဟူသော မိးရှူးတန်ဆောင်ကြီးကို အာခုနိက မြန်မာလောက စာချ, စာသင်တည်းဟူသော တောင်ထိပ်,တောင်ဦး၌ ကွန့်မြူးထိန်ဝင်း လင်းစေတော်မူခဲ့လေပြီ။

အမှောင်ပယ်ခွင်း အလင်းရ၍ ပိဋကပင်လယ် ငါးနိကာယ်တို့ကို အလွယ်နှင့်ပေါက်မြောက်၍ တဘက်ကမ်းရောက်စေခြင်းငှါ သုံးပုံပိဋကတ် သံဝဏ္ဏနာအရပ်ရပ်တို့ကို နှံ့စပ်အောင်မွေနှောက်လျက် ချင့်ထောက်သုံးသပ် ဆုံးဖြတ်ဖော်ပြအပ်သော အနက်အဓိပ္ပါယ်ရှိသည်ဖြစ်၍—

"တထာဂတပဝေဒိတော ဘိက္ခဝေ ဓမ္မဝိနယော
ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နော"

ဟူသော တိကင်္ဂုတ္တရဒေသနာ မှာတမ်းတော်အရ "မြတ်စွာဘုရား ဟောကြားသမျှ ဓမ္မ,ဝိနယခေါ်သော ဆောင်ထားရမည့်ဓမ္မနှင့် ရှောင်ရှားရမည့် "ဝိနယ"တို့သည်ဝေနေယျအသိဉာဏ်၌ပေါ်လွင်ထင်ရှားအောင်ဖွင့်လှစ်ပြထားမှ ပြန့်ပွါးကြီးကျယ် တင့်တယ်တောက်ပနိုင်ပေသည်၊ ဖုံးလွှမ်းဝှက်ကွယ်၍ အသိမလွယ်ဖြစ်ခဲ့လျှင် ရွယ်မှန်းသလောက် အကျိုးမရောက်တော့ဘဲ ထွန်းတောက်တင့်တယ်မှုမရှိနိုင်" ဟူသော ဘုရားရှင်အလိုတော်နှင့်အညီ မာဂဓဘာသာ အကွယ်အကာတို့ကို ဖွင့်လှစ်ဖြေပြသကဲ့သို့ မြန်မာတို့ အသိဉာဏ်၌

နိဒါန်း

ကြွင်းကျန်မရှိ အလိုပြည့်စေနိုင်သည့် ဤ "ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ မြန်မာပြန်နိဿယသစ်" သည် ဤမြန်မာလောကသားတို့၏ အလယ်၌ သာသနာတော်ကွယ်သည်တိုင်အောင် ထွန်းပြောင် တောက်ပလျက် သာသနာ့ အစီးအပွါးတို့ကို ဆောင်နိုင်ပေလိမ့်သတည်း

အရှင်နန္ဒိယ
ရတနသိဒ္ဓိကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့

အထူးမှာထားချက်

ဤ ဒီဃနိကာယ သုတ်မဟာဝါ အဋ္ဌကထာ နိဿယသစ်ကို ကြည့်ရှုသုံးသပ်ကြကုန်သော ပုဂ္ဂိုလ်များသည် အချို့အချို့သောနေရာများ၌ အထူးသဖြင့် ကြိုးစား၍ သုဓ်သင်ပြင်ဆင်ပါသော်လည်း လက်ရေးကော်ပီမှုဖြင့် ပဌမဦးစွာပုံနှိပ်ထုတ်ဝေရခြင်းဖြစ်၍ အနည်းငယ်မှားယွင်းချွတ်ချော်မှုများကို တွေ့ကြပေဦးမည်ဖြစ်ရကား "မိုလျှင်ဖျက်-လိုလျှင်ဖြည့်" ဟူသောသဘောအရ-သည်းခံ၍ ကြည့်ရှုသုံးသပ်ကာ လိုအပ်သော နည်းနာနယတို့ကို ရယူသုံးစားတော်မူကြပါရန်အကြောင်း။

အာသီသပတ္ထနာကထာ

ဒေသကနှင့် ဒေသနာဂုဏ်တော်

အောင်သုတကာတို့၏ ဇယိန္ဒြာဓိပတိ ဇေယျာဘိဇေယျုတ္တမ အနုတ္တရမှန်ကူသယမ္ဘူထွတ်ထားပုဉ်းတော်အလွန်ကြီးမြတ်တော်မူသောသဗ္ဗညုတဘုရားရှင်သည် နူးညံ့သိမ်မွေ့ခြင်း,သဒ္ဒါ-အနက်အားဖြင့်ကောင်းမြတ်နှစ်သက်ဘွယ်ရာအဆင်တန်းဆာ အလင်္ကာရသနှင့် စုံညီပြည့်ဝခြင်း, သမုဒ္ဒရာအလယ်ယုန်သူငယ်၏ ထောက်တည်ရာမလွယ် ခက်ခဲ၏နည်းနှယ်သို့ နက်နဲသည့် ပရမဂမ္ဘီရနှင့်ကြွယ်ခြင်း, သိဿာနုသိဿ သာဝကအဆက်ဆက်ဆောင်ရွက်လေ့လာ စောင့်ရှောက်ကာဖြင့် ယခုတိုင်ထွန်းပြောင်လာခဲ့သည်ဖြစ်၍ ဒေသနာပန်းကုံး ပတ္တမြားတုံးကြီးဖြစ်တော်မူခြင်းစသော လေးသွယ်ဂုဏ်အင် ပြည့်စုံလင်သည့် ဤမည်သော ဒီဃနိကာယ ဓမ္မစေတီ တရားစည်ကြီးကို ရိုက်ဟီးဆော်သွင်းတော်မူခဲ့ရာ—

သင်္ခေပနှင့်ဝေါဟာရကာဆီးမှု

ယင်း မဟာဂန္ထ ဓမ္မစေတီတဆူစာတော်မူမြတ်ဓမ္မာသည် ရှေးရှေးအခါက ပြန်ဆိုရေးသားထားတော်မူခဲ့ကြသော အတ္ထနိဿယများရှိပါသော်လည်း ဤသည့်နိဿယများကား ခေတ်ကာလအားလျော်စွာ ဝေါဟာရအသုံး ဖုံးကွယ်နေသဖြင့် အသိခက်ခြင်း, အနက်အဓိပ္ပါယ်ကျဉ်းမြောင်းခြင်းဖြင့် မပေါ်လွင်ခြင်းစသည်များကြောင့် နောင်လာနောက်သား နှောင်းလူများအတွက် အခက်အခဲနှင့်တွေ့ကြရ၍ ကျမ်း၏သဘောအရသာကို ဝဝပိုင်ပိုင် ရယူသုံးစားနိုင်ခြင်းမရှိကြဖြစ်လေသည်။

ကျမ်းပြုဆရာ၏ ဆန္ဒနှင့် ကျမ်းပြုခြင်းရာ

သို့ဖြစ်ခြင်းကြောင့် ဝဝလင်လင်ရယူသုံးစားနိုင်ကြခြင်းဖြင့် ပရိယတ် သာသနာတော်ကြီး ဘုန်းမီး နေ,လ ထွန်းတောက်ပ၍ အဓွန့်ရှည်ကြာ ပွင့်လင်းတည်တံ့ပါစေခြင်းငှါ ရည်သန်ရိုးရင်း ရှိခြင်းကြီးလှသော ကရုဏာတော်ရှင် ကျေးဇူးတော်ရှင် ပခုက္ကူမြို့ မဟာဝိသုတာရာမိက ဂဏဝါစက မဟာနိကာယကြီး၏ ဂဏမဟာဝိနာယက သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ **''အရှင်နန္ဒဝံသ မဟာထေရ်''**ဆရာတော်ဘုရားကြီးသည် ဤမည်သော ဒီဃနိကာယ သုတ်မဟာဝါအဋ္ဌကထာ နိဿယသစ် ရွှေကျမ်းစာကို ပေါ်လွင်သော အနက်, ထင်ရှားသော အဓိပ္ပါယ်, ပြတ်သားတိကျသော အဆုံးအဖြတ်, စေ့စပ် သေချာသော အကိုးသာဓကများဖြင့် တန်းဆာဆင်လျက် အထူးပြုပြင် စီရင်ဖန်တီး တည်ဆောက်တော်မူလေသည်။

ဟံသာဝတီ၏ စေတနာနှင့်အလို ဖြည့်မှု

ဤသို့လျှင် စီရင်တော်မူအပ်သော ရှေ့ကျမ်းစာမူ ဓမ္မစေတီတော်တဆူကို ဆရာတော်ဘုရားကြီး၏ အဆိုပါ အာသီသ ဆန္ဒပြည့်ဝစေရန်တကြောင်း, ပြကတေ့ပင်ကိုယ် စိတ်ရင်းစွဲအလိုအားဖြင့် ဗုဒ္ဓသာသနာတော်ကြီး၏ အချင်း ခပ်သိမ်း ထွန်းတောက်ပလျက် အဓွန့်ရှည်စွာ တည်တံ့ ဖွံ့ဖြိုးစေရန် ထက်သန်ရိုးရင်း နှလုံးသွင်းစိတ်မြတ်အရ တတ်နိုင်သမျှ အားသွန်၍ သာသနာ့ဝန်ကို ထမ်းရွက်လို, ချီးမြှောက်လိုသော ပဓာနရည်ရွယ်ချက် စေတနာကြောင့် တကြောင်း၊ ဤအကြောင်းကြောင်းတို့ကို ထောက်၍ သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်သုတ်သင်လျက် ကျွန်ုပ်တို့ "**ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်**" က ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချီအပ်ပါကြောင်း။

အာသီသနှင့် ပဏ္ဏာ

သို့ပါ၍ ပရိယတ်မှုအတွက် တခဲနက်ကြိုးပမ်း ဆောင်ရွက်တော်မူကြကုန်သော သာသနဓဇ သာသနပါလ ထေရ်သံဃာအဝဝတို့နှင့် ထိုထိုသော စာချ, စာသင်, စာပွဲဝင်သောတုဇနပုဂ္ဂိုလ်စုတို့မှစ၍ အားလုံးသော သာသနာတော်ဝန်ထမ်းရဟန်းသံဃာ အရိယာန္ွယ်ဝင် သူတော်စင် အရှင်မြတ်တို့သည် အလီလီသော မိမိတို့၏ ဉာဏ်ရည်ဖြင့်မမှီနိုင်,မဆုံးဖြတ်နိုင်, မသုံးသပ်နိုင်,မထင်မမြင်နိုင်, မကြံစည်နိုင်သည့် ဝိနိစ္ဆယ သံသယ ကင်္ခါဝိတရဏာ ယုံမှားချက်အဝဝတို့၌ ဤကျမ်းရှေ့စာကို ကြည့်ရှုသုံးသပ်ခြင်းဖြင့် လက်ဖဝါးတွင် ပတ္တမြားရတနာ တင်သကဲ့သို့ ထင်ရှားပေါ်လွင်၍ လွယ်လင့်တကူ မှတ်ယူကျင့်သုံးလျက် သိဿာနုသိဿအဆက်ဆက်တွင်လည်း ပရိယတ္တိသာသနာတော်ကြီး အဓွန့်ရှည်လျားစွာ တည်တံ့အောင် အထူးစွမ်းဆောင်နိုင်ကြပါစေကြောင်း မွန်မြတ်သော အာသီသ မနသိကာရ စိတ်ထားကောင်းဖြင့် ဆုတောင်းပဏ္ဏာပြုအပ်ပါသည်။

သောဝိသော ဟံသာဝတီယာ၊
ဒီဃနိကာယ နိဿယော။
ဟုတွာ သုဗောဓော သောတူနံ၊
သမ္ပုရေတု မနောရထံ။

"ဟံသာဝတီ"

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပဏာမာဒိပရိစ္ဆေဒ	....	၁
ပဏာမနှင့်ပတ္ထနာ	....	၅

၁။ မဟာပဒါနသုတ်

ပုဗ္ဗေနိဝါသပဋိသံယုတ္တကထာ	...	၇
အာယုပရိစ္ဆေဒဝဏ္ဏနာ	...	၂၇
ဗောဓိပရိစ္ဆေဒဝဏ္ဏနာ	....	၃၃
သာဝကယုဂပရိစ္ဆေဒဝဏ္ဏနာ	...	၃၆
သာဝကသန္နိပါတပရိစ္ဆေဒဝဏ္ဏနာ	...	၃၈
ဥပဋ္ဌာကပရိစ္ဆေဒဝဏ္ဏနာ	...	၄၁
သမ္ဗဟုလဝါရ	....	၄၈
သမ္ဗဟုလပရိစ္ဆေဒဝဏ္ဏနာ	...	၅၀
ဗောဓိသတ္တဓမ္မတာဝဏ္ဏနာ	...	၆၅
ဒွတ္တိံသမဟာပုရိသလက္ခဏဝဏ္ဏနာ	...	၁၀၈
ဝိပဿီသမညာဝဏ္ဏနာ	...	၁၃၈
ဇိဏ္ဏပုရိသဝဏ္ဏနာ	...	၁၄၇
ဗျာဓိပုရိသဝဏ္ဏနာ	...	၁၅၁
ကာလင်္ကတပုရိသဝဏ္ဏနာ	...	၁၅၂
ပဗ္ဗဇိတဝဏ္ဏနာ	...	၁၅၂
ဗောဓိသတ္တပဗ္ဗဇ္ဇာဝဏ္ဏနာ	...	၁၅၃
မဟာဇနကာယအနုပဗ္ဗဇ္ဇာဝဏ္ဏနာ	....	၁၅၅
ဗောဓိသတ္တအဘိနိဝေသဝဏ္ဏနာ	...	၁၅၉
ဗြဟ္မယာစနကထာဝဏ္ဏနာ	...	၁၇၆
အဂ္ဂသာဝကယုဂဝဏ္ဏနာ	...	၂၀၂
မဟာဇနကာယပဗ္ဗဇ္ဇာဝဏ္ဏနာ	...	၂၁၁
စာရိကာအနုဇာနနဝဏ္ဏနာ	...	၂၁၂
ဒေဝတာရောစနဝဏ္ဏနာ	...	၂၂၅

၂။ မဟာနိဒါနသုတ်

နိဒါနဝဏ္ဏနာ	...	၂၂၉
ဥဿာဒနာဝဏ္ဏနာ	...	၂၄၃
ပုဗ္ဗူပနိဿယသမ္ပတ္တိကထာ	....	၂၄၈
တိတ္ထဝါသာဒိဝဏ္ဏနာ	...	၂၅၈

(ည)

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပဋိစ္စသမုပ္ပါဒဂမ္ဘီရတာ	...	၂၅၉
အပသာဒနာဝဏ္ဏနာ	...	၂၆၃
ပဋိစ္စသမုပ္ပါဒဝဏ္ဏနာ	...	၂၇၃
အတ္တပညတ္တိဝဏ္ဏနာ	...	၂၉၅
န အတ္တပညတ္တိဝဏ္ဏနာ	...	၂၉၉
အတ္တသမနုပဿနာဝဏ္ဏနာ	...	၃၀၀
သတ္တဝိညာဏဋ္ဌိတိဝဏ္ဏနာ	...	၃၀၈
အဋ္ဌဝိမောက္ခဝဏ္ဏနာ	...	၃၂၀

၃။ မဟာပရိနိဗ္ဗာနသုတ်

နိဒါနဝဏ္ဏနာ	....	၃၂၇
ရာဇအပရိဟာနိယဓမ္မဝဏ္ဏနာ	...	၃၃၁
ဘိက္ခုအပရိဟာနိယဓမ္မဝဏ္ဏနာ	...	၃၅၀
ဒုဿီလအာဒီနဝဝဏ္ဏနာ	...	၃၉၁
ပါဋလိပုတ္တနဂရမာပနဝဏ္ဏနာ	....	၃၉၇
အနာဝတ္တိဓမ္မသမ္ဗောဓိပရာယဏဝဏ္ဏနာ	...	၄၀၆
ဓမ္မာဒါသဓမ္မပရိယာယဝဏ္ဏနာ	....	၄၁၀
အမ္ဗပါလီဂဏိကာဝတ္ထုဝဏ္ဏနာ	...	၄၁၂
ဝေဠုဝဂါမဝဿူပဂမနဝဏ္ဏနာ	...	၄၁၆
နိမိတ္တောဘာသကထာဝဏ္ဏနာ	....	၄၂၈
မာရယာစနကထာဝဏ္ဏနာ	....	၄၄၄
အာယုသင်္ခါရဩဿဇ္ဇနဝဏ္ဏနာ	....	၄၄၇
မဟာဘူမိစာလဝဏ္ဏနာ	...	၄၅၃
အဋ္ဌပရိသဝဏ္ဏနာ	....	၄၅၉
အဋ္ဌအဘိဘာယတနဝဏ္ဏနာ	...	၄၆၃
အဋ္ဌဝိမောက္ခဝဏ္ဏနာ	...	၄၆၉
အာနန္ဒယာစနကထာ	....	၄၇၀
နာဂါပလောကိတဝဏ္ဏနာ	....	၄၇၃
စတုမဟာပဒေသဝဏ္ဏနာ	...	၄၇၅
ကမ္မာရပုတ္တစုန္ဒဝတ္ထုဝဏ္ဏနာ	....	၄၈၄
ပါနီယာဟရဏဝဏ္ဏနာ	...	၄၈၇
ပုက္ကုသမလ္လပုတ္တဝတ္ထုဝဏ္ဏနာ	...	၄၈၇
ယမကသာလာဝဏ္ဏနာ	....	၄၉၈
ဥပဝါဏတ္ထေရဝဏ္ဏနာ	....	၅၁၇
စတုသံဝေဇနီယဋ္ဌာနဝဏ္ဏနာ	...	၅၂၃

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
အာနန္ဒပုစ္ဆာကထာဝဏ္ဏနာ	...	၅၂၆
ထူပါရဟပုဂ္ဂလဝဏ္ဏနာ	...	၅၃၁
အာနန္ဒအစ္ဆရိယဓမ္မဝဏ္ဏနာ	....	၅၃၂
မဟာသုဒဿနသုတ္တဒေသနာဝဏ္ဏနာ	....	၅၃၇
မလ္လာနံဝန္ဒနာဝဏ္ဏနာ	....	၅၄၃
သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထုဝဏ္ဏနာ	....	၅၄၄
တထာဂတပစ္ဆိမဝါစာဝဏ္ဏနာ	...	၅၅၁
ပရိနိဗ္ဗုတကထာဝဏ္ဏနာ	...	၅၅၉
ဗုဒ္ဓသရီရပူဇာဝဏ္ဏနာ	...	၅၆၀
မဟာကဿပတ္ထေရဝတ္ထုဝဏ္ဏနာ	...	၅၆၃
သရီရဓာတုဝိဘဇနဝဏ္ဏနာ	...	၅၉၆
ဓာတုထူပပူဇာဝဏ္ဏနာ	...	၆၀၇

အမှားအမှန်ပြင်ချက်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၃၀	၁	စာတုမတာရာဇိကာ	စာတုမဟာရာဇိကာ
၅၀	၂၉	ခေါတေတ္တာ	ခေါဘေတ္တာ
၅၈	၂၂	အစိတ်အဖြာလျက်	အစိတ်ဖြာလျက်
၆၀	၄	ကတမဟာဘိနိဟာရောစ	ကတမဟာဘိနီဟာရောစ
၆၂	၅	ကြောင့်။တေဗုဒ္ဓေ၊	ကြောင့်။ဘဂဝါ၊သည်။
၇၀	၁၃	ဒိတွာ	ဒိသွာ
၇၃	၈	ဇမ္ဗူဒီပေါနာမ	ဇမ္ဗုဒီပေါနာမ
၈၃	၁၂	မယ်တော်ဝမ်း	မယ်တော်ဝမ်းသို့
၉၂	၁၆	သဥ္စာတ	သဉ္ဇာတ
၉၉	၈	ဥဒေါင်းမြိစည်း	ဥဒေါင်းမြီးစည်း
၉၉	၉	တာလဝဏ္ဍ	တာလဝဏ္ဋ
၁၀၄	၁၄	ပီဠသပ္ပိနံ	ပီဠသပ္ပိနံ
၁၁၁	၂၇	စိတ္တိကတင္ဆေန	စိတ္တိကတင္ဆေန
၁၁၄	၂၀	နတ္ထိတိ	နတ္ထိတိ
၁၁၉	၃၀	စတ္တဝတ္တိရညော	စက္ကဝတ္တိရညော
၁၃၇	၃၆	ဇာနာ	ဇနာ
၁၄၇	၂၇	ဖြစ်	ဖြစ်၍
၁၅၁	၇	ဇတိယာ	ဇာတိယာ
၁၈၀	၁၈	၃ုစ္စတိ၊၏။	ဝုစ္စတိ၊၏။ဇာတိအဃံ၊ သည် ကား။ဝိဿဇ္ဇနာ၊တည်း။
၁၈၆	၂	‌လောခေတ်၌	လောကခေတ်၌
၁၈၇	၁၇	ခမ္မစက္ကုတိနမံ	ဓမ္မစက္ကုတိနာမံ
၁၈၇	၃၃	ယေ-သံသတ္တာနံ	ယေသံ-သတ္တာနံ
၂၀၂	၂၂-၂၆	ပဌမံဒေသနတ္တာယ	ပဌမံဓမ္မဒေသနတ္တာယ
၂၀၇	၂၀	ရဟန်းအဖြင့်သို့	ရဟန်းအဖြစ်သို့
၂၁၀	၁၅	တူ	တူ
၂၁၁	၁	သခ်ါရာတို့သည်	သင်္ခါရတို့သည်
၂၂၅	၇	အပေါင်းတို့၏လည်း	အပေါင်း၏လည်း
၂၄၂	၅	သည်။အဖွာ့တံ၊	သည်။အတ္တ၊၏။တယိဒံ-တံ ဣဒံ ခါယနံ၊သည်။အဖွာ့တံ၊
၂၅၄	၁၇	ဆောလုပ်စေပြီ။	ဆောက်လုပ်စေပြီ။

အမှားအမှန်ပြင်ချက်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၂၅၇	၂၁	ဧတာနိဌာနိ	ဧတာနိဌာနာနိ
၂၅၈	၁	မန္တာနိပုလ္လော့မ၏	မန္တာနိပုလ္လော့းမ၏
၂၆၆	၃	ဒွိဂုလမတ္တမ္ပိ	ဒွင်္ဂုလမတ္တမ္ပိ
။	၃၂	ကျေးဇူးတတ်ပြု၏	ကျေးဇူးပြုတတ်၏
၂၇၁	၂၈	ဒွိဟိ	ဒွီဟိ
၂၇၂	၂၁-၂၂	ပန၊ အဘို့တပါး····အံ့။ ဗုတိ-အယံ၊သည်ကား။ ဝိဿဇ္ဇနာ၊တည်း။	ဗုတိ-အယံ၊သည်ကား။ ဝိဿဇ္ဇနာ၊တည်း။ပန၊အဘို့တပါး···အံ့။
၂၇၂	၃၆	စတူသု	စတူသု
၂၇၇	၃၃	ဧတိပဝတ္တေတိ	ဧဟိပပတ္တတိ
၂၇၉	၁၉	သဟာဇာတကောဋ္ဌိ	သဟာဇာတကောဋ္ဌိ
၂၈၂	၇	ဟိ–သ္မာ	ဟိ-ယသ္မာ
၂၉၅	၁၂	သောဒိဋ္ဌိတိကော	သောဒိဋ္ဌိဂတိကော
၂၉၇	၃၃	ပညပေန္တော	ပညပေန္တော
၂၉၈	၂၂	အပရူပကမ္မဋ္ဌဂေါစရံ	အရူပကမ္မဋ္ဌဂေါစရံ
၂၉၉	၇	သေဋ္ဌသ	သောဋ္ဌသ
၃၀၀	၁	အပရူကမ္မဋ္ဌာ	အရူပကမ္မဋ္ဌာ
၃၀၄	၁၃	ဗုဓ-မသ္မိံဌာနေ	ဗုဓ-ဗုမသ္မိံဌာနေ
၃၀၄	၃၀	န ပညယတိ	န ပညာယတိ
၃၀၈	၆	န ဇနာတိ	န ဇာနာတိ
၃၀၉	၁၉	သိင်္ဂီတိသုတ္တေ	သင်္ဂီတိသုတ္တေ
၃၁၆	၁၅	ပရိတ္တာဘာ	ပရိတ္တသုဘာ
၃၁၆	၁၆	အပ္ပမာဏာဘာ	အပ္ပမာဏသုဘာ
၃၁၆	၁၈	ထိုပရိတ္တာဘာမြဟ္မာ, အပ္ပမာဏာဘာ- မြဟ္မာ,	ထိုပရိတ္တသုဘာမြဟ္မာ, အပ္ပမာဏသုဘာမြဟ္မာ,
၃၃၄	ခေါင်းစီး	[၁-မဟာ	[၃-မဟာ
၃၃၆	။	[၂-မဟာ	[၃-မဟာ
၃၃၆	၃၄	ကြွယ်သော	ကြွယ်ဝသော
၃၄၁	၃၁	သန္တာရံ	သန္တာရံ
၃၅၅	၂၂	ဝုမ္မိယေဝတိ	ဝုမ္မိယေဝါတိ
၃၅၆	၃၂	မဟာကဿ	မဟာကဿပ
၃၅၈	ခေါင်းစီး	[၁-မဟာ	[၃-မဟာ

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၃၆၀	ခေါင်းစီး	[၂-မဟာ	[၃-မဟာ
၃၆၂	၁၁	တေဘိ–ကွ။	တေ-ဘိကွ။
။	၂၁	အံသဗန္ဓက	အုံသဗဒ္ဓက
၃၆၄	၂၆	ကာရဇကာယဂေလညေန	ကရဇကာယဂေဏညေန
၃၆၆	၂၂	ဟောဇနာ၏	ယောဇနာ၏
၃၇၀	၃၅	မနဘိကတွာ	မနသိကတွာ
၃၇၃	၂၃	ဥပေက္ခာသမ္မောဠှာင်္ဂ	ဥပေက္ခာသမ္မောဠှာင်္ဂ
၃၇၇	၂၅	အဝိဘတ္တံ	အပ္ပဋိဝိဘတ္တံ
။	၂၅-၂၇	ဘုဥ္စတိ	ဘုဉ္စတိ
၃၈၀	၃၁	ဟိ–သွာ	ဟိ-ယသွာ
၃၈၂	ခေါင်းစီး	[၁-မဟာ	[၃-မဟာ
၃၈၄	၃၅	တုယှ	တုယှံ
၃၈၆	၁၇	ပရိဘုဥ္စထ	ပရိဘုဉ္စထ
။	၃၆	ပရိဘုဥ္ဇိဿတိ	ပရိဘုဉ္ဇိဿတိ
၃၈၇	၂၇	မဋ္ဌော၊	မဋ္ဌော၊ဠ္ဌ။
၃၉၅	ခေါင်းစီး	ဒုဿီလအာနဒီဝဝဏ္ဏနာ	ဒုဿီလအာဒီနဝဝဏ္ဏနာ
။	၂၁	ရေခြစ်လျက်	ရေးခြစ်လျက်
၃၉၆	၂၄	သမ္မုဋ္ဌောကလံကရောတီတိ	သမ္မုဋ္ဌောကာလံကရောတီတိ
၃၉၇	၃	တည့်ပတ်လုံး	နေ့ညဉ့်ပတ်လုံး
။	၂၇	၁၅၂	၁၅၃
၄၀၄	၁၂	တပေတွာ	ထပေတွာ
၄၀၆	ခေါင်းစီး	[၁-မဟာ	[၃-မဟာ
၄၀၇	၃၀	နည်းသည်	နည်း
၄၀၈	ခေါင်းစီး	[၂-မဟာ	[၃-မဟာ
၄၁၀	၂၇	နိရိယာ	နိရယာ
၄၁၄	၁	ဟောတိ၊	ဟောတိ၊၏။
၄၁၈	၁၈	ယံ ပရိနိဗ္ဗာပေယျံ	ယံ ပရိနိဗ္ဗာယေယျံ
၄၂၇	၂၅	ဝိသောသေ	ဝိသေသေ
၄၃၀	ခေါင်းစီး	[၁-မဟာ	[၃ မဟာ
၄၃၂	။	[၂-မဟာ	[၃-မဟာ
၄၃၉	၃၅	ပရိဗ္ဗာနေ	ပရိနိဗ္ဗာနေ
၄၄၁	၁၄	ကပ္ပံဝသေသံဝါတိ	ကပ္ပါဝသေသံဝါတိ
၄၄၇	၂၅	အာယုယခ်ါရံ	အာယုသင်္ခါရံ

အမှားအမှန်ပြင်ချက်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၄၄၉	၂၉	ဓာတ	ဓာန်
၄၅၂	၃၄	ဉာတိ၊	ဉာတိ၊သို့။
၄၀၀	၁၀	အာဘာနိ	အာဂတာနိ
။	၁၃	ဆင္ဓေ့တမ္ဗောနိ	ဆင္ဓေ့တမ္ဗာနိ
။	၂၃	အကြောင်းတို့သည်လည်း	အကြောင်းတို့လည်း
၄၀၂	၂၅	ပုင္ဆေနဝ	ပုင္ဆေန
၄၀၄	၂၃	ချက်ပြုတ်	ချက်ပြုတ်ဖုတ်
၄၉၅	ဂ	ဒိဋ္ဌမင်္ဂိက	ဒိဋ္ဌမင်္ဂိက
၅၀၆	၁၀	ဒူဝန်းကို	ဒူးဝန်းကို
။	၂၄	အိမ်ခြင်းကို	အိမ်ခြင်းသို့
၅၀၇	၆	ဉာသိ-အယံ	ဉာတိ-အယံ
၅၂၂	ဂ	မြတ်စွာဘုရားသည်	မြတ်စွာဘုရား
၅၃၇	၂၀	ခတ္တိဇာတိကာ	ခတ္တိယဇာတိကာ
၅၅၂	၂	ဓမ္မသင်္ဂဟကထ္ထေရပေတိ	ဓမ္မသင်္ဂါဟကထ္ထေရပေတိ
၅၆၀	၂၀	စတုတ္ထဇ္ဈာနံ	စတုတ္ထဇ္ဈာနံ
၅၇၄	၂၃	မနသာဝဝတ္တာပိတ,	မနသာဝဝတ္တပိတ,
၅၀၀	၂၇	အနက်တို့၏သာဖြစ်၏	အနက်တို့၌သာဖြစ်၏
၅၉၁	၃၄	ဓွယ်တော်တို့သည် လည်းကောင်း	ဓွယ်တော်တို့လည်းကောင်း
၅၉၇	၁၂	တပေတွာ	ထပေတွာ
၆၀၂	၃	ပင့်ဆောင်ကြရ	ပင့်ဆောင်ကြရသည်
၆၁၄	၁၁	မပျောက်ပျက်ကုန်သကည်း	မပျောက်ပျက်စေကုန်သတည်း။
။	၁၉	ဆိန္နာပေတိ	ဆိန္နာပေသိ
၆၁၇	၃၂	မိမိကိုယ်	မိမိကိုယ်ကို

သုတ်မဟာဝါ အဋ္ဌကထာ နိဿယ

ပဏာမာဒိပရိစ္ဆေဒ

၁။ ယော ဘာသိတွာန သဒ္ဓမ္မံ၊ ဂမ္ဘီရံ ဒုန္နယံ ဝရံ။
ဒီဃဒဿီ စိရကာလံ၊ ပတိဋ္ဌာပေသိ သာရကံ။ ။

၂။ ဝေနေယျဇ္ဈာသယေ ဆေကံ၊ မဟာဒယံ မဟာမတိံ။
နမာမိ တံ သသဒ္ဓမ္မံ၊ သံဃံ ဂါရဝဘာဇနံ။ ။

၃။ သုဋ္ဌု သဒ္ဓမ္မပါလကေ၊ မာမကဝတအာလယေ။
သဗ္ဗေ အာစရိယေ သာရ၊ ဝန္ဒေ အာစရိယေ သရံ။ ။

၄။ ပေါရာဏေဟိ သမာရဒ္ဓါ၊ ဒီဃာဂမဝရဿ ယေ။
သံသောဘဏာ သာရတောသာ၊ ထောမိတာ သာရဝဏ္ဏနာ။ ။

၅။ သံခေပတ္တာ စ သောတူဟိ၊ သမ္မာ ဉာတုံ သုဒုက္ကရာ။
တသ္မာ သဗြဟ္မစာရီနံ၊ ယာစနံ သမနုဿရံ။ ။

၆။ နိဿယံ အာရဘိဿာမိ၊ သာဓိပ္ပါယမဟာပယံ။
အတ္ထံ နယုပနိဿာယ၊ အညတ္ထာပိ ယထာဗလံ။ ။

၇။ စက္ကာဘိဝုဍ္ဎိကာမာနံ၊ ဓီရာနံ စိတ္တတောသနံ။
သောတုသံတောသနံနာမ၊ တံ သုဏာထ သမာဟိတာတိ။ ။

၁။ ဒီဃဒဿီ၊ ကာလမြင့်တည် ကောင်းကြောင်းရည်၍ အရှည်ကိုမြင်ခြင်း အလေ့ရှိတော်မူသော။ ယော ဘဂဝါ၊အကြင်ကိလေသာနက်ကြွတ် သဘက်ယုတ်ကို ဖျက်ဖြုတ်ချိုးဖွဲ့ ဖျက်ဆီးတော်မူသော မြတ်စွာဘုရားသည်။ ဂမ္ဘီရံ၊ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓ အားဖြင့် နက်နဲသော။ ဒုန္နယံ၊ သိခြင်းငှါ ခဲယဥ်းသော။ ဝရံ၊ တောင့်တအပ်

မြတ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ တရားတော်ကို။ဘာသိတ္ဗာန၊လေးဆယ့်ငါးဝါ မြင့်ရှည်ကြာအောင် ကောင်းစွာဟော တော်မူပြီး၍။ သာဓုကံ၊ ကောင်းသောသာသနာတော်ကို။ စိရကာလံ၊ ငါးထောင် သာသနာ မြင့်ရှည်ကြာအောင်သော ကာလပတ်လုံး။သာဓုကံ၊ ကောင်းစွာ။ [တန္တ နည်း,သိလေသနည်းဖြစ်၍ နှစ်ထပ်ပေးသည်။]ပတိဋ္ဌာပေသိ၊ ကောင်းကျိုးများထွေ ရကြလေအောင် တည်စေတော်မူခဲ့ပေပြီ။

၂။ ဝေနေယျဇ္ဈာသယေ၊ဆုံးမထိုက်စွာသတ္တဝါ၏ နှစ်ဖြာယုတ်,မြတ် အလိုအဇ္ဈာ သယခေတ်၌။ ဆေကံ၊ပြိုင်ဘက်မပေါ် လိမ်မာတော်မူသော။မဟာဒယံ၊ကြီးကျယ်များ မြတ် ပူဇော်အပ်သော အသာခရဏကရုဏာရှိတော်မူသော။ မဟာမတိံ၊ကြီးကျယ် များမြတ်ပူဇော်အပ်သောအရဟတ္တမဂ္ဂပညာ,သဗ္ဗညုတပညာရှိတော်မူသော။သသဒ္ဓမ္မ- သံဃံ၊ ဆယ်ပါးသောသူတော်ကောင်းတို့၏ တရား,ရှစ်ပါးသော အရိယာသံဃာနှင့် တကွဖြစ်တော်မူသော။ဂါရဝဘာဇနံ၊အလေးပြုတတ်သောပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အလေးပြုခြင်းကိရိယာ၏ တည်ရာဖြစ်တော်မူသော။ ဝါ၊ အလေးပြုအပ်သောပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သီလ,သမာဓိ,မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်တို့၏ တည်ရာ ဖြစ်တော်မူသော။တံ ဘဂဝန္တံ၊ထိုကိလေသာနက်ကြွတ်သဘက်ယုတ်ကို ဖျက်ဖြုတ်ချိုး ဖွဲ့ ဖျက်ဆီးတော်မူတတ်သောမြတ်စွာဘုရားကို။ နမာမိ၊ဘယ, လာဘ သမ္မောဟနှင့် ကုလ,အာစာ မိစ္ဆာကျင့်ရိုး မမြော်ကိုးဘဲ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ [ပုဗ္ဗကာလ ကိရိယာပြင်ယူ။]

၃။ သုဋ္ဌု၊ ကောင်းစွာ။ သဒ္ဓမ္မပါလကမာမကဝတအာလယေ၊ သူတော်ကောင်း တရားကိုစောင့်တတ်, သူတော်ကောင်းတရားကိုမြတ်နိုးတတ်,စာရိတ္တသီလ, ဝါရိတ္တ သီလ တည်းဟူသော အကျင့်တို့၏ တည်ရာဖြစ်ကုန်သော။ သဗ္ဗေ၊အလုံးစုံကုန်သော။ အာစရိယေ၊ ကျေးဇူးရှင်ဥပဇ္ဈာယ် ရေစကြိုဆရာတော်ဘုရားကြီး အမှူးရှိကုန်သော ဆရာအပေါင်းတို့ကို။အာစရိယေ၊ ဆရာသခင် ကျေးဇူးရှင်တို့၏ မျှားဖြင်ချိုးကျူး ဂုဏ် ကျေးဇူးအပေါင်းတို့ကို။ [ဂုဏနောက်ပုဒ်ကြေ။] သရံ၊အောက်မေ့မိသည်။ဝါ၊ အမှတ် ရမိသည်။ ဟုတွာ၊ဖြစ်၍။ သာဓု၊ မြိမြီတင်းကြပ် လေးမြတ်ရိုသေစွာ။ဝန္ဒေ၊ အမြတ်တနိုး ရည်ရွယ်ကိုး၍ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

၄။ ပေါရာဏေဟိ၊ ရှေးဆရာကြီးတို့သည်။ သမာရဒ္ဓါ၊ ကောင်းစွာအားထုတ်အပ် ကုန်ပြီးသော။သံသောဘဏာ၊လွန်စွာတင့်တယ်ကုန်သော။သာဓုတောသာ၊ သူတော် ကောင်းဟို့ကို ကောင်းစွာနှစ်သက်စေတတ်ကုန်သော။ ထောမိတာ၊ သူတော်ကောင်း တို့သည် ကောင်းစွာချီးမွမ်းအပ်ကုန်သော။ သာဓုပတ္ထနာ၊ သူတော်ကောင်းတို့သည် ကောင်းစွာတောင့်တအပ်ကုန်သော။ ဒီဃာဂမဝရဿ၊လောကီ,လောကုတ္တရာ နှစ်ဖြာ သော အကျိုးတို့၏ လာရာလာကြောင်းဖြစ်၍ ကောင်းမြတ်သော ဒီဃနိကာယ် အဋ္ဌ ကထာ၏။ယေ နိဿယာ၊အကြင်နိဿယဟောင်းတို့သည်။ သန္တိ၊ရှိကြပါပေကုန်၏။

၅။ စ၊ထိုသို့ပင်ရှိကြပါကုန်သော်လည်း။တေသံနိဿယာနံ၊ထိုနိဿယဟောင်းတို့၏။သံခေပတ္တာ စ၊ကျဉ်းကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း။ပေါရာဏကတ္တာ စ၊ ဟောင်းကျကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ [စသဒ္ဒါဖြင့်ပေါရာဏကတ္တာဟိတ်ကိုယူ၊ စသဒ္ဒါကိုလည်း အရုစ်သံသူစန တနက်, အဝုတ္တသမ္ပိဏ္ဍန တနက် နှစ်ချက်သင့်ကြီ။] တေ နိဿယာ၊ ထိုနိဿယဟောင်းတို့ကို။ [နိယမထည့်။] သောတူဟိ၊ စာသင်နုနယ် များသူငယ်တို့သည်။ သမ္မာ၊ မဘောက်မပြန် ဟုတ်မှန်စွာ။ ဉာတုံ၊ သိခြင်းငှါ။ ယသ္မာ၊ အကြင့်ကြောင့်။ သုဒုက္ကရာ၊ အလွန်ပင်ခဲယဉ်းလှကုန်၏။ တသ္မာ၊ ထိုသို့ခဲယဉ်းကုန်သည်၏အဖြစ်ကြောင့်။ အဟံ၊ ငါသည်။ သမြဟ္မစာရီနံ၊ သီတင်းသုံးဘော်တို့၏။ ယာစနံ၊ ရဟန်းလေးဝါ ရစဉ်ခါက ညီညာဖြဖြ တောင်းပန်ကြခြင်းကို။ သမနုဿရံ၊ သာသနာတည်ရေး အရှည်တွေး၍ တနွေးနွေးအောက်မေ့မိသည်။ ဟုတ္တွာ၊ ဖြစ်၍။

၆။ သာမိပ္ပါယံ၊ အမိပ္ပါယ်နှင့်တကွဖြစ်သော။ ဝါ၊ အလိုရှိအပ်သော သဒ္ဒါအဆုံးအဖြတ်,အနက် အဆုံးအဖြတ်နှင့်တကွဖြစ်သော။ အတ္ထံ၊ အနက်ကို။အဟာပယံ၊မယုတ်မလျော့စေရဘဲ။ ဒီဃာဂမဝရဿ၊ လောကီ,လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့၏ လာရာလာကြောင်းဖြစ်၍ ကောင်းမြတ်သော ဒီဃနိကာယ်အဋ္ဌကထာ၏။ [လိုက်ခဲ့။] နိဿယံ၊ နိဿယကို။ ဝါ၊ စာသင်များမြတ် ပရိသတ်တို့ မှီအပ်သောကျမ်းသစ်ကို။ နယံစ၊ ဆရာ့ထံမှောက် ဆည်းကပ်ရောက်၍ မဘောက်မပြန် ကေန်ဆည်းပူး နည်းအထူးကိုလည်းကောင်း။ အညဉ္ဇာပိ၊ တပါးတခြား ကျမ်းစာများမှ မှတ်သားစုဆောင်း နည်းအပေါင်းကိုလည်းကောင်း။ ဥပနိဿာယ၊ အားကိုးတခု အမှီပြု၍။ ယထာဗလံ၊ အကြင်အကြင် ဉာဏ်စွမ်းသတ္တိအတိုင်း။ ဝါ၊ဉာဏ်စွမ်းသတ္တိအားလျော်စွာ။ ဝါ၊ ဉာဏ်စွမ်းသတ္တိရှိသလောက်။ အာရဘိဿာမိ၊ မမှားမလစ် တရားချစ်လျက် အားသစ်ကြိုးကုတ်ပေအံ့။

၇။ စက္ကာဘိဝုမိုကာမာနံ၊ သာသနာတော်စက်၏ ကြီးပွါးခြင်းကို အလိုရှိကြကုန်သော။ မီရာနံ၊ ပညာရှိသောပုဂ္ဂိုလ်တို့၏။စိတ္တတောသနံ၊စိတ်ကိုနှစ်သက်စေတတ်သော။သောတုသံတောသနံနာမ၊ စာသင်အပေါင်း သူဟော်ကောင်းကို နှစ်ထောင်းအားရစေတတ်သည်၏အဖြစ်ကြောင့်သောတုသံတောသနအမည်ရှိသော၊တံ နိဿ-ယံ၊ ထိုဒီဃနိကာယ်အဋ္ဌကထာ နိဿယသစ်ကို။ သာဓဝေါ၊မိမိ,သူတပါး နှစ်ဦးသား၏ စီးပွါးချမ်းသာ အဖြာဖြာကို ကောင်းစွာပြီးစေတတ်သည်၏အဖြစ်ကြောင့်သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ စာချ,စာပြင် စာသင်စုပေါင်း သင်သူတော်ကောင်းအပေါင်းတို့သည်။ သမာဟိတာ၊ သမာဓိဖြင့် ကောင်းစွာအာရုံ၌ ထားအပ်ပြီးသောစိတ်ရှိကြကုန်သည်။ ဟုတ္တွာ၊ ဖြစ်ကုန်၍။ သုဏာထ၊ အမှားမလိုက် တရားပိုက်လျက် နားစိုက်ကြကုန်လော့။ဣတိ၊ ဤကား ပဏာမ,ပဋိညာဉ် ဥယျောဇဉ်နှင့် များဖြင်ကရ-ဏာပ္ပကာ အဖြာဖြာကို ဆိုရာစကားရပ် အပြီးသတ်တည်း။

ပဏ္ဏာမာဒိပရိစ္ဆေဒပြီး၏။

ပဏာမနှင့်ပတ္ထနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ ဒီပင်္ကရဿ၊ ဒီပင်္ကရာအမည်ရှိတော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကာ၊ အထံတော်မှ။ တွံ၊ သင်ရသေ့ကြီးသည်။ ဓုဝံ၊ စင်စစ်ကေန် အမှန်မချွတ်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ နိယတဗျာကရဏလဒ္ဓံ၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ ပိလန္ဓိတွာန၊ ပန်ဆင်တော်မူခဲ့၍။ သုမေဓတ္တဘာဝတော၊ သုမေဓာရှင်ရသေ့၏အတ္တဘောမှ။ ပဘုတိ၊ စ၍။ ယာဝ ဝေဿန္တရတ္တဘာဝါ၊ ဝေဿန္တရာမင်း၏ အတ္တဘောတိုင်အောင်။ အနေကေသု၊ များစွာကုန်သော။ အသင်္ချေယျေသု၊ မရေတွက်အပ်မရေတွက်နိုင်ကုန်သော။ အတ္တဘာဝေသု၊ အတ္တဘောတို့၌။ သမတိံသပါရမိယော၊ အယုတ်,အလတ် အမြတ်အားဖြင့် အမျှသုံးဆယ်သောပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူ၍။ အန္တိမတ္တဘာဝေ၊ နောက်ဆုံးဖြစ်သော သိဒ္ဓတ္ထမင်း၏ အတ္တဘော၌။ ဧကူနတိံသဝဿဝယေ၊ နှစ်ဆယ့်ကိုးနှစ်အရွယ်၌။ နိက္ခမိတွာ၊ တောထွက်တော်မူပြီး၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ဒုက္ကရစရိယံ၊ ဒုက္ကရစရိယကို။ ဝါ၊ ပြုနိုင်ခဲသောအကျင့်ကို။ ဝါ၊ ကျင့်နိုင်ခဲသောအကျင့်ကို။ ဝါ၊ ဆင်းရဲသဖြင့် ကျင့်အပ်သောအကျင့်ကို။ စရိတွာ၊ ကျင့်တော်မူပြီး၍။

ပဉ္စတိံသဝဿဝယေ၊ သုံးဆယ့်ငါးနှစ်အရွယ်၌။ ဝိသာခပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌။ သူရိယေ၊ နေသည်။ အနတ္ထင်္ဂတေယေဝ၊ မဝင်မီသာလျှင်။ ဝါ၊ နောက်ရပ်သီခေါင် နေဝင်တောင်သို့ မရောက်မီသာလျှင်။ ဒေဝပုတ္တမာရံ၊ ဒေဝပုတ္တမာရ်ကို။ ဇိနိတွာ၊ အောင်တော်မူပြီး၍။ ရတ္တိယာ၊ ညဉ့်၏။ ဝါ၊ ညဉ့်တွင်။ ပဌမယာမေ၊ပဌမယာမ်၌။ ဝါ၊ ညဉ့်ဦးယာမ်၌။ ပုဗ္ဗေနိဝါသက္ခန္ဓပဋိစ္ဆာဒကံ၊ ရှေးဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသောဥခွံကို။ ပုဗ္ဗေနိဝါသာနုဿတိဉာဏမုခတုဏ္ဍကေန၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ဖေါက်ခွဲတော်မူ၍။ ဝါ၊ ပေါက်ခွဲတော်မူ၍။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ဝါ၊သန်းခေါင်ယာမ်၌။ စုတူပပါတပဋိစ္ဆာဒကံ၊ စုတိ,ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသောဥခွံကို။ စုတူပပါတဉာဏမုခတုဏ္ဍကေန၊ စုတိ,ပဋိသန္ဓေကိုသိတတ်သော ဒိဗ္ဗစက္ခုဉာဏ် တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ဖေါက်ခွဲတော်မူ၍။ ဝါ၊ ပေါက်ခွဲတော်မူ၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်၌။ ဝါ၊ မိုးသောက်ယာမ်၌။ ဝါ၊ လင်းအားကြီးယာမ်၌။ စတုသစ္စပဋိစ္ဆာဒကံ၊ လေးပါးသောသစ္စာကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသောဥခွံကို။ အာသဝက္ခယဉာဏမုခတုဏ္ဍကေန၊ အာသဝက္ခယဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ဝါ၊ အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ဖေါက်ခွဲတော်မူ၍။ ဝါ၊ ပေါက်ခွဲတော်မူ၍။

သဗ္ဗကိလေသေ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော ကိလေသာတို့ကို။ ဘဥ္ဇိတွာ၊ ချိုးဖဲ့ဖျက်ဆီးတော်မူ၍။ အနုတ္တရံ၊ မိမိကိုလွန်သော တရားမရှိသော။ ဝါ၊ မိမိထက်မြတ်သော တရားမရှိသော။ ဝါ၊ အတုမရှိမြတ်သော။ သမ္မာသမ္ဗောဓိံ၊ မဖေါက်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူပြီးသည်။ ဟုတွာ၊ ဖြစ်၍။ ရာဇာတိရာဇာ၊ မင်းအပေါင်းတို့ထက်မြတ်သော မင်းမြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ ဒေဝါတိဒေဝေါ၊ နတ်အပေါင်းတို့ထက်မြတ်သော နတ်မြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ သက္ကာတိသက္ကော၊ သိကြားအပေါင်းတို့ထက်မြတ်သော သိကြားမြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ ဗြဟ္မာတိဗြဟ္မာ၊ ဗြဟ္မာအပေါင်းတို့ထက်မြတ်သော ဗြဟ္မာမြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ အနာဝရဏဉာဏော၊ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောင့်အရှက်မရှိသောသဗ္ဗညုတဉာဏ်ရှိတော်မူသည်။မဟာဝဇိရဉာဏော၊ကြီးကျယ်များမြတ် ပူဇော်အပ်သော စိန်တုံးနှင့်တူသော မဟာဝိပဿနာဉာဏ် ရှိတော်မူသည်။ ဝါ၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော စိန်တုံးနှင့်တူသော အရဟတ္တမဂ်ဉာဏ် ရှိတော်မူသည်။ ဒသဗလဓရော၊ ဆယ်ပါးသော ကာယဗလ, ဆယ်ပါးသော ဉာဏဗလကို ဆောင်တော်မူသည်။ ဟုတွာ၊ ဖြစ်၍။ ပဥ္စစတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ပတ်လုံး။ အရဟတ္တဖလသေတစ္ဆတ္တံ၊ အရဟတ္တဖိုလ် တည်းဟူသော ထီးဖြူတော်ကို။ ဓာရယိတွာ၊ ဆောင်းမိုးတော်မူပြီး၍။ ဓမ္မဝိဇယဘေရိံ၊ တရားတည်းဟူသော အောင်စည်ကို။ ပဟရိတွာ၊ ကောင်းကင်မြေကြီး ၀ဲ့တင်ဟည်းအောင် ရိုက်တီးဆော်ရွမ်းတော်မူပြီး၍။ ဓမ္မဝိဇယသင်္ခံ၊ တရားတည်းဟူသောအောင်ပွဲသင်္ခကို။ ပသာရေသိ၊ ခင်းကျင်းတော်မူလေပြီ။ ဝါ၊ ကျင်းပတော်မူလေပြီ၊

အရဟတော၊ ပုညာပုည အာနေဥ္ဇဟု သုံးဝစနက် ကန့်အကွက်ကို ပယ်ဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုမ်သင် ရှင်းလင်းတော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ့်ချည်းသာလျှင် ကောင်းစွာသိမြင်တော်မူပြီးသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ဝါ၊ညွှတ်ယိမ်းကိုင်းရှိုင်းခြင်းသည်။ ဝါ၊ ခြေ,လက်,နဖူး တတောင်,ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် ရှိခိုးခြင်းသည်၊ အတ္ထု၊ဖြစ်ပါ၏။ ဇုမိနာ ဗုဒ္ဓပဏာမေန၊ ဤဗုဒ္ဓပဏာမဖြင့်။ ဝါ၊ ဤဗုဒ္ဓပဏာမကြောင့်။ ဝါ၊ ဤမြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော စေတနာဖြင့်။ ဝါ၊ ဤမြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော စေတနာကြောင့်။ မေ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်၏။ ဝါ၊ အကျွန်ုပ်သည်။ ယထိစ္ဆိတစ္ဆော၊ အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်။ ယထာဇ္ဈာသယံ၊ အကြင် အကြင် အလိုအတိုင်း။ ဝါ၊ အလိုအားလျော်စွာ။ သမိဇ္ဈတု၊ ပြီးပြည့်စုံပါစေသတည်း။ ဝါ၊ ပြီးပြည့်စုံပါစေသောဝ်။ ဝါ၊ ပြီးပြည့်စုံပါစေခလို။

. ပဏာမ နှင့် ပဋ္ဌနာပြီး၏။

၁- မဟာပဒါနသုတ်

ပုဗ္ဗေနိဝါသပဋိသံယုတ္တကထာ

၁။ ဧဝံ မေ သုတံ။ပ။ကရေရိကုဋိကာယန္တိ ဣဒံသုတ္တံ၊ ဧဝံ မေ သုတံ။ ပ။ကရေရိကုဋိကာယံဟူသော ဤသုတ်သည်။ ဝါ၊ ဧဝံ မေ သုတံ" ပ။ ကရေရိကုဋိကာယံ ဤသို့ အစရှိသော ဤသုတ်သည်။ ဝါ၊ ဧဝံ မေ သုတံ"ပ။ကရေရိကုဋိကာယံ ဟူသောအတူ ရှိသော ဤသုတ်သည်။ဝါ၊ဧဝံ မေ သုတံ။ပ။ကရေရိကုဋိကာယံဟူသော အပြားရှိသော ဤသုတ်သည်။ဝါ၊ ဧဝံ မေ သုတံ။ပ။ကရေရိကုဋိကာယံဟူသောအစိတ်ရှိသော ဤသုတ် သည်။ ဝါ၊ ဧဝံ မေ သုတံ။ပ။ ကရေရိကုဋိကာယံ ဟူသော အပိုင်းအခြား ရှိသော ဤသုတ်သည်။ မဟာပဒါနသုတ္တံ၊ မဟာပဒါနသုတ်မည်၏။

တနည်း။ ။ဧဝံ မေ သုတံ။ပ။ကရေရိကုဋိကာယန္တိ အာဒိနာ၊ ဧဝံ မေ သုတံ၊ပ။ ကရေရိကုဋိကာယံ ဤသို့အစရှိသော။ နိဒါနေန၊ နိဒါန်းဖြင့်၊ ပဋိမဏ္ဍိတံ၊ တန်းဆာဆင်အပ်သော။ သုတ္တံ၊ သုတ်သည်။ မဟာပဒါနသုတ္တံ၊ မည်၏။

တနည်း။ ။ဧဝံ မေ သုတံ၊ ပ။ ကရေရိကုဋိကာယန္တိအာဒိနာ၊ဧဝံ မေ သုတံ။ပ။ ကရေရိကုဋိကာယံ ဤသို့အစရှိသော။ နိဒါနေန၊ နိဒါန်းဖြင့်။ ပဋိမဏ္ဍိတံ၊ တန်းဆာဆင်အပ်သော။ ယံ သုတ္တံ၊ အကြင်သုတ်သည်။ အတ္ထိ၊ ရှိ၏။ တံ သုတ္တံ၊ထိုသုတ်သည်။ မဟာပဒါနသုတ္တံ၊ မည်၏။

တနည်း။ ။ဧဝံ မေ သုတံ။ပ။ကရေရိကုဋိကာယန္တိအာဒိနာ၊ သော။ နိဒါနေန၊ နိဒါန်းဖြင့်။ လောကနာထေ၊လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အားထားခိုကိုးရာ အစစ် ဖြစ်ကြီးဖြစ်တော်မူသော။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကပဝတ္တနံ၊ တရားတည်းဟူသော စကြာရတနာကို လည်စေခြင်းကိစ္စကို။ ဝါ၊ တရားတည်း ဟူသောစကြာရတနာကို။လည်စေရာအခါကို၊ အာဒိံ ကတွာ၊အစပြု၍။ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ၊ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမခြင်းကိစ္စတိုင်အောင်။ ဝါ၊ သုဘဒ္ဒပရိဗိုဇ်ကိုဆုံးမရာအခါတိုင်အောင်။ ကတဗုဒ္ဓကိစ္စေ၊ ပြုအပ်ပြီးသော မြတ်စွာဘုရား တို့၏ကိစ္စရှိတော်မူသည်ဖြစ်၍။ ကုသိနာရာယံ၊ ကုသိနာရ အမည်ရှိသောမြို့၏အနီး၌။ မလ္လာနံ၊ မလ္လာမင်းတို့၏။ ဥပဝတ္တနေ၊ ဥယျာဉ်မှအရှေ့ စဉ်းငယ်ကွေ့၍ မြောက်သို့ သွားရာသွားကြောင်းဖြစ်သော။ ဝါ၊ ဝေးနီးရပ်သား မိတ်ဆွေများကို စကားနှုတ်ခွန်း ဆက်သညွှန်း၍ အလွမ်းဖြေကာ ပြန်လည်ရာဖြစ်သော။ သာလဝနေ၊ အင်ကြင်း ဥယျာဉ်တော်၌၊ ယမကသာလာနံ၊ အစုံအစုံသော အင်ကြင်းပင်ပျိုတို့၏။ အန္တရေ၊ အလယ်စပ်ကြား၌။ ဝိသာခပုဏ္ဏမဒိဝသေ၊ ဝိသာခါနက္ခတ်နှင့်ယှဉ်သော ကဆုန် လပြည့် အင်္ဂါနေ့၌။ ပစ္စူသသမယေ၊ အမိုက်ကိုဖျောက် အလင်းရောက်သည့် မိုး သောက်ခါနီး လင်းအားကြီးအချိန်၌။ အနုပါဒိသေသာယ၊ ကံ, ကိလေသာတို့သည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ဝိပါက်, ကဋတ္တာရုပ်ဟူသော အကြွင်းအကျန်

မရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်၊ ဝါ၊ ငြိမ်းအေးခြင်း သဘောဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူပြီးသည်ရှိသော်။ သုဘဒ္ဒေန၊ သုဘဒ္ဒ အမည်ရှိသော။ ဝုဍ္ဎပဗ္ဗဇိတေန၊ သက်ကြီး၊ယိုယွင်း အိုမင်းရာအခါ၌ ရဟန်းပြုသော တောထွက်ရဟန်းကြီးသည်။ ဝုတ္တံ၊ ပြောဆိုအပ်သော။ သာသနပဟာရဝစနံ၊ သာသနာတော်ကို ပုတ်ခတ်ကြောင်းဖြစ်သော စကားကို။ ဓမ္မသံဝေဂဝသေန၊ ဓမ္မသံဝေဂ၏ အစွမ်းအားဖြင့်။ ဝါ၊ ထိတ်လန့်ကြောင်း ဖြစ်သော သဟောတ္တပ္ပဉာဏ်၏ အစွမ်းအားဖြင့်။ အနုဿရန္တေန၊ အဘန်ဘန်အောက်မေ့တော်မူသော။ ဝါ၊ အဘန်ဘန် အမှတ်ရတော်မူသော။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝေဘာရပဗ္ဗတပဿေ၊ ဝေဘာရတောင်နံရံ၌။ သတ္တပဏ္ဏိဂုဟာယံ၊ စရည်းပင်ရှိရာ လိုဏ်ဝ၌။ အဇာတသတ္တုနာ၊ အဇာတသတ်အမည်ရှိသော။ ရညာ၊ မင်းသည်။ ကာရိတေ၊ ဆောက်လုပ်အပ်သော။ မဏ္ဍလမဟာမဏ္ဍပေ၊ မဏ္ဍလာမဟာမဏ္ဍပ်၌။ ထေရာသနေ၊ ထေရ်ကြီးတို့၏ နေရာ၌။ နိသိန္နေန၊ နေတော်မူသော။ သံဃတ္ထေရေန၊ ခုနစ်သိန်းသော သံဃာထေရ်တို့၏ သံဃာထေရ်ဖြစ်တော်မူသော။ အာယသ္မတာ မဟာကဿပတ္ထေရေန၊အသျှင်မဟာကဿပထေရ်သည်။ အာဝုသော အာနန္ဒ၊ငါ့ရှင်အာနန္ဒာ။ ဣဒံ သုတ္တံ၊ ဤမဟာပဒါနသုတ်ကို။ကတ္ထ ကာလေ၊ အဘယ်အခါ၌။ကတ္ထ နဂရေ၊ အဘယ်မြို့၌။ ကံ ပုဂ္ဂလံ၊ အဘယ်ပုဂ္ဂိုလ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကိသ္မိံ ဝတ္ထုသ္မိံ၊ အဘယ်ဝတ္ထုကြောင့်။ ဝါ၊ အဘယ်အကြောင်းကြောင့်။ ဒေသိတံ၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌေန၊ မေးအပ်သော။ ဝါ၊ အမေးခံရသော။ ဓမ္မာသနေ၊ တရားဟောပလ္လင်၌။ ဒန္တခစိတံ၊ဆင်စွယ်တို့ဖြင့်စီအပ်သော။ ဗီဇနိံ၊လေးထောင့်ယပ်ကို။ ဂဟေတွာ၊ကိုင်၍။ နိသိန္နေန၊နေတော်မူသော။ ပဉ္စသု၊ ငါးပါးကုန်သော။ ဌာနေသု၊ ဗဟုဿုတအရာ, ဂတိမန္တအရာ,သတိမန္တအရာ, ဓိတိမန္တအရာ, ဥပဋ္ဌာကအရာတို့၌။ ဧတဒဂ္ဂံ၊ ဧတဒဂ် အရာသို့။ ဝါ၊ ဤရဟန်းသာအမြတ်ဆုံးဟူသော အရာသို့။ အာရောပိတေန၊ တင်တော်မူအပ်သော။ အာယသ္မတာ အာနန္ဒတ္ထေရေန၊အရှင်အာနန္ဒာထေရ်သည်။ ပဋိမဏ္ဍိတံ၊ တန်းဆာဆင်အပ်သော။ ယံ သုတ္တံ၊ အကြင်သုတ်သည်။ အတ္ထိ၊ ရှိ၏။ တံ သုတ္တံ၊ထိုသုတ်သည်။ မဟာပဒါနသုတ္တံ၊ မည်၏။ [ဤနည်းကို မှီး၍ နောက်သုတ်များ၌လည်း ပေးရမည်။]

တဏ္ဍ-တသ္မိံ မဟာပဒါနသုတ္တေ၊ ထိုမဟာပဒါနသုတ်၌။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ အပုဗ္ဗပဒဝဏ္ဏနာ၊ ရှေးမဟုတ်သော ပုဒ်တို့၏အဖွင့်တည်း။ ဝါ၊ အသစ်ဖြစ်သောပုဒ်တို့၏ အဖွင့်တည်း။ ဝါ၊ အသစ်ဖြစ်သောပုဒ်တို့ကို ဖွင့်ရာ ဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာတည်း။ ကရေရိကုဋိကာယန္တိ ဧတ္ထ၊ ၌။ နိဝိဋ္ဌံ၊ တည်သော။ ကရေရီတိ ဧတံ နာမံ၊ ကရေရိဟူသော ဤအမည်သည်၊ ဝရဏရုက္ခဿ၊ ခံတက်ပင်၏။ နာမံ၊အမည်တည်း။ အာစရိယ၊ အရှင်အဋ္ဌကထာဆရာ။ ကရေရိကုဋိကာယန္တိ ဧတ္ထ၊ ၌။ နိဝိဋ္ဌံ၊ တည်သော။ ကရေရီတိ ဧတံ နာမံ၊ကရေရိဟူသော ဤအမည်သည်။ ဝရဏ-ရုက္ခဿ၊ ခံတက်ပင်၏။ နာမံ၊ အမည်သည်။ယဒိ ဟောတိ၊အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ကသ္မာ၊အဘယ့်ကြောင့်။သာ ကုဋိကာ၊ထိုကုဋိကို။ကရေရိကုဋိ-

ကာတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သတဲ့နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေး တည်း။ ဘဒြမုခ၊ ရာ။ ကရေရိကုဋိကာယန္တိဗွေ၊ ၌။ နိဝိဋ္ဌ တည်သော။ ကရေရိတိ- တေံနာမံ၊ သည်။ ဝရုဏရုက္ခဿ၊ ၏။ နာမံ၊ အမည်သည်။ ကိဥ္စာပိဟောတိ၊ အကယ်၍ ကား ဖြစ်ပေ၏။ တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ ကရေရိမဏ္ဍပေါ၊ ကရေရိမဏ္ဍပ်သည်။ ဝါ၊ မဏ္ဍပ်သဏ္ဌာန်ရှိသော ခံတက်ပင်သည်။ တဿာကုဋိကာယ၊ ထိုကုဋိ၏။ဒွါရေ၊ တံခါး၌။ဝါ၊တံခါး၏အနီး၌။ဋ္ဌိတော၊တည်ပြီ။ တသ္မာ၊ ထိုသို့ကရေရိမဏ္ဍပ်၏ ထိုကုဋိ၏တံခါး၏အနီး၌တည်သည်၏အဖြစ်ကြောင့်။ သာကုဋိကာ၊ ထိုကုဋိကို။ ကရေရိကုဋိကာတိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ ဣတိအယံ၊ ဤသည် ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။

ယထာ၊ ဥပမာမည်သည်။ ကောသမ္ဗရုက္ခဿ၊ ကြို့ပင်၏။ ကုဋိကာယ၊ ကုဋိ၏။ ဒွါရေ၊ တံခါး၌။ ဝါ၊ တံခါး၏အနီး၌။ ဋ္ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ သာကုဋိကာ၊ ထိုကုဋိကို။ ကောသမ္ဗကုဋိကာတိ၊ ဟူ၍။ ဝုစ္စတိယထာ၊ ဆိုအပ်သကဲ့သို့။ တထာ၊ထို့အတူ၊ယသ္မာ၊အကြင့်ကြောင့်။ ကရေရိမဏ္ဍပေါ၊ ကရေရိမဏ္ဍပ်သည်။ ဝါ၊ မဏ္ဍပ်သဏ္ဌာန်ရှိသောခံတက်ပင်သည်။ တဿာကုဋိကာယ၊၏။ ဒွါရေ၊ တံခါး၌။ဝါ၊ တံခါး၏အနီး၌။ဋ္ဌိတော၊တည်ပြီ။ တသ္မာ၊ ကြောင့်။ သာကုဋိကာ၊ ကို။ ကရေရိကုဋိကာတိ၊ဟူ၍။ဝုစ္စတိ၊၏။ကိရ၊အလွန်ကျဉ်းဘိ ဂူတ်ရှိ၍ မသိမိပ္ပါ လီနတ္ထာကို ကျယ်စွာ ချဲ့ပိမ့်။အန္တောဇေတဝနေ၊ဇေတဝန်ကျောင်းတော်၏အတွင်း၌၊ကရေရိကုဋိ၊ ကရေရိ ကုဋိလည်းကောင်း။ ကောသမ္ဗကုဋိ၊ လည်းကောင်း။ ဂန္ဓကုဋိ၊ လည်းကောင်း။ သလဠာဂါရံ၊ သလဠကျောင်းတော် လည်းကောင်း။ ဝါ၊ ထင်းရှူးသားတို့ဖြင့် ဆောက် လုပ်အပ်သော ကျောင်းတော်လည်းကောင်း။ ဣတိ၊ သို့။ စတ္တာရိ၊ လေးဆောင် ကုန်သော။ မဟာဂေဟာနိ၊ ကျောင်းတော်ကြီးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧကေကံ၊ တဆောင်တဆောင်သော။ မဟာဂေဟံ' ကျောင်းတော်ကြီးသည်။ သတသဟဿ- ပရိစ္စာဂေန၊ အသိန်းသောအသပြာကို စွန့်သောအားဖြင့်။ နိပ္ဖန္နံ၊ ပြီးပြီ။ စတူသု၊ လေးဆောင်ကုန်သော။ တေသု မဟာဂေဟေသု၊ ထိုကျောင်းတော်ကြီး တို့တွင်။ သလဠာဂါရံ၊ သလဠကျောင်းတော်ကို။ ဝါ၊ ထင်ရှူးသားတို့ဖြင့် ဆောက်လုပ် အပ်သော ကျောင်းတော်ကို။ ပသေနဒိနာ၊ ပသေနဒီအမည်ရှိသော။ ရညာ၊ မင်းသည်။ ကာရိတံ၊ ဆောက်လုပ်စေအပ်ပြီ။ သလဠာဂါရတော၊ သလဠကျောင်း တော်မှ။ သေသာနိ၊ ကြွင်းကျန်ကုန်သော။ မဟာဂေဟာနိ၊ ကျောင်းတော်ကြီးတို့ကို။ အနာထပိဏ္ဍိကေန၊ အနာထပိဏ်သေဋ္ဌေးသည်။ကာရိတာနိ၊ ဆောက်လုပ် စေအပ် ကုန်ပြီ။ ဣတိ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ဘဂဝါ၊ သည်။ အနာထ- ပိဏ္ဍိကေန၊ သော။ ဂဟပတိနာ၊ အိမ်ရှင်သေဋ္ဌေးသည်။ ထမ္ဘာနံ၊ တိုင်တို့၏။ ဥပရိ၊ အထက်၌။ ကာရိတာယ၊ ဆောက်လုပ်စေအပ်သော။ ဒေဝဝိမာနကပ္ပါယ၊ နတ်ဗိမာန်နှင့်တူသော။ ကရေရိကုဋိကာယံ၊ ကရေရိကုဋိ၌။ ဝါ၊ ခံတက်ပင်ရှိရာ၏ အဖြစ်ကြောင့် ကရေရိအမည်ရှိသောကုဋိ၌။ ဝိဟရတိ၊ နေတော်မူ၏။ ပစ္ဆာဘတ္တန္တိ၊ ကား၊၊ ကောသနိကခလုပစ္ဆာဘတ္တိကာနံ၊ ကောသနိကမူတင်,ခလုပစ္ဆာဘတ္တိကမူတင် ရှိကြကုန်သည်ဖြစ်၍။ ဝါ၊ ကောသနိကမူတင်, ခလုပစ္ဆာဘတ္တိက မူတင်ကို

ဆောက်တည် ကြကုန်သည်ဖြစ်၍။ ပါတော၀၊ စောစောက သာလျှင်။ ဘုတ္တာနံ၊
ဆွမ်းစားကြကုန်ပြီးသော။ ဘိက္ခူနံ၊ တို့အား။ ဝါ၊ တို့၏။ အန္တောမဏ္ဍလိကံပိ၊
နေမွန်းမတ်မတ် တည့်ရာကာလ၏ အတွင်းသည်လည်း။ ပစ္ဆာဘတ္တမေဝ၊ ပစ္ဆာဘတ်
မည်သည်သာ။

ပန၊ နိဝတ္တေတဗ္ဗ ပယ်လှန်ချ၍ ဂဟေတဗ္ဗအထူးပြဆိုဦးအံ့။ တနည်း-ပန၊
အဘို့ ··အံ့။ ဝါ၊ အဘ္ဗုဒ္ဓါရမှတပါး အတ္ထုဒ္ဓေသကို ဆိုဦးအံ့။ ဣဓ-ဣမသ္မိံ သုတ္တေ၊
ဤမဟာပဒါနသုတ်၌။ ပကတိဘတ္တဿ၊ ပြကတေ့သော ဆွမ်းစားရာ ကာလ၏။
ပစ္ဆတော၊ နောက်အခါကို။ ပစ္ဆာဘတ္တန္တိ၊ ဟူ၍၊ အဓိပ္ပေတံ၊ ၏။ ပိဏ္ဍပါတ-
ပ္ပဋိက္ကန္တာနန္တိ၊ ကား။ ပိဏ္ဍပါတတော၊ ဆွမ်းစားရာအရပ်မှ။ ပဋိက္ကန္တာနံ၊ ဖဲ့ခဲ့ကြ
ကုန်ပြီးသည်ဖြစ်၍၊ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်း ကိစ္စကို။ နိဋ္ဌာပေတွာ၊ ပြီးဆုံးစေကြ
ကုန်၍။ ဥဋ္ဌိတာနံ၊ ထကြကုန်ပြီးသည်ဖြစ်၍။ သန္နိသိန္နာနံ၊ ကောင်းစွာ နေကြကုန်စဉ်။
သန္နိပတိတာနံ၊ ကောင်းစွာ ကျရောက်ကြကုန်စဉ်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ် လာပြီ။
ဣတိ အယံ၊ သည်ကား။ အတ္ထော၊တည်း။

ကရေရိမဏ္ဍလမာဠေတိ၊ ကား။ တဿေဝ ကရေရိမဏ္ဍပဿ၊ ထိုကရေရိ
မဏ္ဍပ်၏သာလျှင်။ ဝါ၊ ထိုမဏ္ဍပ်သဏ္ဍာန်ရှိသော ခံဟက်ပင်၏သာလျှင်၊ အဝိဒူရေ၊
အနီး၌၊ ကတာယ၊ ဆောက်လုပ်အပ်သော။ နိသီဒနသာလာယ၊ နေရာဖြစ်သော
စရပ်၌၊ သန္နိသိန္နာနံ၊ ကောင်းစွာ နေကြကုန်စဉ်။ သန္နိပတိတာနံ၊ ကောင်းစွာ
ကျရောက်ကြကုန်စဉ်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ် လာပြီ။ ကိရ၊ အဆင့်စကား ကြားသိ
ရဘူးသည်ကား။ ကိရ-ယသ္မာ၊ အကြင့်ကြောင့်။ သော ကရေရိမဏ္ဍပေါ၊ ထိုကရေရိ
မဏ္ဍပ်သည်၊ ဝါ၊ ထိုမဏ္ဍပ်သဏ္ဍာန်ရှိသော ခံတက်ပင်သည်။ ဂန္ဓကုဋိကာယ စ၊
ဂန္ဓကုဋီ၏လည်းကောင်း။ သာလာယစ၊ စရပ်၏လည်းကောင်း။ အန္တရေ၊ အကြား၌။
ဟောတိ။ ၏၊ တသ္မာ၊ ထို့ကြောင့် ကရေရိမဏ္ဍပ်၏ ဂန္ဓကုဋီ,စရပ်၏ အကြား၌ ဖြစ်သည်၏
အဖြစ်ကြောင့်၊ ဂန္ဓကုဋီပိ၊ ကိုလည်းကောင်း။ ကရေရိကုဋီပိ၊ ကိုလည်းကောင်း။
သာလာပိ၊ ကိုလည်းကောင်း။ ကရေရိမဏ္ဍလမာဠောတိ၊ ကရေရိမဏ္ဍလမာဠ
ဟူ၍။ ဝုစ္စတိ၊ ၏၊ ပုဗ္ဗေနိဝါသပ္ပဋိသံယုတ္တာတိ၊ ကား။ ဧကံပိ ဇာတိံ
ဒွေပိ ဇာတိယောတိ'ဟူ၍။ ဧဝံ၊သို့။ ဝိဘတ္တေန၊ ဝေဘန်အပ်သော။ ပုဗ္ဗေနိဝုတ္ထက္ခန္ဓ-
သန္တာနသင်္ခါတေန၊ ရှေးဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်ဟု ဆိုအပ်သော။ ပုဗ္ဗေ-
နိဝါသေန၊ ပုဗ္ဗေနိဝါသနှင့်။ ဝါ၊ ရှေးဘဝ၌ နေအပ်ဘူးသော ခန္ဓာအစဉ်နှင့်။ သဒ္ဓိံ၊
တကွ၊ ယောဇေတွာ၊ ယှဉ်စပ်၍။ပဝတ္တိတာ၊ ဖြစ်စေအပ်သော။ ဝါ၊ပြောဆိုအပ်သော။
ဓမ္မီတိ၊ကား။ ဓမ္မသံယုတ္တာ၊ တရားနှင့်ယှဉ်သော။ ဝါ၊ တရားနှင့်စပ်သော။ ကထာ၊
စကားသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ် လာပြီ။

ဥဒပါဒီတိ၊ ကား။ဒသဗလဿ၊ မြတ်စွာဘုရား၏။ ပုဗ္ဗေနိဝါသဉာဏံ၊ ပုဗ္ဗေနိဝါသ
ဉာဏ်ဟောသည်။ ဝါ၊ ရှေးဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်ကိုသိတတ်သော ဉာဏ်
ဟောသည်။ အဟော အစ္ဆရိယံ၊ သြော်-အံ့ဘွယ်ရှိပါပေစွတကား။ ဝါ၊ အံ့ဘွယ်ရှိပါ
ပေစွ-သြော်။ ပုဗ္ဗေနိဝါသံနာမ၊ ကို။ ဝါ၊ ရှေးဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်မည်

သည်ကို။ ကော၊ အဘယ်ပုဂ္ဂိုလ်တို့သည်။ အနုဿရန္တိ၊ အစဉ်လျှောက်၍ အောက်မေ့နိုင်ကုန်သနည်း။ ကော၊ တို့သည်။ နအနုဿရန္တိ၊ အစဉ်လျှောက်၍မအောက်မေ့နိုင်ကုန်သနည်း။ ဉာတိအယံ၊သည်ကား။ပုစ္ဆာ၊တည်း။တိတ္ထိယာ၊ တိတ္ထိတို့သည်။ အနုဿရန္တိ၊ အစဉ်လျှောက်၍ အောက်မေ့နိုင်ကုန်၏။သာဝကာ စ၊ပကတိသာဝက,မဟာသာဝက, အဂ္ဂသာဝက တို့သည်လည်းကောင်း။ပစ္စေကဗုဒ္ဓါ စ၊ တို့သည်လည်းကောင်း။ဗုဒ္ဓါ စ၊ တို့သည်လည်းကောင်း။ အနုဿရန္တိ၊ ကုန်၏။ ဉာတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ ကတရတိတ္ထိယာ၊ အဘယ်တိတ္ထိတို့သည်။ အနုဿရန္တိ၊ ကုန်သနည်း။ ယေ တိတ္ထိယာ၊ အကြင်တိတ္ထိတို့သည်။ အဂ္ဂပတ္တကမ္မဝါဒိနော၊ အထွဋ်အထိပ်သို့ရောက်သော ကမ္မဝါဒီတို့သည်။ ဝါ၊ အထွဋ်အထိပ်သို့ရောက်သော ကံ, ကံ၏အကျိုးကို ပြောဆိုကြောင်းဖြစ်သော အယူရှိကုန်သည်။ ဝါ၊ ကံ,ကံ၏အကျိုးကို ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်အပေါင်းတို့တွင် အထွဋ်အထိပ်သို့ရောက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေ တိတ္ထိယာ၊ ထိုအဂ္ဂပတ္တကမ္မဝါဒီတိတ္ထိတို့သည်။ အနုဿရန္တိ၊ ကုန်၏။ [နိယမဝါကျ ထည့်၍စပ်။] တေပိတိတ္ထိယာ၊ ထိုအဂ္ဂပတ္တကမ္မဝါဒီတိတ္ထိတို့သည်လည်း။ စတ္တာလီသံယေဝ၊ လေးဆယ်သာလျှင်ဖြစ်သော။ ကပ္ပေ၊ ကပ္ပါတို့ကို။ အနုဿရန္တိ၊ ကုန်၏။ စတ္တာလီသာယ၊ လေးဆယ်သော။ တတောကပ္ပေဟိ၊ ထိုကပ္ပါတို့ထက်။ ပရံ၊ လွန်ကုန်သော။ကပ္ပေ၊ ကပ္ပါတို့ကို။န အနုဿရန္တိ၊ ကုန်။ သာဝကာ၊ မဟာသာဝကတို့သည်။ ကပ္ပသတသဟဿံ၊ ကပ္ပါတို့၏တသိန်းကို။ ဝါ၊ တသိန်းသောကပ္ပါကို။ အနုဿရန္တိ၊ကုန်၏။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာ၊တို့သည်။ အသင်္ချေယျဧကံ၊ အသင်္ချေယျကပ်ကိုလည်းကောင်း။ ဝါ၊ မရေတွက်နိုင်သော ကပ်ကိုလည်းကောင်း။ ကပ္ပသတသဟဿံ စ၊ကပ္ပါတို့၏တသိန်းကိုလည်းကောင်း။ ဝါ၊ တသိန်းသောကပ္ပါကိုလည်းကောင်း။ အနုဿရန္တိ၊ ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ တို့သည်။ ဒွေ၊ ကုန်သော။ အသင်္ချေယျာနိ စ၊ တို့ကိုလည်းကောင်း။ ကပ္ပသတသဟဿံ စ၊ ကိုလည်းကောင်း။ အနုဿရန္တိ၊ ကုန်၏။ ပန၊ အဘို့တပါး…အံ့။ တနည်း-ပန၊စကားသာမန်…အံ့။ ဗုဒ္ဓါနံ၊ တို့အား။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဧတ္တကံ၊ ဤမျှလောက် အတိုင်းအရှည်ရှိသော ကပ္ပါကိုသာ။ အနုဿရန္တိ၊ ကုန်၏။ ဉာတိ၊ သို့။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ယာဝတကံ၊ အကြင်မျှလောက် အတိုင်းအရှည်ရှိသော။ ကပ္ပံ၊ ကို။ အနုဿရိတုံ၊ အစဉ်လျှောက်၍ အောက်မေ့တော်မူခြင်းငှါ။ အာကင်္ခန္တိ၊ အလိုရှိတော်မူကြကုန်၏။ တာဝတကံ၊ ထိုမျှလောက်အတိုင်းအရှည်ရှိသော။ ကပ္ပံ၊ ကို။ အနုဿရန္တိ၊ အစဉ်လျှောက်၍ အောက်မေ့တော်မူနိုင်ကုန်၏။

တိတ္ထိယာ၊ တို့သည်။ ခန္ဓပဋိပါဋိယာ၊ ခန္ဓာအစဉ်အားဖြင့်။ အနုဿရန္တိ၊ အစဉ်လျှောက်၍အောက်မေ့နိုင်ကုန်၏။ပဋိပါဋိံ၊ခန္ဓာအစဉ်ကို။မုဉ္စိတွာ၊လွှတ်ကြကုန်၍။အနုဿရိတုံ၊ငှါ။ န သက္ကောန္တိ၊မစွမ်းနိုင်ကုန်။ပဋိပါဋိယာ၊ ခန္ဓာ အစဉ်အားဖြင့်။အနုဿရန္တာပိ၊ အောက်မေ့ပင် အောက်မေ့ပါကုန်သော်လည်း။ အသညဘဝံ၊ အသညဘဝ သို့။ပတွာ၊ ရောက်ကြကုန်၍။ ဝါ၊ ရောက်ကြကုန်သည်ရှိသော်။ ခန္ဓပ္ပဝတ္တိံ၊ ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ်ဟူသော နာမက္ခန္ဓာတို့၏ဖြစ်ခြင်းကို။န ပဿန္တိ၊ မမြင်ကြကုန်။

* ဇာလေ၊ ပိုက်ကွန်၌။ ပတိတာ၊ ကျကုန်သော။ ကုဏ္ဍာဝိယ စ၊ အစွမ်းသတ္တိ မရှိလုံးလုံးအညွန့်တုံးသော ငှက်အပေါင်း, ငါးအပေါင်းတို့ကဲ့သို့ လည်းကောင်း။ ဝါ၊ အစွမ်းသတ္တိ မရှိလုံးလုံး အညွန့်တုံးသောငှက်အပေါင်း,ငါးအပေါင်းနှင့် တူကုန်သည်လည်းကောင်း။ ကူပေ၊ တွင်း၌။ပတိတာ၊ကျကုန်သော။ပင်္ဂုဠာဝိယ စ၊ တိုသောလက်, ခြေရှိသည်ဖြစ်၍ ခြေနှင့်တူသော ပျဉ်ချပ်ငယ်ဖြင့်သွားရသော ဆွံ့သောပုဂ္ဂိုလ်တို့ကဲ့သို့လည်းကောင်း။ ဝါ၊ တိုသောလက်,ခြေရှိသည်ဖြစ်၍ ခြေနှင့်တူသော ပျဉ်ချပ်ငယ်ဖြင့် သွားရသော ဆွံ့သောပုဂ္ဂိုလ်နှင့်တူကုန်သည်လည်းကောင်း။ ဟောန္တိ၊ ကုန်၏။

တေ တိတ္ထိယာ၊တို့သည်။တတ္ထ-တသ္မိံ အသညဘဝေ၊ ထိုအသညဘဝ၌။ ဌတွာ၊ တည်ကြကုန်၍။ ခန္ဓပ္ပဝတ္တနံ၊ ခန္ဓာတို့၏ဖြစ်ခြင်းသည်။ ဧတ္တကမေဝ၊ ဤမျှလောက်အသညဘဝတိုင်အောင်သော အတိုင်းအရှည်ရှိသည်သာလျှင်။ ဟောတိ၊၏။ဧတော-

---

* **မှတ်ချက်။** [ဤဝါကျဝယ် ဇာလေ ပတိတာ ကုဏ္ဍာ ဝိယ-ဟူသော ပါဠိအရာဝယ် မုဒ္ဒိတ ဒုတိယကျွရာ ဌ-နှင့် ကုဏ္ဍာ-ဟူ၍၎င်း,မုဒ္ဒိတ တတိယကျွရာ ဋ-နှင့် ကုလ္လာ-ဟူ၍၎င်း ပါဠိနှစ်ထွေရှိကြ၏။ ဋီကာ၌လည်း-ကုလ္လာဝိယာတိခန္ဓာဝိယ-ဟူ၍ မုဒ္ဒိတ တတိယကျွရာ ဋ-နှင့်တည်၍ ကဏ္ဍိတ ဒုတိယကျွရာ-ခ,ဒန္တိတ စတုတ္ထကျွရာ ဓ,န-သံယုဂ်နှင့်တွေ့မြင်ရ၏။ ဆုံထားဆရာတော်ရေး သုတ်မဟာဝါဂဏ္ဌိ၌ကား-ဇာလေ၊ ပိုက်၌။ ပတိတာ၊ ကျသော။ သကုလ္လာဝိယ စ၊ ငှက်ကဲ့သို့လည်းကောင်း။ မစ္ဆာဝိယ စ၊ ငါးကဲ့သို့လည်းကောင်း-ဟု ယောဇနာ၏။ဒုတိယ ဗားကရာဆရာတော်ရေး သုတ်မဟာဝါ အဋ္ဌကထာနိဿယ၌ကား-ဇာလေ၊ကွန်၌။ ပတိတာ၊ ကျကုန်သော။ကုလ္လာဝိယစ၊ ငှက်တို့ကဲ့သို့လည်းကောင်း-ဟုယောဇနာ၏၊ ဋီကာပါဠိပျက်သောကြောင့် ပါဠိပျက်, အနက်ပျက်ဟု ထင်မိပေကုန်၏။

မုဒ္ဒိတဒုတိယကျွရာ ဌ-နှင့်ကုဏ္ဍာဝိယ-ရှိသော ပါဠိသာ-ကုဌိ, လုဌိ=အာလဿိယေစ၊ စကာရော ပုဗ္ဗတ္ထေစ၊ကုဏ္ဍတိ၊ကုဏ္ဍော၊လုဏ္ဍတိ၊လုဏ္ဍော ဟူသော ဓာတုမာလာသဒ္ဒနီတိ။ ကုဏ္ဍော မန္ဒော ကိရိယာသုဟိ-ဟူသော သာမညကဏ္ဍ ဝိသေသျာဓိနဝဂ် အဘိဓာန်။ ယော ကိရိယာသု မန္ဒော၊သော ကုဏ္ဍော၊ ကုဏ္ဍ=ပဋိဃာတေ အာလသျေစ၊ အ-ဟူသော ၎င်းအဘိဓာန်ဋီကာတို့နှင့်ညီ၏။စကာရော ပုဗ္ဗတ္ထေ စ-ဟူသော သဒ္ဒနီတိမှာ ပုဗ္ဗတ္ထေအရကို ရှေးဆိုအပ်ပြီးသော သုဋ္ဌဂတိပဋိဃာတေ၊ဂမနပဋိဟနနံ ဂတိပဋိဃာတော-ဟူသော ဂတိပဋိဃာတအနက်ကို ယူရမည်။ သဒ္ဒနီတိပါဠိ,အဘိဓာန်ပါဠိများကိုထောက်သော် ကုဏ္ဍာဝိယာတိမန္ဒာဝိယ-ဟု မုဒ္ဒိတ ဒုတိယကျွရာ ဌ-နှင့် တည်၍ ဩဋ္ဌဇ ပဉ္စမကျွရာ-မ, ဒန္တဇ တတိယကျွရာ ဒ,န- သံယုဂ်နှင့် ဋီကာပါဠိရှိမှ သင့်မြတ်နိုင်မည်။ ဇာလေ ပတိတာဝိယ သကုဏာ မစ္ဆာဝိယစာတိ အဓိပ္ပါယော-ဟူသော အဓိပ္ပါယ်ပြ ရှေးဋီကာပါဠိကိုမှီ၍ ဂဏ္ဌိ,နိဿယတို့၌ ရေးကြဟန်ရှိ၏၊ အနက်အတွက်ကား အပြစ်မဆိုသာပေ၊ ပါဠိကား ပျက်လှ၏။]

အသညဘဝတော၊ မှ။ ပရံ၊ နောက်၌။ ခန္ဓပ္ပဝတ္တနံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ၎င်္ဂ၊ အမိစ္ဆသမုပ္ပန္နိကအယူကို။ ဂဏှန္တိ၊ ယူကြကုန်၏။ ဣတိ၊ သို့။ ဝါ၊ ဖြင့်။ တိတ္ထိယာနံ၊ တို့၏။ ပုဗ္ဗေနိဝါသာနုဿရဏံ၊ ရှေးဘဝ၌ နေအပ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းသည်။ အန္ဓာနံ၊ သူကန်းတို့၏။ ဝါ၊ ကန်းသောသူတို့၏။ ယဋ္ဌိကောဋိဂမနံဝိယ၊ တောင်ဝှေးစွန်းဟူသောအကြောင်းရှိသော သွားခြင်းကဲ့သို့။ ဝါ၊ တောင်ဝှေးစွန်းဟူသောအကြောင်းရှိသောသွားခြင်းနှင့်တူသည်။ ဝါ၊ တောင်ဝှေးစွန်းဖြင့်သွားခြင်း ကဲ့သို့။ ဝါ၊ တောင်ဝှေးစွန်းဖြင့်သွားခြင်းနှင့်တူသည်။ ဟောတိ၊ ၏။ ဟိ၊ အသွန်ကျဉ်းဘိ… ပိမ့်။ အန္ဓာ၊ သူကာဏ်းတို့သည်။ ဝါ၊ ကာဏ်းသောသူတို့သည်။ ယဋ္ဌိကောဋိဂ္ဂါဟကေ၊ တောင်ဝှေးစွန်းကိုဆွဲကိုင်တတ်သောပုဂ္ဂိုလ်သည်။ ဝါ၊ တောင်ဝှေးစွန်းကိုဆွဲကိုင်မည့် ပုဂ္ဂိုလ်သည်။ သတိယေဝ၊ ရှိသော်သာလျှင်။ ဝါ၊ ရှိမှသာလျှင်။ ဂစ္ဆန္တိယထာ၊ သွားနိုင်ကြကုန်သကဲ့သို့။ ယဋ္ဌိကောဋိဂ္ဂါဟကေ၊ သည်။ အသတိ၊ မရှိခဲ့သော်။ တတ္ထေဝ-တသ္မိံ ဧဝ ဌာနေ၊ ထိုဆွဲကိုင်မည့်သူမရှိရာအရပ်၌သာလျှင်။ နိသီဒန္တိ ယထာ၊ နေကြရကုန်သကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်။ တိတ္ထိယာ၊ တို့သည်။ ခန္ဓပ္ပဋိပါဋိယာဝ၊ ခန္ဓာအစဉ်အားဖြင့်သာလျှင်။ အနုဿရိတုံ၊ ငှါ။ သက္ကောန္တိ၊ ကုန်၏။ ပဋိပါဋိံ၊ ခန္ဓာအစဉ်ကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်ကြကုန်၍။ အနုဿရိတုံ၊ ငှါ။ နသက္ကောန္တိ၊ ကုန်။

သာဝကာပိ၊ သာဝကတို့သည်လည်း။ ခန္ဓပ္ပဋိပါဋိယာဝ၊ ခန္ဓာအစဉ်အားဖြင့် သာလျှင်။ အနုဿရန္တိ၊ ကုန်၏။ သာဝကာ၊ တို့သည်။ အသညဘဝံ၊ အသညဘဝသို့။ ပတွာ၊ ရောက်ကြကုန်၍။ ခန္ဓပ္ပဝတ္တိံ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟူသော နာမက္ခန္ဓာတို့၏ဖြစ်ခြင်းကို။ န ပဿန္တိ၊ မမြင်ကြကုန်။ သာဝကာ၊ တို့သည်။ အသညဘဝံ၊ သို့။ ပတွာ၊ ကုန်၍။ ခန္ဓပ္ပဝတ္တိံ၊ ကို။ ကိဉ္စာပိ န ပဿန္တိ၊ အကယ်၍ကား မမြင်ကြပေကုန်။ ဇိဝံသန္တေပိ၊ ဤသို့ပင်မမြင်ပါသော်လည်း။ တေ သာဝကာ၊ တို့သည်။ ဝဋ္ဋေ၊ ဝဋ္ဋ၌။ သံသရဏကသတ္တာနံ၊ ကျင်လည်တတ်ကုန်သော သတ္တဝါတို့အား။ ဝါ၊ တို့၏။ ခန္ဓာနံ၊ တို့၏။ အဘာဝကာလောနာမ၊ မရှိရာအခါမည်သည်။ ဝါ၊ မဖြစ်ရာအခါမည်သည်။ နတ္ထိ၊ ရှိသည်မဟုတ်။ ပန၊ အဟုတ်ကား။ အသညဘဝေ၊ ၌။ ပဉ္စကပ္ပသတာနိ၊ ကပ္ပါငါးရာတို့ပတ်လုံး။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ တတ္တကံ၊ ထိုမျှလောက် ကပ္ပါငါးရာ အတိုင်းအရှည်ရှိသော။ ကာလံ၊ အချိန်အခါကို။ အတိက္ကမိတွာ၊ လွန်ကြကုန်၍။ ဗုဒ္ဓေဟိ၊ တို့သည်။ ဒိန္နနယေ၊ ပေးတော်မူအပ်သောနည်း၌။ ဌတွာ၊ တည်ကြကုန်၍။ ပရတော၊ နောက်၌။ အနုဿရန္တိ၊ ကုန်၏။ သေယျထာပိ၊ မျက်မှောက်မြင်ရ သဘာဝ ဖြင့် ချိန်ဆသိရာ ဥပမာမည်သည်။ အာယသ္မာ သောဘိတော၊ အသျှင် သောဘိတသည်။ တတ္တကံ၊ သော။ ကာလံ၊ ကို။ အတိက္ကမိတွာ၊ ၍။ ဗုဒ္ဓေဟိ၊ တို့သည်။ ဒိန္နနယေ၊ ၌။ ဌတွာ၊ ၍။ ပရတော၊ ၌။ အနုဿရတိယထာ၊ အစဉ်လျှောက်၍ အောက်မေ့သကဲ့သို့။ တထာ၊ တူ။ တတ္တကံ၊ သော။ ကာလံ ကို။ အတိက္ကမိတွာ၊ ကုန်၍။ ဗုဒ္ဓေဟိ၊ တို့သည်။ ဒိန္နနယေ၊ ၌။ ဌတွာ၊ ကုန်၍။ ပရတော၊ ၌။ အနုဿရန္တိ၊ ကုန်၏။ ပန၊ အဘို့တပါး…အံ့။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာ စ၊ အဂ္ဂသာဝကတို့ သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ စုတိပဋိသန္ဓိံ၊ စုတိ,ပဋိသန္ဓေကို။ ဩလောကေတွာ၊ ကြည့်ကြကုန်၍။ အနုဿရန္တိ၊ ကုန်၏။ ဗုဒ္ဓါနံ

တို့အား။ ဝါ၊ တို့၏။ စုတိပ္ပဋိသန္ဓိကိစ္စံ၊ စုတိ,ပဋိသန္ဓေကိုကြည့်ဘွယ်ကိစ္စသည်၊ နတ္ထိ၊ မရှိတော့ပြီ။ ဗုဒ္ဓါ၊တို့သည်။ ယံ ယံ ဌာနံ၊ အကြင်အကြင်အရပ်ကို။ ပဿိတုကာမာ၊ မြင်ခြင်းငှါ အလိုရှိတော်မူကြကုန်သည်။ ဝါ၊ ကြည့်ရှုခြင်းငှါ အလိုရှိတော်မူကြကုန်သည်။ ဟောန္တိ၊ ကုန်၏။တံ တဒေဝ ဌာနံ၊ ထိုထိုမြင်ခြင်းငှါ အလိုရှိအပ်သော အရပ်ကိုသာလျှင်။ ဝါ၊ထိုထိုကြည့်ရှုခြင်းငှါ အလိုရှိအပ်သောအရပ်ကိုသာလျှင်။ပဿန္တိ၊ မြင်တော်မူကြကုန်၏။ ဝါ၊ ကြည့်ရှုတော်မူကြကုန်၏။

စ၊ သည်သာမကသေး။ တိတ္ထိယာ၊ တို့သည်။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရမာနာ၊ အစဉ်လျောက်၍ အောက်မေ့ကြကုန်သည်ရှိသော်။ အတ္တနာ၊ ကိုယ်တိုင်။ ဒိဋ္ဌကတသုတမေဝ၊ မြင်အပ်ဘူးသော ပုဗ္ဗေနိဝါသ, ပြုအပ်ဘူးသော ပုဗ္ဗေနိဝါသ, ကြားအပ်ဘူးသော ပုဗ္ဗေနိဝါသကိုသာလျှင်။ အနုဿရန္တိ၊ကုန်၏။ တထာ၊ တူ။ သာဝကာစ၊ တို့သည်လည်းကောင်း။ပစ္စေကဗုဒ္ဓါ စ၊ တို့သည်လည်းကောင်း။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရမာနာ၊ ကုန်သည်ရှိသော်။ အတ္တနာ၊ကိုယ်တိုင်။ဒိဋ္ဌကတသုတမေဝ၊ ကိုသာလျှင်။ အနုဿရန္တိ၊ ကုန်၏။ ဗုဒ္ဓါ ပန၊ မြတ်စွာဘုရားတို့သည်ကား။ ဝါ၊ မြတ်စွာဘုရားတို့မှာမူကား။ အတ္တနာ ဝါ၊ကိုယ်တိုင်သည်သော်လည်းကောင်း။ ပရေဟိ ဝါ၊ တပါးသော ပုဂ္ဂိုလ်တို့သည်သော်လည်းကောင်း။ ဒိဋ္ဌကတသုတံ၊ မြင်အပ်ဘူး, ပြုအပ်ဘူး, ကြားအပ်ဘူးသော။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရန္တိ၊ ဘုန်၏။

တိတ္ထိယာနံ၊တို့၏။ပုဗ္ဗေနိဝါသဉာဏံ၊ပုဗ္ဗေနိဝါသဉာဏ်သည်။ဝါ၊ရှေးဘဝ၌နေအပ်ဘူးသော ခန္ဓာအစဉ်ကိုသိတတ်သော ဉာဏ်သည်။ ခဇ္ဇောပနက ဩဘာသသဒိသံ၊ ပိုးရည်မြွေးရောင်နှင့်တူသည်။ ဝါ၊ ပိုးမြေမြွေးရောင်နှင့်တူသည်။ ဝါ၊ ပိုးစုန်းကြူးရောင်နှင့်တူသည်။ဟောတိ၊ဖြစ်၏။ သာဝကာနံ၊ ပကတိသာဝက,မဟာသာဝကတို့၏။ ပုဗ္ဗေ-နိဝါသဉာဏံ၊သည်။ ပဒီပေါဘာသသဒိသံ၊ ပြကတေ့သော ဆီမီးအရောင်,မဟာဆီမီးအရောင်နှင့်တူသည်။ ဟောတိ၊၏။ အဂ္ဂသာဝကာနံ၊ တို့၏။ ပုဗ္ဗေနိဝါသဉာဏံ၊သည်။ ဩသဓိတာရကောဘာသသဒိသံ၊ သောက်ရှူးကြယ်ရောင်နှင့်တူသည်။ဝါ၊သောကြာကြယ်ရောင်နှင့်တူသည်။ ဟောတိ၊၏။ပစ္စေကဗုဒ္ဓါနံ၊ တို့၏။ ပုဗ္ဗေနိဝါသဉာဏံ၊သည်။ စန္ဒောဘာသသဒိသံ၊လရောင်နှင့်တူသည်။ဟောတိ၊၏။ဗုဒ္ဓါနံ၊တို့၏။ ပုဗ္ဗေနိဝါသဉာဏံ၊ သည်။* သရဒသူရိယမဏ္ဍလောဘာသသဒိသံ၊သရဒဥတု၌ထွက်ပြူလာသော နေဝန်းရောင်နှင့်တူသည်။ ဟောတိ၊၏။

---

* **မှတ်ချက်**။ ။[ဤအရာ၌ သဟဿသူရိယမဏ္ဍလောဘာသသဒိသံ-ဟု ရှိသောပါဠ်ကား သရဒသူရိယမဏ္ဍလောဘာသသဒိသံ သဗ္ဗသော အန္ဓကာရဝိဓမနတော- ဟူသောဋီကာနှင့်မညီ၊ ရှိဘိုင်းပေးခဲ့သော် သဟဿသူရိယမဏ္ဍလောဘာသသဒိသံ၊ တထောင်သောနေဝန်းအပေါင်းတို့၏ အရောင်နှင့်တူသည်။ ဝါ၊ အထောင်မကများသော ရောင်ခြည်ကိုဆောင်နိုင်သော နေဝန်းရောင်နှင့်တူသည်-ဟုပေး။]

ဗုဒ္ဓါနံ၊တို့၏။ တဿ ပုဗ္ဗေနိဝါသဉာဏဿ၊ ထိုပုဗ္ဗေနိဝါသဉာဏ်အား။ ဝါ၊ ၏။ တံ ပုဗ္ဗေနိဝါသဉာဏံ၊ သည်။ ဧကေကာနိ၊ ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော။ ဇာတိသတာနိ၊ ဘဝတို့၏ အရာတို့ကိုလည်းကောင်း။ ဝါ၊ အရာသောဘဝတို့ကိုလည်းကောင်း။ ဇာတိသဟဿာနိ၊ဘဝတို့၏ အထောင်တို့ကိုလည်းကောင်း။ ဇာတိသတ-သဟဿာနိ၊ ဘဝတို့၏ အသိန်းတို့ကိုလည်းကောင်း။ အနုဿရတိ၊ အစဉ်လျောက်၍ အောက်မေ့နိုင်၏။ ဣတိ ဝါ၊ ဤသို့သော်လည်းကောင်း။ ဧကေကာနိ၊ ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော။ ကပ္ပသတာနိ၊ ကပ္ပါတို့၏အရာတို့ကိုလည်းကောင်း။ ဝါ၊ အရာသော ကပ္ပါတို့ကိုလည်းကောင်း။ ကပ္ပသဟဿာနိ၊ ကပ္ပါတို့၏အထောင်တို့ကိုလည်းကောင်း။ကပ္ပသတသဟဿာနိ၊ ကပ္ပါတို့၏ အသိန်းတို့ကိုလည်းကောင်း။အနု-ဿရတိ၊၏။ဣတိဝါ၊သော်လည်းကောင်း။ ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။နတ္ထိ၊မရှိ။ တဿပုဗ္ဗေနိဝါသဉာဏဿ၊အား။ ဝါ၊၏။ ဝါ၊သည်။ ယံကိဉ္စိ၊ အမှတ်မထား တပါး ပါးသော ဘဝ,ကပ္ပါကို။အနုဿရန္တဿ၊အစဉ်လျောက်၍ အောက်မေ့သည်ရှိသော်။ ခလိတံ၊ အာရုံကိုယူခြင်း၌တုန်လှုပ်သည်၏ အဖြစ်ဟုဆိုအပ်သော ချော်ချွတ်ခြင်းသည်။ နေဝ ဟောတိ၊ မဖြစ်။ပဋိဃာတံ၊ ထိပါးချုတ်ချယ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တံ ပုဗ္ဗေနိဝါသဉာဏံ၊သည်။ အာဝဇ္ဇနပ္ပဋိဗဒ္ဓမေဝ၊ အာဝဇ္ဇန်းနှင့်စပ်သည်သာလျှင်။ ဟောတိ၊၏။ အာကင်္ခ မနသိကာရ စိတ္တုပ္ပါဒပ္ပဋိဗဒ္ဓမေဝ၊ အလို,နှလုံးသွင်းစိတ္တုပ္ပါဒ်နှင့် စပ်သည်သာလျှင်။ ဟောတိ၊၏။

ဒုဗ္ဗလပတ္တပုဋ္ဌေ၊ အားသေးသော ဖက်ရွက်ထုပ်၌။ ဝေဂက္ခိတ္တနာရာစော၊ လေးညှို့ အဟုန်ဖြင့်ပစ်လွှတ်အပ်သောစဉ့်မြှားသည်။အသဇ္ဇမာနော၊ မကပ်ငြိဘဲ။ဂစ္ဆတိဝိယ စ၊ သွားသကဲ့သို့လည်းကောင်း။ သိနေရုကူဋ္ဌေ၊ မြင့်မိုရ်တောင်ထွဋ်၌။ ဝိဿဋ္ဌဇုန္နဝဇိရံ၊ စွန့်လွှတ်အပ်သော သိကြားမင်း၏ စိန်လက်နက်သည်။ အသဇ္ဇမာနံ၊ မကပ်ငြိဘဲ။ ဂစ္ဆတိ ဝိယ စ၊ သွားသကဲ့သို့လည်းကောင်း။ တထာ၊ ထို့အတူ။ အသဇ္ဇမာနမေဝ၊ မကပ်ငြိဘဲသာလျှင်။ ဂစ္ဆတိ၊ ၏။ ဘဂဝတော၊ ၏။ ပုဗ္ဗေနိဝါသဉာဏံ၊ သည်။ အဟောမဟန္တံ၊ ဩော်-ကြီးကျယ် များမြတ်ပါပေစွတကား။ ဝါ၊ ကြီးကျယ်များမြတ်ပါပေစွ-ဩော်။ ဣတိဧဝံ၊ သို့။ ဘဂဝန္တံ့ယေဝ၊ ကိုသာလျှင်။ ဝါ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုသာလျှင်။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥပ္ပန္နာ၊ ဖြစ်သော။ ဇာတာ၊ ဖြစ်သော။ ပဝတ္တာ၊ ဖြစ်သော။ ကထာ၊ သည်။ ဥဒပါဒိ၊ ပြီ။ သမ္ဘမိ၊သော။ တံ ကထံ၊ ထိုပုဗ္ဗေနိဝါသပ္ပဋိသံယုတ္တကထာကို။ သန္ဓေပတော၊ အကျဉ်းအားဖြင့်။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ ဣတိပိပုဗ္ဗေနိဝါသော ဣတိပိပုဗ္ဗေနိဝါသောတိ၊ ဟူ၍။ ဝါ၊ဟူသော။ ဧကေကမေဝ၊ ဤမျှအတိုင်းအရှည်ရှိသော ပါဠိကိုသာလျှင်။ ပါဠိယံ၊၌။ ဘိက္ခူဟိ၊ တို့ သည်။ ဝုတ္တံ၊ ပြီ။တတ္ထ-တသ္မိံပါဠေ၊ ဣတိပိပုဗ္ဗေနိဝါသော ဣတိပိပုဗ္ဗေနိဝါသော ဟူသော ထိုပါဠိ၌။ ဣတိပိတိ၊ ကား။ ဧဝမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့သောအခြင်း အရာအားဖြင့်လည်း။ အဟောသိ၊ ပြီ။

၂-၃။ အထောသိ ခေါ၊ ပ။အထ ဘဂဝါ အနုပ္ပတ္တောတိ ဧတ္ထ၌။ ယံ ဝိခေါနံ၊ အကြွင်အစီရင်ကို။ ဝတ္တဗ္ဗံ၊ ၏။တံ ဝိခေါနံ၊ ကို။ ဗြဟ္မဇာလသုတ္တဝဏ္ဏနာယံ၊ဗြဟ္မ-ဇာလသုတ်၏အဖွင့်၌။ ဝါ၊ ဗြဟ္မဇာလသုတ်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌက

ထာ၌။ ဝုတ္တမေဝ၊ သည်သာ။ ဟိ၊ မျှားမဆက်ဆံ…ပါအံ့။ အယမေဝ၊ ဤဆိုအပ်လတ္တံ့သော စကားသည်သာလျှင်။ ဝိသေသော၊ ထူး၏။ တတ္ထ-တသ္မိံ မြဟ္မဇာလ-သုတ္တေ၊ ၌။ သဗ္ဗညုတညာဏေန၊ သဗ္ဗညုတဉာဏ်တော်ဖြင့်။ အဿောသိ၊ ကြားသိတော်မူရပြီ။ ဣဓ-ဣမသ္မိံ သုတ္တေ၊ ဤမဟာပဒါနသုတ်၌။ ဒိဗ္ဗသောတေန၊ ဒိဗ္ဗသောတအဘိညာဉ်ဉာဏ်ဖြင့်။ အဿောသိ၊ ပြီ။ စ၊ သည်သာမကသေး။ တတ္ထ-တသ္မိံ မြဟ္မဇာလသုတ္တေ၊ ၌။ ဝဏ္ဏာဝဏ္ဏကထာ၊ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူး,ကဲ့ရဲ့အပ်သော အပြစ်ကို ပြောဆိုကြောင်းဖြစ်သော စကားသည်။ ဝါ၊ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို ပြောဆိုကြောင်းဖြစ်သော စကားသည်။ ဝိပ္ပကတာ၊ အပြားအားဖြင့်ပြုခြင်းမှကင်းသည်။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသည်။ ဝါ၊ ပြုအပ်ပြီးမဟုတ်သည်။ ဝါ၊ ပြုအပ်ဆဲသည်။ ဝါ၊ ပြု၍မပြီးသေးသည်။ ဟောတိ၊ ၏။ ဣဓ-ဣမသ္မိံ သုတ္တေ၊ ဤမဟာပဒါနသုတ်၌။ ပုဗ္ဗေနိဝါသကထာ၊ ရှေးဘဝ၌ နေအပ်ဘူးသောခန္ဓာအစဉ်ကို ပြောဆိုကြောင်းဖြစ်သော စကားသည်။ ဝိပ္ပကတာ၊ သည်။ ဟောတိ၊ ၏။ ဣတိ အယမေဝ၊ ဤဆိုအပ်ပြီးသော စကားသည်သာလျှင်။ ဝိသေ-သော၊ ၏။


၁၉၈။ မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ၊ကား။ ဣဓ-ဣမသ္မိံ ကုသိနာရာဂမနေ၊ ဤကုသိနာရမြို့သို့ကြွတော်မူခြင်း၌။ ဘိက္ခူနံ၊ တို့၏။ ဂဏနပရိစ္ဆေဒေါ၊ဂဏန်းအပိုင်း

အခြားသည်။ ဝါ၊ ရေတွက်ကြောင်းဖြစ်သောအပိုင်းအခြားသည်။နတ္ထိ၊မရှိ။ (ဟိ-သဒ္ဒါ ဝိတ္ထာရတ္ထ။) တနည်း—ဟိ-ယသ္မာ၊ ကြောင့်။ ဝေဠုဝဂါမေ၊ ဝေဠုဝအမည်ရှိသော ပါဠုလိရွာ၌။ ဝေဒနာဝိက္ခမ္ဘနတော၊ ဝေဒနာကိုခွါရာခဏမှ။ ပဋ္ဌာယ၊ ၍။ န စိရေန၊ မကြာမြင့်သောကာလ၌။ ဘဂဝါ၊ သည်။ ပရိနိဗ္ဗာယိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ သုတ္ဝာ၊ ၍။ တတောတတော-ဌာနတော၊ ထိုထိုအရပ်မှ။ အာဂတေသု၊ကြွလာတော်မူကြကုန်သော။ ဘိက္ခူသု၊ တို့တွင်။ ကောဋိက္ခပ္ပိ၊ တပါးသောရဟန်းသည်လည်း။ ပက္က-န္တော၊နာမ၊ ဖဲသွားသည်မည်သည်။ နတ္ထိ၊ မဖြစ်။ တနည်း—အာဂတေသု၊ ကုန်သော။ ဘိက္ခူသု၊ တို့တွင်။ ပက္ကန္တော၊ ဖဲသွားသော။ ကောဘိက္ခုပိနာမ၊ တပါးသောရဟန်း မည်သည်လည်း။ နတ္ထိ၊မရှိ။ တသ္မာ၊ ကြောင့်။ သံဃော၊ သည်။ ဂဏနပထံဝီတိဝတ္တော၊ ရေတွက်ခြင်းကိုလွန်သည်။ အဟောသိ၊ ပြီ။

ဥပဝတ္တနံ မလ္လာနံ သာလဝနန္တိ ဧတ္ထ၊ ပါဌ်၌။ ကသ္မာ၊ ကြောင့်။ တံ-သာလဝနံ၊ ထိုအင်ကြင်းဥယျာဉ်တောကို။ ဥပဝတ္တနန္တိ၊ဟူ၍။ဝုစ္စတိ၊နည်း။ ဣတိ-အယံ၊သည်ကား။ ပုစ္ဆာ၊ တည်း။ ဟိ-ယသ္မာ၊ ကြောင့်။ ကလမ္ဗနဒီတီရတော၊ ကလမ္ဗမြစ်ကမ်းမှ။ ရာဇ-မာတုဝိဟာရဒွါရေန၊ ရာဇမာတု အမည်ရှိသော ကျောင်းတံခါးဖြင့်။ ထူပါရာမံ၊ ထူပါရုံသို့။ ဂန္တဗ္ဗံ၊ သွားရာသည်။ ဟောတိ ယထေဝ၊ သို့သာလျှင်။ ဧဝံ၊ တူ။ ဟိရညဝတိယာ၊ ဟိရညဝတီအမည်ရှိသောမြစ်၏။ ပါရိမတီရတော၊ ထိုမှာဘက်ကမ်းမှ။ သာလဝနုယျာနံ၊ အင်ကြင်းဥယျာဉ်တောသို့။ ဂန္တဗ္ဗံ၊ သည်။ ဟောတိ၊ ၏။ ထူပါ-ရာမော၊ ထူပါရုံသည်။ အနုရာဓပုရဿ၊ အနုရာဓမြို့၏။ ဒက္ခိဏပစ္ဆိမဒိသာယံ၊ အနောက်တောင်ထောင့်အရပ်၌။ ဟောတိ ယထာ၊သို့။ ဧဝံ၊တူ။ တံ-သာလဝနံ၊ သည်။ ကုသိနာရာယ၊ကုသိနာရမြို့၏။ ဒက္ခိဏပစ္ဆိမဒိသာယံ၊၌။ဟောတိ၊၏။ထူပါရာမတော၊ မှ။ ဒက္ခိဏဒွါရေန၊ တောင်တံခါးဖြင့်။ နဂရံ၊ အနုရာဓမြို့သို့။ ပဝိသနမဂ္ဂေါ၊ ဝင်ရာဖြစ်သောခရီးသည်။ ပါစီနမုခေါ၊ အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူလျက်။ ဂန္တွာ၊ ၍။ ဥတ္တရေန၊ မြောက်အရပ်ဖြင့်။ နိဝတ္တော၊ ပြန်နစ်သည်။ ဟောတိ ယထာ၊ သို့။ ဧဝံ၊ တူ။ သာလဝနံ၊ သည်။ ဥယျာနတော၊ မှ။ ပါစီနမုခံ၊ လျက်။ ဂန္တွာ၊ ၍။ ဥတ္တရေန၊ ဖြင့်။ နိဝတ္တံ၊ ပြန်နစ်ပြီ။ တသ္မာ၊ကြောင့်။ တံ-သာလဝနံ၊ကို။ ဥပဝတ္တနန္တိ၊ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ-အယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

အန္တရေန ယမကသာလာနံ ဥတ္တရသီသကန္တိဧတ္ထ၊ပါဌ်၌။ကသ္မာ၊ကြောင့်။သာလာ၊ အင်ကြင်းပင်တို့သည်။ ယမကာ၊ အစုံအစုံတို့သည်။ ဟောန္တိ၊ ဖြစ်ရကုန်သတဲ့နည်း။ ဣတိ-အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ကိရ-ယသ္မာ၊ ကြောင့်။ တဿ မဉ္စကဿ၊ ထိုညောင်စောင်း၏။ သီသဘာဂေ၊ ဦးခေါင်းအဘို့၌။ ဧကော၊ တခုသော။သာလပန္တိ၊ အင်ကြင်းပင်အစဉ်သည်။ ဟောတိ၊ ၏။ ပါဒဘာဂေ၊ ခြေအဘို့၌။ ဧကော၊ သော။ သာလပန္တိ၊ သည်။ ဟောတိ၊ ၏။ တတြာပိ-တေသု သာလေသု၊ တို့တွင်လည်း။ ဧကော၊ တပင်သော။ တရုဏသာလော၊ နုပျိုသောအင်ကြင်းပင်သည်။ သီသဘာ-ဂဿ၊ ဦးခေါင်းအဘို့အား။ ဝါ၊ ဦးခေါင်းအဘို့နှင့်။ အာသန္နော၊ နီးသည်။ ဟောတိ၊ ၏။ တနည်း—သီသဘာဂဿ၊ ဦးခေါင်းအဘို့၏။ အာသန္နော၊ အနီး၌တည်သည်။

ဟော့ာတိ၊၏။ကောသော။ တရုဏသာလောသည်။ ပါဒဘာဂဿ၊ ခြေအဘို့အား။ ဝါ၊ နှင့်။ အာသန္နောသည်။ ဟောတိ၊၏။ တနည်း–ပါဒဘာဂဿ၊ ၏။ အာသန္နော၊ သည်။ ဟောတိ၊၏။တသ္မာ၊ကြောင့်။ သာလာ၊တို့သည်။ ယမကာ၊တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ-အယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ အပိစ-အပရော၊ တပါးသော။ နယော၊ နည်း တည်း။မူလခန္ဓဝိဋပပတ္တေဟိ၊အမြစ်,ပင်စည်,အခွ,အရွက်တို့ဖြင့်။ အညမညံ၊အချင်းချင်း။ သံသိဗ္ဗိတွာ၊ ချုပ်စပ်ကြကုန်၍။ ဝါ၊ရောယှက်ကြကုန်၍။ ဋ္ဌိတသာလာ၊ တည်ကုန်သော အင်ကြင်းပင်တို့သည်။ ယမကသာလာနာမ၊ မည်ကုန်၏။ ဣတိ၊ သို့။ အဋ္ဌကထာယံ၊ ၌။ [ထည့်စပ်။] ဝုတ္တံ၊ ပြီ။ မဉ္စကံ ပညပေဟိတိ၊ဟူ၍။ကံ၊အဘယ်ကို။ သန္ဓာယ၊၍။ အာဟ၊ မိန့်တော်မူရသတဲ့နည်း။ ဣတိ-အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ (ကိရ-သဒ္ဒါဝိတ္ထာ ရဏ္ဍ။) တသ္မိံ ဥယျာနေ၊ ၌။ ရာဇကုလဿ၊ မင်းမျိုး၏။ သယနမဉ္စော၊ အိပ်ရာဖြစ်သော ညောင်စောင်းသည်။ အတ္ထိ၊ ၏။ တံ-သသနမဉ္စံ၊ထိုအိပ်ရာဖြစ်သောညောင်စောင်းကို။ သန္ဓာယ၊ ၍။ ပညပေဟိတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဣတိ-အယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ ထေရောပိ၊ အသျှင်အာနန္ဒာထေရ်သည်လည်း။ တံ ယေဝ-သယနမဉ္စံ၊ကိုသာ လျှင်။ ပညပေတွာ၊ ခင်း၍။ အဒါသိ၊ ပေးပြီ။ ကိလန္တောသ္မိ အာနန္ဒ နိပဇ္ဇိဿာမိတိ၊ ဟူ၍။ကသ္မာ၊ကြောင့်။အာဟ၊နည်း။ ဣတိ-အယံ၊သည်ကား။ ပုစ္ဆာ၊တည်း။ဟိ-ယသ္မာ၊ ကြောင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ [ဗလံ-၌စပ်။]

*ဂေါစရိ စ၊ဂေါစရိဆင်မျိုးလည်းကောင်း။ ကဋ္ဌာပေါ စ၊ လည်းကောင်း။ ဂင်္ဂေယျော စ၊ လည်းကောင်း။ ပိင်္ဂလော စ၊လည်းကောင်း။ ပဗ္ဗတေယျကော စ၊လည်းကောင်း။ ဟေမဝတော စ၊လည်းကောင်း။တမ္ဗော စ၊လည်းကောင်း။ မန္ဒာဂိရိ စ၊ လည်းကောင်း။ ဥပေါသထော စ၊လည်းကောင်း။ ဒသမော၊ဆယ် ခုမြောက်ဖြစ်သော။ ဆဒ္ဒန္တော ယေဝ စ၊ သာလျှင်လည်းကောင်း။ ဣတိ၊သို့။ ဧတေ နာဂါ၊ ဤဆင်တို့သည်။ နာဂါနံ၊ ဆင်တို့တွင်။ ဝါ၊တို့ထက်။ ဥတ္တမာ၊မြတ်ကုန်၏။

ဣတိ၊ သို့။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော။ တေသု-ဧတေသု နာဂေသု၊တို့တွင်။ ဒသန္နံ၊ ဆယ်စီးကုန်သော။ ဂေါစရိသင်္ခါတာနံ၊ ဂေါစရိဟုဆိုအပ်ကုန်သော။ ပကတိဟတ္ထီနံ၊ ပြာကတေ့သောဆင်တို့၏။ ယံ-ဗလံ၊အကြင်အားသည်။အတ္ထိ၊၏။တံ-ဗလံ၊သည်။ဧကဿ၊

---

* မှတ်ချက်။ ။[ကာဠာဝကဉ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ။
ဂန္ဓမင်္ဂလဟေမဉ္စ၊ ဥပေါသထဆဒ္ဒန္တိမေ ဒသာတိ။
ဟုအင်္ဂုတ္တရနိကာယ် ဒသကနိပါတ်သီဟသုတ်အဋ္ဌကထာ, မဇ္ဈိမနိကာယ်မူလ ပဏ္ဏာသ မဟာသီဟနာဒသုတ်အဋ္ဌကထာ, ဉာဏဝိဘင်းသမ္မောဟဝိနောဒနီ အဋ္ဌကထာ,နိဒါနဝဂ္ဂသံယုတ်ဒသဗလသုတ်အဋ္ဌကထာ,ဘူကဏ္ဍ စတုဗ္ဗဏ္ဍဝဏ် အဘိဓာန်တို့၌ ဤမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာလာ ဆင်ဆယ်မျိုးမှဆင် အမည်တမျိုးပြောင်းလည်း၍လာ၏၊ သို့လာသော်လည်း သဒ္ဒါနေမျှသာ ထူး၍အဓိပ္ပါယ်မထူးကြ။]

တစီးသော။ ကဋ္ဌာပဿ၊ ကဋ္ဌာပဆင်၏။ ဗလံ၊ အားသည်။ ဟောတိ၊၏။ဣတိ ဧဝံ၊ သို့။ ဒသဂုဏာဝဓိတာယ၊ ဆယ်စီးဖြင့်မြှောက်သဖြင့် ပွါးစေအပ်သော။ ဂဏနာယ၊ အရေအတွက်အားဖြင့်။ ပကတိဟတ္ထိနံ၊ တို့၏။ ကောဠိသဟဿဗလပ္ပမာဏံ၊ကုဋေ တထောင်သော အားအတိုင်းအရှည်ရှိသော။ယံ-ဗလံ၊သည်။ အတ္ထိ၊၏။ သဗ္ဗမ္ပိ၊သော။ တံ-ဗလံ၊သည်။ စုန္ဒဿ၊ ၏။ ပိဏ္ဍပါတံ၊ ကို။ ပရိဘုတ္တကာလတော၊ ဘုဉ်းပေးပြီးရာ ကာလမှ။ ပဋ္ဌာယ၊၍။ *စက်ဝါရေ၊ လှိုင်းတံပိုး၌။ ဝါ၊ ဆပ်ပြာစစ်ပုဝါကဲ့၌။ ဝါ၊သေ ရည်စစ်ပုဝါကဲ့၌။ ပက္ခိတ္တံ၊ပစ်လွှတ်အပ်သော။ ဝါ၊ ထည့်လောင်းအပ်သော။ ဥဒကံ၊ သည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂတံ ဝိယ၊ ရောက်သကဲ့သို့။ တထာ၊တူ။ ပရိက္ခယံ၊သို့။ ဂတံ၊ ရောက်ပြီ။ ကုသိနာရာနဂရံ၊ သည်။ ပါဝါနဂရတော၊ ပါဝါမြို့မှ။ တိဏိ ဂါဝု- တာနိ၊ သုံးဂါဝုတ်တို့သည်။ဟောတိ၊ ၏။ တနည်း–တီဏိဂါဝုတာနိ၊ သုံးဂါဝုတ်တို့ တိုင်တိုင်။ ဒူရံ၊ ဝေး၏။

တေသွိ အန္တရေ၊ ဤသုံးဂါဝုတ်တို့၏အတွင်း၌။ ပဉ္စဝီသတိယာ၊ နှစ်ဆယ့်ငါးပါး သော။ ဌာနေသု၊တို့၌။ နိသီဒိတွာ၊ ထိုင်နေတော်မူပြီး၍။ ဝါ၊အပင်ပန်းဖြေကာနားနေ တော်မူပြီး၍။မဟတာ၊ကြီးစွာသော။ဥဿာဟေန၊အားထုတ်ခြင်းဖြင့်၊အာဂန္တွာ န္တောပိ၊ ကြွလာပင်ကြွလာပါသော်လည်း။ သူရိယဿ၊ ၏။ အတ္ထင်္ဂမိတဝေလာယံ၊ ဝင်ရာ အခါ၌။ သဥ္ဇာသမယေ၊ ဆည်းဆာ ရောင်အခါ၌။ ဘဂဝါ၊ သည်။ သာလဝနံ၊ အင်ကြင်း ဥယျာဉ်တောသို့။ ပဝိဋ္ဌော၊ ဝင်တော်မူပြီ။ ဧဝံ၊ သို့။ ဝါ၊ ဖြင့်။ ရောဂေါ၊ သည်။သဗ္ဗံ၊ သော။ အာရောဂျံ၊ အနာမှကင်းသည်၏ အဖြစ်ကို။ မဒ္ဒန္တော၊ နှိပ်နင်း ဘိစီးလျက်။ အာဂစ္ဆတိ၊ ဆိုက်ရောက်လာ၏။ ဧတမတ္ထံ၊ ပြုအပ်ပြီးသော အခွင့်ရှိသော ကံ၏အစွမ်းအားဖြင့် အကြင်အကြင် ဖြစ်ပေါ်လာသော ရောဂါ၏အနာမှကင်းသည်၏ အဖြစ်ကို နှိပ်နင်းဘိစီးသည်၏ အဖြစ်ဟူသော ဤအကြောင်းကို။ ဝါ၊ အာယုသင်္ခါရ ကို စွန့်လွှတ်တော်မူပြီး၍ ပြုအပ်ပြီးသော အခွင့်ရှိသောအကုသိုလ်ကံအား အခွင့်ပေး ခြင်းဟူသောဤအကြောင်းကို။ ဒဿေန္တော ဝိယ၊ ပြတော်မူသကဲ့သို့။သဗ္ဗလောကဿ၊ အလုံးစုံသော သတ္တလောကအား။ သံဝေဂကရံ၊ ထိတ်လန့်ခြင်းကို ပြုတတ်သော။ ဝါစံ၊ ကို။ ဘာသန္တော၊ မိန့်တော်မူလိုသည်၏ အဖြစ်ကြောင့်။ ကိလန္တောသ္မိ အာနန္ဒ နိပဇ္ဇိဿာမီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဣတိ-အယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

(ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) ကသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ ဧဝံ၊ သို့။ မဟန္တေန၊ ကြီးစွာသော။ ဥဿာဟေန၊ အားထုတ်ခြင်းဖြင့်။ ဣမ- ဣမသ္မိံ ကုသိနာရာ- နဂရေ၊ သို့။ အာဂတော၊ ကြွလာတော် မူရသတဲ့နည်း။ အညတ္ထ၊ ကုသိနာရမြို့မှ

---

* **မှတ်ချက်။** ။[ဤ ဆိုအပ်ပြီးသော အနက်များကို စက်ဝါရေတိ ဣမိယံ၊ မဟာပရိနိဗ္ဗာနသုတ် ပဌမဘာဏဝါရဋီကာ။ စက်ဝါရန္တိ ခါရပရိ- ဿာဝနံ၊ ပုဂ္ဂလပညတ်မူလဋီကာ,မူလပဏ္ဏာသဝမ္မိကသုတ်ဋီကာ။ စက်ဝါရေ- တိရဇကာနံ ခါရပရိဿာဝနေ၊ သုရာပရိဿာဝနေ ဝါ၊သတ္တကနိပါတ် အနု- သယဝဂ် ပဌမသုတ် အင်္ဂုတ္တိုရ်ဋီကာတို့ကိုမှီး၍ယောဇနာလိုက်၏။]

တပါးသော။ နဂရေ၊ ၌။ ပရိနိဗ္ဗာယိတုံ၊ ပရိနိဗ္ဗာန် စံခြင်းငှါ။ န သက္ကာ ကိံ၊ မတတ်ကောင်းသလော။ ဣတိ-အယံ၊ သည်ကား။ စောဒနာ၊ တည်း။ ကတ္တစိ၊ တစုံတခုသောမြို့၌၊ ပရိနိဗ္ဗာယိတုံ နာမ၊ ပရိနိဗ္ဗာန်စံခြင်းငှါမည်သည်။ န သက္ကာ၊ မတတ်ကောင်းသည်ကား။ န၊ မဟုတ်။ သက္ကာ ဧဝ၊ တတ်ကောင်းသည်သာ။ တနည်း—န န သက္ကာ၊ တတ်ကောင်း၏။ ဝါ၊ မတတ်ကောင်းသည်မဟုတ် တတ်ကောင်းသည်သာ။ ဣတိ-အယံ၊ သည်ကား။ သောဓနာ၊ တည်း။ ကတ္တစိ၊ ၌။ ပရိနိဗ္ဗာယိတုံ နာမ၊ သည်။ ကိဥ္စာပိ သက္ကာ၊ ပေ၏။ ပန၊ သော်လည်း။ တီဟိ၊ ကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ ဣမ-ဣမသ္မိံ ကုသိနာရာနဂရေ၊ သို့။ အာဂတော၊ ပြီ။

(ဟိ-သဒ္ဒါ ဝိတ္ထာရတ္ထ။) ဣဒံ-ကာရဏံ၊ ဤအကြောင်းကို။ ဘဂဝါ၊ သည်။ ဝေံ၊ သို့။ ပဿတိ၊ မြင်တော်မူ၏။ ကိံ၊ သို့။ ပဿတိ၊ နည်း။ မယိ၊ ငါဘုရားသည်။ အညတ္တ၊ သော။ နဂရေ၊ ၌။ ပရိနိဗ္ဗာယန္တေ၊ ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်။ မဟာသုဒဿန-သုတ္တဿ၊ မဟာသုဒဿနသုတ်၏။ အဋ္ဌုပ္ပတ္တိ၊ အဋ္ဌုပ္ပတ္တိသည်။ ဝါ၊ အကြောင်း၏ ဖြစ်ပေါ်လာခြင်းသည်။ ဝါ၊ ဖြစ်ပေါ်လာသော အကြောင်းသည်။ န ဘဝိဿတိ၊ လတ္တံ့။ ဝါ၊ မဟုတ်။ ပန၊ ကား။ မယိ၊ သည်။ ကုသိနာရာယံ၊ ၌။ ပရိနိဗ္ဗာယန္တေ၊ သော်။ အဟံ၊ ငါဘုရားသည်။ ဒေဝလောကေ၊ နတ်ပြည်၌။ အနုဘဝိတဗ္ဗံ၊ ခံစားအပ်, ခံစားသင့်, ခံစားထိုက်သော။ ယံ-သမ္ပတ္တိံ၊ အကြင်စည်းစိမ်ကို။ မနုဿလောကေ ယေဝ၊ လူ့ပြည်၌သာလျှင်။ အနုဘဝိံ၊ ခံစားတော်မူရပြီ။ တံ-သမ္ပတ္တိံ၊ ထိုနတ်ပြည်၌ ခံစားအပ်, ခံစားသင့်, ခံစားထိုက်သောစည်းစိမ်ကို။ ဝါ၊ ထိုနတ်ပြည်၌ ခံစားအပ်, ခံစားသင့်,ခံစားထိုက်သော စည်းစိမ်ကိုပြတတ်သော မဟာသုဒဿနသုတ်ကို။ ဒွီဟိ၊ ကုန်သော။ ဘာဏဝါရေဟိ၊ တို့ဖြင့်။ မဏ္ဍေတွာ၊ တန်းဆာဆင်ပြီး၍။ ဒေသေဿာမိ၊ ဟောတော်မူပေအံ့။ မေ၊ ၏။ တံ-သမ္ပတ္တိံ၊ ကို။ သုတွာ၊ ကြားနာကြကုန်၍။ ဗဟုဇ-နာ၊ များစွာသောလူတို့သည်။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏ဟူ၍။ မညိ-ဿန္တိ၊ အောက်မေ့မှတ်ထင်ကြကုန်လိမ့်လတ္တံ့။ ဣတိ-ဝေံ၊ သို့။ ပဿတိ၊ ၏။

အပရံ၊ တပါးသော။ ကာရဏမ္ပိ၊ အကြောင်းကိုလည်း။ ပဿတိ၊ မြင်တော်မူပြန်၏။ ကိံ၊ သို့။ ပဿတိ၊ နည်း။ အညတ္တ၊ သော။ နဂရေ၊ ၌။ ပရိနိဗ္ဗာယန္တံ၊ ပရိနိဗ္ဗာန် စံတော်မူသော။ မံ၊ ကို။ သုဘဒ္ဒေါ၊ သုဘဒ္ဒပရိဗိုဇ်သည်။ န ပဿတိ၊ မဖူးမြင်ရလိမ့်လတ္တံ့။သောစ-သုဘဒ္ဒေါ၊ သည်လည်း။ ဗုဒ္ဓဝေနေယျော၊ ဗုဒ္ဓဝေနေယျပေတည်း။ဝါ၊ မြတ်စွာဘုရားသည် ဆုံးမအပ်,ဆုံးမသင့်, ဆုံးမထိုက်သောပုဂ္ဂိုလ်ပေတည်း။န သာဝ-ကဝေနေယျော၊ သာဝကဝေနေယျမဟုတ်။ ဝါ၊ သာဝကတို့သည် ဆုံးမအပ်, ဆုံးမသင့်, ဆုံးမထိုက်သောပုဂ္ဂိုလ်မဟုတ်။ တံ-သုဘဒ္ဒံ၊ ကို။ သာဝကာ၊ တို့သည်။ ဝိနေ-တုံ၊ ဆုံးမခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ ဝါ၊ စွမ်းနိုင်သည်မဟုတ်ကုန်။ ပန၊ ကား။ ကုသိနာရာယံ၊ ၌။ ပရိနိဗ္ဗာယန္တံ၊ သော။ မံ၊ ကို။ ဝါ၊ သို့။ သော-သုဘဒ္ဒေါ၊ သည်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ပဉှံ၊ ကို။ ပုစ္ဆိဿတိ၊ မေးလိမ့်လတ္တံ့။ ပဉှာဝိဿ-ဇ္ဇနပရိယောသာနေ စ၊ ပြဿနာကိုဖြေဆိုခြင်း၏အဆုံး၌လည်း။ သရဏေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌာယ၊ ၍။ မမ၊ ၏။ သန္တိကေ၊ ၌။ ပဗ္ဗဇ္ဇံ စ၊ ရှင်ဦးစွာ ကပ်ရောက်အပ်

သောရှင့်အဖြစ်ကိုလည်းကောင်း။ ဝါ၊ ရှေဦးစွာကျင့်အပ်သော ရှင့်အဖြစ်ကိုလည်းကောင်း။ ဥပသမ္ပဒံ စ၊ လောကီယသမ္ပဒါတို့ထက်မြင့်မြတ်သော အထက်တန်းကျသောကောင်းစွာရောက်အပ်သော ရဟန်းပဉ္စင်းအဖြစ်ကိုလည်းကောင်း။ ဝါ၊ ပဗ္ဗဇ္ဇာ ကျင့်ဝတ်၏အထက်၌ ကောင်းစွာရောက်အပ်သောရဟန်း ပဉ္စင်းအဖြစ်ကိုလည်းကောင်း။ ဝါ၊ လောကီယသမ္ပဒါတို့ထက် မြင့်မြတ်သော အထက်တန်းကျသော ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသော ရဟန်းပဉ္စင်း အဖြစ်ကိုလည်းကောင်း။ လဘိတွာ၊ ၍။ ကမ္မ-ဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ မယိ၊ ငါဘုရားသည်။ ဓရမာနေယေဝ၊သက်တော်ထင်ရှားရှိတော်မူစဉ်သာလျှင်။အရဟတ္တံ၊သို့။ပတွာ၊၍။ ပစ္ဆိမသာဝကော၊ သည်။ ဝါ၊ နောက်ဆုံးဖြစ်သော မျက်မှောက်တပည့်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊သို့။ ပဿတိ၊ ၏။

အပရံ၊ သော။ကာရဏမ္ပိ၊ ကိုလည်း။ ပဿတိ၊၏။ ကိံ၊သို့။ ပဿတိ၊ နည်း။ မယိ၊ သည်။ အညတ္ထ၊ သော။ နဂရေ၊ ၌။ ပရိနိဗ္ဗာယန္တေ၊ သော်။ ဓာတုဘာဇနီယေ၊ဓာတ်တော်ကိုဝေဘန်ရာအရပ်၌။ ဝါ၊ဓာတ်တော်ကိုဝေဘန်ရာအခါ၌။ ဝါ၊ဓာတ်တော်ကိုဝေဘန်ခြင်းကြောင့်။ မဟာ၊ ကြီးစွာသော။ ကလဟော၊ ငြင်းခုံခြင်းသည်။ ဘဝိဿတိ၊ လတ္တံ့။ လောဟိတံ၊ သွေးသည်။ နဒီ ဝိယ၊ မြစ်ကဲ့သို့၊ သန္ဒိဿတိ၊စီးသွားလိမ့်လတ္တံ့။ ကုသိနာရာယံ၊ ၌။ ပရိနိဗ္ဗုတေ၊ သော်။ ဒေါဏဗြာဟ္မဏော၊ ဒေါဏပုဏ္ဏားသည်။ တံ ဝိဝါဒံ၊ ထိုငြင်းခုံခြင်းကို။ ဝူပသမေတွာ၊ ငြိမ်းအေးစေပြီး၍။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ဝိဘဇိဿတိ၊ ဝေဘန်လိမ့်လတ္တံ့။ ဣတိ၊ သို့။ ပဿတိ၊၏။ တီဟိ၊ ကုန်သော။ ဣမေဟိ ကာရဏေဟိ၊ မဟာသုဒဿနသုတ်ကိုဟောတော်မူလိုခြင်း,သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမတော်မူလိုခြင်း, ဒေါဏပုဏ္ဏားကို ဓာတ်တော်ကိုဝေဘန်စေလိုခြင်း ဟူသော ဤအကြောင်းတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ ဘဂဝါ၊ သည်။ ဧဝံ၊ သို့။ မဟန္တေန၊ သော။ ဥဿာဟေန၊ ဖြင့်။ ဣမ-ဣမသ္မိံ ကုသိနာရာနဂရေ၊ သို့။ အာဂတော၊ ပြီ။ ဣတိ-အယံ၊ သည်ကား။ သောမနာ၊ တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

သီဟသေယျန္တိ ဧတ္ထ၊ ပါဌ်၌။ အန္တတ္ထဘူတာ၊ အန္တတ္ထဖြစ်၍ ဖြစ်ကုန်သော။ ဝါ၊ အတွင်းနက် ပုဒ်နက်ဖြစ်၍ဖြစ်ကုန်သော။ သေယျာ၊ သေယျာတို့သည်။ ဝါ၊ အိပ်ခြင်းတို့သည်။ ကာမဘောဂီသေယျာ၊ ကာမဘောဂီသေယျ လည်းကောင်း။ ဝါ၊ကာမဂုဏ်စည်းစိမ်ကို ခံစားလေ့ရှိသော ပုဂ္ဂိုလ်တို့၏ အိပ်ခြင်းသည်းကောင်း။ ပေတသေယျာ၊ လည်းကောင်း။ ဝါ၊ ပြိတ္တာတို့၏ အိပ်ခြင်းလည်းကောင်း။ သီဟသေယျာ၊ လည်းကောင်း။ ဝါ၊ ခြင်္သေ့မင်းတို့၏ အိပ်ခြင်းလည်းကောင်း။ တထာဂတသေယျာ၊ လည်းကောင်း။ ဝါ၊ မြတ်စွာဘုရားတို့၏အိပ်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ စတဿော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ စတူသု၊ ကုန်သော။တတ္ထ-တာသု-သေယျာသု၊ တို့တွင်။ ယေဘုယျေန" ပ" သေန္တိ၊ ဟူ၍။ ဧဝံ၊ သို့။ စတုကင်္ဂုတ္တရေ၊ စတုက အင်္ဂုတ္တိုရ်၌။ ဝုတ္တာ၊ ဟောတော်မူအပ်သော။ အယံ-သေယျာ၊ ဤအိပ်ခြင်းသည်။ ကာမဘောဂီ-သေယျာ၊ မည်၏။ ဝါ၊ ကာမဂုဏ် စည်းစိမ်ကို ခံစားလေ့ရှိသော ပုဂ္ဂိုလ်တို့၏ အိပ်ခြင်းမည်၏။

[သာဓကပါဠိအနက်]။ ။ဘိက္ခဝေ၊ တို့။ ယေဘုယျေန၊ များသောအားဖြင့်။ ယေဘုယျေန၊ များကုန်သော။ ကာမဘောဂီ၊ ကာမဂုဏ် စည်းစိမ်ကို ခံစားလေ့ရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဝါမေန၊ လက်ဝဲဖြစ်သော။ ပဿေန၊ နံဘေးဖြင့်။ သေန္တိ၊ အိပ်ကြကုန်၏။

(ဟိ-သဒ္ဒါ တပ္ပါကဋီကရဏတ္ထ။) ယေဘုယျေန၊ အားဖြင့်။ တေ သတ္တာ၊ ထိုကာမဘောဂီသတ္တဝါတို့သည်။ ဒက္ခိဏေန၊ လက်ျာဖြစ်သော။ ပဿေန၊ နံဘေးဖြင့်။ သယန္တာနာမ၊ အိပ်သည်မည်ကုန်သည်။ နတ္ထိ၊ မဖြစ်ကုန်။ တနည်း–ယေဘုယျေန၊ အားဖြင့်။ ဒက္ခိဏေန၊ သော။ ပဿေန၊ ဖြင့်။ သယန္တာ၊ အိပ်ကြကုန်သော။ တေ သတ္တာနာမ၊ ထိုကာမဘောဂီသတ္တဝါတို့မည်ကုန်သည်။ နတ္ထိ၊ မရှိကုန်။

ယေဘုယျေန ဘိက္ခဝေ။ ပ။ သေန္တီတိ၊ ဟူ၍။ ဝံ၊ သို့။ စတုက္ကင်္ဂုတ္တရေ၊ ၌။ ဝုတ္တာ၊ သော။ အယံ-သေယျာ၊ သည်။ ပေတသေယျာ၊ မည်၏။

[သာဓကပါဠိအနက်]။ ။ဘိက္ခဝေ၊ တို့။ ယေဘုယျေန၊ အားဖြင့်။ ပေတာ၊ ပြိတ္တာတို့သည်။ ဥတ္တာနာ၊ ပက်လက်တို့သည်။ ဟုတွာ၊ ကုန်၍။ သေန္တိ၊ အိပ်ကြကုန်၏။

(ဟိ-သဒ္ဒါ တပ္ပါကဋီကရဏတ္ထ။) ပေတာနံ၊ တို့၏။ အပ္ပမံသလောဟိတတ္တာ၊ နည်းသောအသား, အသွေးရှိကုန်သည်၏ အဖြစ်ကြောင့်။ ပေတာ၊ တို့သည်။ အဋ္ဌိသင်္ဃာတဇဋိတာ၊ အရိုးအပေါင်းသည် မြေးယှက်အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဧကေန၊ တဘက်သော။ ပဿေန၊ ဖြင့်။ သယိတုံ၊ အိပ်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကြကုန်။ ဥတ္တာနာဝ၊ ပက်လက်တို့ သည်သာလျှင်။ ဟုတွာ၊ ကုန်၍။ သေန္တိ၊ အိပ်ကြကုန်၏။

သီဟော ဘိက္ခဝေ။ ပ။ ဟောတီတိ၊ ဟူ၍။ ဝံ၊ သို့။ စတုက္ကင်္ဂုတ္တရေ၊ ၌။ ဝုတ္တာ၊ သော။ အယံ-သေယျာ၊ သည်။ သီဟသေယျာ၊ မည်၏။

[သာဓကပါဠိအနက်]။ ။ဘိက္ခဝေ၊ တို့။ မိဂရာဇာ၊ သားတို့၏ မင်းဖြစ်သော။ သီဟော၊ ခြင်္သေ့သည်။ ဒက္ခိဏေန၊ သော။ ပဿေန၊ ဖြင့်။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေသိ၊ ပြုပြီ။ ပ။ အတ္တမနော၊ မိမိစိတ်ရှိသည်။ ဟောတိ၊ ၏။

(ဟိ-သဒ္ဒါ တပ္ပါကဋီကရဏတ္ထ။) သီဟဿ၊ ခြင်္သေ့၏။ တေဇုဿဒတ္တာ၊ များသော တန်းခိုးရှိသည်၏ အဖြစ်ကြောင့်။ မိဂရာဇာ၊ သော။ သီဟော၊ သည်။ ဒက္ခိဏေ၊ လက်ျာဖြစ်သော။ ပုရိမပါဒေ၊ ရှေ့ခြေ၌။ ဝါမဿ၊ လက်ဝဲဖြစ်သော။ ပုရိမပါဒဿ၊ ရှေ့ခြေကို။ ထပနဝသေန၊ တင်ထားခြင်း၏ အစွမ်းအားဖြင့်။ [ထည့်စပ်။] ဒွေ၊ ကုန်သော။ ပုရိမပါဒေ၊ ရှေ့ခြေတို့ကို။ ဧကသ္မိံ၊ တခုသော။ ဌာနေ၊ အရပ်၌။ ထပေတွာ၊ ၍။ ဒက္ခိဏေ၊ သော။ ပစ္ဆိမပါဒေ၊ နောက်ခြေ၌။ ဝါမဿ၊ သော။ ပစ္ဆိမပါ-ဒဿ၊ ကို။ ထပနဝသေန၊ အားဖြင့်။ ဒွေ၊ ကုန်သော။ ပစ္ဆိမပါဒေ၊ တို့ကို။ ဧကသ္မိံ၊ သော။ ဌာနေ၊ ၌။ ထပေတွာ၊ ၍။ နင်္ဂုဋ္ဌံ၊ အမြီးကို။ အန္တရသတ္ထိမှိ၊ ပေါင်ကြား၌။ ပက္ခိပိတွာ၊ လျှို၍ ထား၍။ ဝါ၊ ထည့်သွင်း၍။ ပုရိမပါဒပစ္ဆိမပါဒနင်္ဂုဋ္ဌာနံ၊ ရှေ့ခြေ,နောက်ခြေ,အမြီးတို့၏။ ဌိတောကာသံ၊ တည်ရာအရပ်ကို။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်၍။ ဒွိန္နံ၊ ကုန်သော။ ပုရိမပါဒါနံ၊ တို့၏။ မတ္ထကေ၊ အထက်၌။ သီသံ၊

ဦးခေါင်းကို။ ထပေတွာ၊ ၍။ သယတိ၊အိပ်တတ်၏။ ဒိဝသံ၊တနေ့ပတ်လုံး။သယိတွာပိ အိပ်ပြီး၍လည်း။ ပဗုဇ္ဈမာနော၊ နိုးသည်ရှိသော်။ ဥတြသန္တော၊ တဖျပ်ဖျပ် ထိတ်လန့် လျက်။ န ပဗုဇ္ဈတိ၊ နိုးသည်မဟုတ်။ ပန၊ ကား။ သီသံ၊ ကို။ ဥက္ခိပိတွာ၊ ချီမြှောက် ၍။ ဝါ၊ မော့၍။ ပုရိမပါဒါဒီနံ၊ တို့၏။ဌိတောကာသံ၊တည်ရာအရပ်ကို။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။ ကိဉ္စိ၊ တစုံတခုသောအင်္ဂါကြီး,ငယ်သည်။ ဌာနံ၊တည်ရာအရပ်ကို။ ဝိဇဟိတွာ၊စွန့်၍။ဌိတံ၊ တည်သည်။သစေ ဟောတိ၊အံ့။တနည်း–ကိဉ္စိ၊တစုံတခုသော။ ဌာနံ၊ ကိုယ်အင်္ဂါအရပ်သည်။ကိဉ္စိ၊သော။ဌာနံ၊တည်ရာအရပ်ကို။ ဝိဇဟိတွာ၊၍။ ဌိတံ၊ သည်။သစေ ဟောတိ၊အံ့။ တနည်း–ကိဉ္စိ သော။ ဌာနံ၊ကိုယ်အင်္ဂါ အရပ်သည်။ ဝိဇ-ဟိတွာ၊တည်ရာအရပ်ကိုစွန့်၍။ဌိတံ၊ သည်။သစေ ဟောတိ၊ အံ့။ ဧဝံသတိ၊ သော်။ဇဟံ-ဝိဇဟနံ၊ဤသို့စွန့်ခြင်းသည်။ တုယှံ၊ သင်၏။ ဇာတိယာ စ၊ ဇာတ်အားလည်းကောင်း။ သူရဘာဝဿ စ၊ ရဲရင့်သည်၏အဖြစ်အားလည်းကောင်း။ ဝါ၊ သူရဲဘောသတ္တိအား လည်းကောင်း။ န အနုရူပံ၊ မလျော်ခဲ့။ ဣတိ၊ သို့။ အနတ္တမနော၊ မိမိစိတ်မရှိသည်။ ဟုတွာ၊၍။တတ္ထေဝ-တသ္မိံ ဧဝ ဌာနေ၊ထိုအိပ်မြဲတိုင်းသောအရပ်၌သာလျှင်။သယတိ၊ အိပ်ပြန်၏။ ဂေါစရာယ၊ ဇရခြေတို့၏ကျက်စားရာဖြစ်သောအာဟာရအကျိုးငှါ။ ဝါ၊ ထိုထိုအရပ်သို့သွား၍စားအပ်သော အာဟာရအကျိုးငှါ။ န ပက္ကမတိ၊ ဖဲသွားသည် မဟုတ်။ပန၊ကား။ကိသ္မိဉ္စိ၊တစုံတခုသောအင်္ဂါကြီး,ငယ်သည်။ ဌာနံ၊တည်ရာအရပ်ကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ ဌိတေ၊ တည်သည်ရှိသော်။ တနည်း–ကိသ္မိဉ္စိ၊တစုံတခုသော။ ဌာနေ၊ ကိုယ်အင်္ဂါအရပ်သည်။ ကိဉ္စိ၊ တစုံတခုသော။ ဌာနံ၊ တည်ရာအရပ်ကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ တနည်း–ကိသ္မိဉ္စိ၊ တစုံတခုသော။ ဌာနေ၊ ကိုယ်အင်္ဂါ အရပ်သည်။ အဝိဇဟိတွာ၊ တည်ရာအရပ်ကိုမစွန့်မူ၍။ ဌိတေ၊ တည်သည်ရှိသော်။ ဇဟံ-အဝိဇဟနံ၊ ဤသို့မစွန့်ခြင်းသည်။ တုယှံ၊ သင်၏။ ဇာတိယာ စ၊ ဇာတ်အားလည်း ကောင်း။ သူရဘာဝဿ စ၊ ရဲရင့်သည်၏အဖြစ်အားလည်းကောင်း။ ဝါ၊ သူရဲဘော သတ္တိအားလည်းကောင်း။ အနုရူပံ၊ လျော်၏။ ဣတိ၊သို့။ ဟဋ္ဌတုဋ္ဌော၊ ရွှင်လန်းနှစ်သက် သည်။ဟုတွာ၊၍။ဥဋ္ဌာယ၊ ထ၍။သီဟဝိဇမ္ဘိတံ၊ခြင်္သေ့မင်းတို့၏ဇမ္ဘယ်ခြင်းကို။ဝါ၊ ခြင်္သေ့ မင်းတို့၏ကိုယ်ကိုညွှတ်စေခြင်းကို။ ဝါ၊ ခြင်္သေ့မင်းတို့၏ကိုယ်ကိုဆန့်ခြင်းကို။ ဝါ၊ခြင်္သေ့ မင်းတို့၏ ခါးဆန့်ခြင်းကို။ ဝိဇမ္ဘိတွာ၊ ဇမ္ဘယ်ပြီး၍။ ဝါ၊ကိုယ်ကိုညွှတ်စေပြီး၍။ ဝါ၊ ကိုယ်ကိုဆန့်ပြီး၍။ ဝါ၊ ခါးဆန့်ပြီး၍။ ကေသရဘာရံ၊ လည်ဆံတည်းဟူသောဝန်ကို။ ဝိဓုနိတွာ၊ ခါ၍။တိက္ခတ္တုံ၊ သုံးကြိမ်။ သီဟနာဒံ၊ခြင်္သေ့မင်း၏ဟောက်သံကို။ နဒိတွာ၊ ဟောက်ပြီး၍။ ဂေါစရာယ၊ ငှါ။ ပက္ကမတိ၊ ၏။

(ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) စတုတ္ထဗျာနသေယျာ။ စတုတ္ထဗျာနသေယျာကို။ ဝါ၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော စတုတ္ထဈာန်သာလျှင်ဖြစ်သော ကြောင့်ကြမရှိသည်၏အဖြစ် ဖြင့် ဖြစ်ရာဖြစ်သောအိပ်ခြင်းကို။ တထာဂတဿ၊ ၏။ သေယျာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ စတူသု၊ ကုန်သော။ တာသု-သေယျာသု၊ တို့တွင်။ သီဟသေယျာ၊ သည်။ ဣဓ-ဣမသ္မိံ ပဒေ၊သီဟသေယျံ ကပ္ပေတိဟူသော ဤပုဒ်၌။ အာဂတာ၊ ပြီ။ (ဟိ-သဒ္ဒါ တပ္ပါက-

ဠီကရဏဋ္ဌ။) ဇူမိဿာ-သေယျာယ၊ ၏။ တေဇုဿဒဇူရိယာပထတ္တာ၊ များသော တန်းခိုးရှိသော ဇူရိယာပုထ်၏အဖြစ်ကြောင့်။အယံ-သေယျာ၊ သည်။ ဥတ္တမသေယျာ-နာမ၊ မြတ်သောအိပ်ခြင်းမည်၏။

ပါဒေပါဒန္တိ၊ကား။ဒက္ခိဏပါဒေ၊လက်ျာခြေတော်၌။ ဝါမပါဒံ၊လက်ဝဲခြေတော်ကို။ အစ္စာဓာယ၊ စဉ်းငယ်ပိုလွန်၍ထားတော်မူ၍။ အစ္စာဓာယာတိ၊ ကား။ အတိအာဓာ-ယ၊ ပိုလွန်၍ထားတော်မူ၍။ ဤသကံ၊ စဉ်းငယ်။ အတိက္ကမ္မ၊ လွန်၍။ ထပေတွာ၊ ထားတော်မူ၍။ ကပ္ပေသိ၊ ပြုတော်မူပြီ။ * ဂေါပ္ဖကေန၊ တဘက်သော ခြေဖမျက်ဖြင့်။ ဂေါပ္ဖကမ္ဗိ၊ တဘက်သော ခြေဖမျက်ကို။ သဃဋ္ဋိယမာနေ ဝါ၊ထိခိုက်အပ်သော်လည်း ကောင်း။ ဇာဏုနာ၊ တဘက်သောပုဆစ်ဒူးဝန်းဖြင့်။ ဇာဏုမ္ဗိ၊ တဘက်သောပုဆစ်ဒူးဝန်းကို။ သဃဋ္ဋိယမာနေ ဝါ၊ ထိခိုက်အပ်သော်လည်းကောင်း။ အဘိဏှံ၊ မပြတ်မလပ်။ ဝေဒနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ စိတ္တံ၊ သည်။ ဧကဂ္ဂံ၊ တခုတည်းသောမြတ်သော အာရုံရှိသည်။ ဝါ၊ တည်ကြည်ငြိမ်သက် မလှုပ်ရှက်သည်။န ဟောတိ၊ မဖြစ်။သေယျာ၊ အိပ်ရခြင်းသည်။ အဖာသုကာ၊ မချမ်းသာသည်။ ဟောတိ၊ ၏။

(ပန-သဒ္ဒါ အန္တယတ္ထ။) ယထာ၊ အားဖြင့်။ ဒက္ခိဏပါဒေ၊ ၌။ ဝါမပါဒေ၊ ကို။ ထပိယမာနေ၊ထားအပ်သည်ရှိသော်။ဂေါပ္ဖကံ ဝါ၊တဘက်သောခြေဖမျက်သည်သော်လည်း။ ဂေါပ္ဖကံ၊တဘက်သောခြေဖမျက်ကို။ န သဃဋ္ဋေတိ၊ မထိခိုက်နိုင်။ ဇာဏု ဝါ၊ တဘက်သော ပုဆစ်ဒူးဝန်းသည်သော်လည်း။ ဇာဏုံ၊ တဘက်သောပုဆစ် ဒူ ဝန်းကို။ န သဃဋ္ဋေတိ၊ နိုင်၊ ဧဝံ၊ ဤသို့ခြေဖမျက်အချင်းချင်း, ပုဆစ်ဒူးဝန်းအချင်း ချင်း မထိခိုက်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။ဒက္ခိဏပါဒေ၊ ၌။ ဝါမ-ပါဒေ၊ ကို။ အတိက္ကမ္မ၊ ၍။ ထပိတေ၊ သော်။ ဝေဒနာ၊ သည်။ နေဝ ဥပ္ပဇ္ဇတိ၊ နိုင်။ စိတ္တံ၊ သည်။ ဧကဂ္ဂံ၊ သည်။ ဟောတိ၊ ၏။ သေယျာ၊ အိပ်ရခြင်းသည်။ ဖာသု၊ ချမ်းသာ ခြင်းသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧဝံ၊ ဤသို့လက်ျာခြေတော်၌ လက်ဝဲခြေ တော်ကို စဉ်းငယ်ပိုလွန်၍ထားတော်မူ၍။ နိပဇ္ဇိ၊အိပ်တော်မူပြီ။ (ပန-သဒ္ဒါ ဥပနျာ-သတ္ထ။) ဘဂဝတော၊၏။ အနုဋ္ဌာနသေယျံ၊ ထခြင်းမရှိသောအိပ်ခြင်းကို။ဥပဂတတ္တာ၊ ကပ်ရောက်တော်မူပြီးသည်၏အဖြစ်ကြောင့်၊ဣဓ-ဧတသ္မိံ အနုဋ္ဌာနသေယျုပဂမနေ၊ ဤထခြင်းမရှိသော အိပ်ခြင်းသို့ကပ်ရောက်ခြင်း၌။ ဥဋ္ဌာနသညံ မနသိကရိတွာတိ၊ ဟူ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ န ဝုတ္တံ၊ အပ်။ စ၊ ထိုသို့ပင် မဆိုအပ်ပါသော်လည်း။ ဣဓ-ဧတသ္မိံ အနုဋ္ဌာနသေယျုပဂမနေ၊ ၌။ ကာယဝသေန၊ ကိုယ်၏အစွမ်း အားဖြင့်။ အနုဋ္ဌာနံ၊ မထခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။

(ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) နိဒ္ဒါဝသေန၊ အိပ်ပျော်ခြင်း၏အစွမ်းအားဖြင့်။ ဝါ၊ ဝိထိစိတ်ကိုဖြတ်တတ်သော အိပ်ပျော်ခြင်းလက္ခဏာရှိသော ဘဝင်စိတ်၏အစွမ်းအား

* မှတ်ချက်။ [ဤအရာ၌ ဂေါပ္ဖကေန ဟိ ဂေါပ္ဖကမ္ဗိ ဇာဏုနာဝါ ဇာဏုမ္ဗိ သဃဋ္ဋိယမာနေ အဘိဏှံ ဝေဒနာ ဥပ္ပဇ္ဇတိ-ဟု ပါဠ်ရှိမှသင့်လျော်မည်၊ ဟိ-သဒ္ဒါ တပ္ပါကဋီကရဏတ္ထ, ကာရဏတ္ထနှစ်ချက်သင့်။]

ဖြင့်။ တံ ရတ္တိံ၊ ထိုပရိနိဗ္ဗာန်စံတော်မူရာညဉ့်ပတ်လုံး။ ဘဂဝတော၊ အား။ ဝါ၊ ၏။ ဘဝင်္ဂသ၊အိပ်ပျော်ခြင်းသို့ကပ်ရောက်ခြင်းလက္ခဏာရှိသောဘဝင်၏။ ဩကာသော ယေဝ၊ အခွင့်သည်သာလျှင်။ န အဟောသိ၊ မဖြစ်။ (ဟိ-သဒ္ဒါ ဝိတ္ထာရဇ္ဇ။) တနည်း—ကသ္မာ၊ ကြောင့်။ နိဒ္ဒါဝသေန၊ အားဖြင့်။ တံ ရတ္တိံ၊ လုံး။ ဘဂဝတော၊ အား။ ဝါ၊ ၏။ ဘဝင်္ဂသ၊ ၏။ ဩကာသောယေဝ၊ သည်သာလျှင်။ န အဟောသိ၊ မဖြစ်။ ဇူတိ၊ သို့။ ဝိညာယတိ၊ နည်း။ ဇူသိ-အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ဟိ-ယသ္မာ၊ ကြောင့်။ ပဌမယာမသ္မိံ၊ ပဌမယာမ်၌။ မလ္လာနံ၊ မလ္လာမင်းတို့အား။ ဓမ္မဒေသနာ၊တရားဟောတော်မူခြင်းသည်။ အဟောသိ၊ပြီ။ မဇ္ဈိမယာမေ၊ ၌။ သုဘဒ္ဒဿ၊ အား။ ဓမ္မဒေသနာ၊ သည်။ အဟောသိ၊ ပြီ။ ပစ္ဆိမယာမေ၊ ၌။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ဩဝဒိ၊ ဆုံးမတော်မူပြီ။ ဗလဝပစ္စူသေ၊ အမိုက်ကိုဖျောက် အလင်းရောက်သည့် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်စံတော်မူပြီ။ တသ္မာ၊ ကြောင့်။ နိဒ္ဒါဝသေန၊ အားဖြင့်။ တံ ရတ္တိံ၊ လုံး။ ဘဂဝတော၊ အား။ ဝါ၊ ၏။ ဘဝင်္ဂသ၊ ၏။ ဩကာသောယေဝ၊ သည်သာလျှင်။ န အဟောသိ၊ မဖြစ်။ ဇူတိ၊ သို့။ ဝိညာယတိ၊ ၏။ ဇူတိ-အယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

သဗ္ဗပါလိဖုလ္လာတိ၊ ကား။ သဗ္ဗေ၊ ကုန်သော။ ယမကသာလာ၊ အစုံအစုံသောအင်ကြင်းပင်ပျိုတို့သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပုပ္ဖိတာ၊ ပွင့်ကုန်သည်။ ဝါ၊ ဖြစ်သောအပွင့်ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ မူလတော၊အရင်းမှ။ ပဋ္ဌာယ၊စ၍။ ယာဝ-အဂ္ဂါ၊ အဖျားတိုင်အောင်။ ဧကစ္ဆန္နာ၊ ပန်းပွင့်တို့သည် တခုတည်းသောအခြင်းအရာအားဖြင့် ဖုံးလွှမ်းအပ်ကုန်သည်။ အဟေသုံ၊ ကုန်ပြီ။ (စ-သဒ္ဒါ ဥပနျာသတ္ထ။) ကေဝလံ၊ တပါးသောသစ်ပင်တို့နှင့် မရောမယှက်သက်သက်။ ယမကသာလာယေဝ၊ တို့သည်သာလျှင်။ သဗ္ဗပါလိဖုလ္လာ၊ အလုံးစုံထက်ဝင်းကျင်မှ ပွင့်ကုန်သည်။ ဝါ၊ အလုံးစုံပွင့်ခြင်းဖြင့် ထက်ဝန်းကျင်မှ ပွင့်ကုန်သည်။ ဝါ၊ပင်လုံးကျွတ်ပွင့်ကုန်သည်။ န အဟေသုံ၊ ဖြစ်သည်မဟုတ်ကုန်သေး။ အထခေါ၊ ကား။ သဗ္ဗေ၊ ကုန်သော။ ရုက္ခာပိ၊ တို့သည်လည်း။ သဗ္ဗပါလိဖုလ္လာဝ၊ ကုန်သည်သာလျှင်။ အဟေသုံ၊ ကုန်ပြီ။

ဟိ၊ သည်သာမကသေး။ ကေဝလံ၊ တပါးသောဥယျာဉ်, တပါးသောအရပ်တို့နှင့်မရောမယှက်သက်သက်။တသ္မိံယေဝ ဥယျာနေ၊ ၌သာလျှင်။ ရုက္ခာ၊ တို့သည်။ပုပ္ဖံ၊ အပွင့်ကို။ န ဂဏှိံသု၊ ယူကြသည်မဟုတ်ကုန်သေး။ အထခေါ၊ ကား။ သကလမ္ပိ၊ အလုံးစုံသော။ ဒသသဟဿစက္ကဝါဠေသုပိ၊တသောင်းသောစကြာဝဠာ၌လည်း။ ပုပ္ဖူပဂါ၊ အပွင့်သို့ရောက်ကုန်သော။ ဝါ၊ အပွင့်ကိုဆောင်ကုန်သော။ ရုက္ခာ၊ တို့သည်။ ပုပ္ဖံ၊ ကို။ ဂဏှိံသု၊ ယူကြကုန်သေးသည်သာ။ ဖလူပဂါ၊ အသီးသို့ရောက်ကုန်သော။ ဝါ၊ အသီးကိုဆောင်ကုန်သော။ ရုက္ခာ၊ တို့သည်။ ဖလံ၊ကို။ ဂဏှိံသု၊ကုန်ပြီ။ သဗ္ဗရုက္ခာနံ၊ အလုံးစုံသောသစ်ပင်တို့၏။ ခန္ဓေသု၊ ပင်စည်တို့၌။ ခန္ဓပဒုမာနိ၊ ပင်စည်ပဒုမ္မာတို့သည်။ အဟေသုံ၊ ကုန်ပြီ။ သာခါသု၊ အခက်တို့၌။ သာခါပဒုမာနိ၊ အခက်ပဒုမ္မာတို့သည်။ အဟေသုံ၊ ကုန်ပြီ။ ဝလ္လီသု၊ နွယ်တို့၌။ ဝလ္လိပဒုမာနိ၊ နွယ်ပဒုမ္မာတို့သည်။ အဟေသုံ၊

ကုန်ပြီ။ အာကာသေသု ကောင်းကင်တို့၌။ * အာကာသပဒုမာနိ၊ ကောင်းကင်ပဒုမ္မာတို့သည်။ တနည်း–ဥလ္လောကပဒုမာနိ၊ အောက်သို့ငုံ၍ကြည့်ကုန်သကဲ့သို့ တည်သောပဒုမ္မာတို့သည်။ အဟေသုံ၊ ကုန်ပြီ။ ပထဝိတလံ၊ မြေအပြင်ကို။ ဘိန္ဒိတွာ၊ ဖောက်ခွဲကြကုန်၍။ ဒဏ္ဍပဒုမာနိ၊ အရိုးရှိသောပဒုမ္မာတို့သည်။ ပုပ္ဖိံသု၊ ပွင့်ကုန်ပြီ။ သဗ္ဗော၊ သော၊ မဟာသမုဒ္ဒေါ၊ သည်။ ဝါ၊ ကို။ ပဉ္စဝဏ္ဏပဒုမသဉ္ဆန္နော၊ ငါးပါးသောအဆင်းရှိသော ပဒုမ္မာတို့သည် ကောင်းစွာဖုံးလွှမ်းအပ်သည်။ အဟောသိ၊ ပြီ။ တိယောဇနသဟဿဝိတ္ထတော၊ ယူဇနာသုံးထောင် အပြန့်ကျယ်သော။ ဟိမဝါ၊ သည်။ ဃနဗဒ္ဓပေါရပိဏ္ဍိကလာပေါ၊ တခဲနက်ဖွဲ့အပ်သော ဥဒေါင်းမြီးစည်းသည်။ အတိရမဏီယော၊ အလွန်မွေ့လျော်စေတတ်သည်၊ ဝါ၊ အလွန်မွေ့လျော်ရာသည်။ အဟောသိ ဝိယ၊ ဖြစ်သကဲ့သို့ လည်းကောင်း။ နိရန္တရံ၊ မပြတ်မလပ်။ မာလာဒါမဂဝစ္ဆိကော၊ ပန်းဆိုင်းရှိသော လေသောက်ပြွတ်ပေါက်သည်။ ဝါ၊ ပန်းဆိုင်းရှိသော နွားဓါ၏ ဖျက်လုံးနှင့်တူသော ဇာရှိသော လေသောက်ပြွတ်ပေါက်သည်။ အတိရမဏီယော၊ သည်။ အဟောသိ ဝိယ၊ ကဲ့သို့လည်းကောင်း။ သုဋ္ဌု၊ ကောင်းစွာ။ ပီဠေတွာ၊ ညှစ်၍။ ဝါ၊ ညှပ်၍၊ အာဗဒ္ဓပုပ္ဖဝဋံသကော၊ ပြင်းစွာဖွဲ့အပ်သော ဦးစောက်ပန်းသည်။ အတိရမဏီယော၊ သည်။ အဟောသိ ဝိယ၊ ကဲ့သို့လည်းကောင်း။ သုပူရိတံ၊ ကောင်းစွာပြည့်စေအပ်သော။ ပုပ္ဖစင်္ကောဋကံ၊ ပန်းတောင်းသည်။ အတိရမဏီယံ၊ သည်။ အဟောသိ ဝိယ၊ ကဲ့သို့လည်းကောင်း။ တထာ၊ တူ။ အတိရမဏီယော၊ သည်။ အဟောသိ၊ ပြီ။

တေ တထာဂတဿ သရီရံ ဩကိရန္တီတိ၊ ကား။ တေ ယမကသာလာ၊တို့သည်။ ဘုမ္မဒေဝတာဟိ၊ ဘုမ္မဇိုဝ်းနတ်တို့သည်။ သဉ္စလိတခန္ဓသာခဝိဋပါ၊ ကောင်းစွာတုန်လှုပ်စေအပ်သော ပင်စည်,အခက်, အခွရှိကုန်သည်။ ဟုတ္ဝာ၊ ကုန်၍။ တထာဂတဿ၊၏။ သရီရံ၊ ကိုယ်တော်၌။ အဝကိရန္တိ၊အောက်သို့ဖြန့်ကြဲကုန်၏။ သရီရဿ၊၏။ ဥပရိ၊ အထက်၌၊ ပုပ္ဖါနိ၊ တို့သည်။ ဝိကိရန္တိ၊ အထူးအားဖြင့် ဖြန့်ကြဲကုန်၏။ ဣတိ-အယံ၊ သည်ကား။ အတ္ထော၊ တည်း။ အဇ္ဈောကိရန္တီတိ၊ ကား။ အဇ္ဈောတ္ထရန္တာ ဝိယ၊ လွှမ်းမိုးကုန်သကဲ့သို့။ ကိရန္တိ၊ ဖြန့်ကြဲကုန်၏။ အဘိပ္ပကိရန္တီတိ၊ ကား။ အဘိဏှံ၊မပြတ်မလပ်။ပုနပ္ပုနံ၊တဘန်တဘန်။ ပကိရန္တိ ယောဝ၊အပြားအားဖြင့် ဖြန့်ကြဲကုန်သည်သာ။

ဒိဗ္ဗာနီတိ၊ကား။ ဒေဝလောကေ၊ နတ်ပြည်၌။ နန္ဒပေါက္ခရဏီသမ္ဘဝါနိ၊ နန္ဒရေကန်ကမ်း၌ဖြစ်ကုန်သော။မန္ဒာရဝပုပ္ဖါနိ၊မန္ဒာဝရနတ်ပန်းတို့သည်။ဝါ၊ထင်ရှားပန်းတို့သည်။

* **မှတ်ချက်။** [အာကာသပဒုမာနိ-ဟူသောပါဠ်အရာ၌ ဥလ္လောကပဒုမာနီတိ ဟေဋ္ဌာ ဩလောကေန္တာနိ ဝိယ တိဋ္ဌနပဒုမာနိ-ဟူသော ဋီကာပါဠ်ကို ထောက်သော် ဥလ္လောကပဒုမာနိ-ဟူသော ပါဠ်သာ ပါဠ်မှန်ဖြစ်ရာ၏၊ ယခု မူတို့၌ကား- အာကာသပဒုမာနိ-ဟူ၍သာ တညီတည်းရှိကြ၏၊ ဆုံထားဂဏ္ဌိ၌ကား-ဥလ္လောကပဒုမာနိ-ဟူသောပါဠ်ကိုယူ၍ ယောဇနာ၏၊ ဗားကရာနိဿယ၌ကား နှစ်မျိုးလုံးယောဇနာ၏။]

အန္တလိက္ခာ၊ဆီးတားမထင် ကြားအပြင်ဖြင့် ရှုမြင်အပ်သော အဇ္ဈောပြင် ထက်ကောင်းကင်မှ။ ပပတန္တိ၊ ကျကုန်၏။ တာနိ မန္ဒာရဝပုပ္ဖါနိ၊ တို့သည်။ သုဝဏ္ဏဝဏ္ဏာနိ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သည်။ ပဏ္ဏဆတ္တပ္ပမာဏပတ္တာနိ၊ သစ်ရွက်ထီးမျှ အတိုင်း အရှည်ရှိသော အရွက်ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ မဟာတုမ္ဗမတ္တံ၊ ပြည်တောင်းကြီးမျှအတိုင်းအရှည်ရှိသော။ ရေဏုံ၊ ဝတ်မှုန်ကို။ ဂဏှန္တိ၊ ယူကြကုန်၏။ စ၊ သည်သာမကသေး။ ကေဝလံ၊ တပါးသောပန်းတို့နှင့် မရောမယှက်သက်သက်။ မန္ဒာရဝပုပ္ဖါနေဝ၊ မန္ဒာရဝနတ်ပန်းတို့သည် သာလျှင်။ ဝါ၊ ထင်ရှားပန်းတို့သည် သာလျှင်။နပပတန္တိ၊ကျသည်မဟုတ်ကုန်သေး။ ပန၊ကား။မန္ဒာရဝပုပ္ဖတော၊မှ။အညာနိ၊ ကုန်သော။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ ပါရိစ္ဆတ္တကကောဝိဠာရပုပ္ဖါဒိနိပိ၊ ဝန်းကျင်ပတ်လည် ထီးသို့တည်သော ပင်လယ်ကသစ်ပန်း အစရှိသည်တို့သည်လည်း။သုဝဏ္ဏ-စင်္ကောဋကာနိ၊ ရွှေပန်းတောင်းတို့ကို။ ပူရေတွာ၊ ပြည့်စေကြကုန်၍။ စက္ကဝါဠမုခဝဋ္ဋိ-ယမ္ပိ၊ စကြာဝဠာနှုတ်ခမ်းရေး၌လည်းကောင်း။ တိဒသပုရေပိ၊ သုံးကျိပ်သုံးပါး နတ်သိကြားတို့ ပျော်ပါးစံရာ တာဝတိံသာနတ်ပြည်၌လည်းကောင်း။ ဝါ၊ ဇာတိသတ္တာဝိနာသာဟု သုံးဖြာသောအခိုက်အတန့်ရှိရာဖြစ်သော တာဝတိံသာနတ်ပြည်၌လည်းကောင်း။ ဗြဟ္မလောကေပိ၊ ဗြဟ္မာ့ပြည်၌လည်းကောင်း။ ဌိတာပိ၊ ကုန်သော။ ဒေဝတာပိ၊ နတ်,ဗြဟ္မာတို့သည်။ ပဝိဋ္ဌာနိ၊ ပစ်လွှတ်အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍။ အန္တလိက္ခာ၊မှ။ပပတန္တိ၊ကျကုန်၏။ တထာဂတဿ သရီရန္တိ၊ ကား။အန္တရာ၊ မြတ်စွာဘုရားသို့မရောက်မီ အကြား၌။ အဝိကိဏ္ဏာနေဝ၊ မဖြန့်ကြကုန်သည်သာလျှင်။ ဟုတွာ၊ ကုန်၍။ အာဂန္တွာ၊ လာကုန်၍။ ပတ္တကိဉ္ဇက္ခရေဏုစုဏ္ဏေဟိ၊ ရွက်ချပ်မှုန့်,ဝတ်ဆံမှုန့်, ဝတ်မှုန်မှုန့်တို့ဖြင့်။ တထာဂတဿ၊၏။ သရီရမေဝ၊ ၌သာလျှင်။ ဩကိရန္တိ၊အောက်သို့ဖြန့်ကြကုန်၏။

ဒိဗ္ဗာနိပိ စန္ဒနစုဏ္ဏာနီတိ၊ ကား။ ဒေဝတာနံ၊ တို့၏။ဝါ၊ တို့သည်။ ဉပကပ္ပနစန္ဒန-စုဏ္ဏာနိ၊ အသုံးအဆောင်ဖြစ်သော စန္ဒကူးမှုန့်တို့သည်။ ဝါ၊ သုံးဆောင်အပ်သော စန္ဒကူးမှုန့်တို့သည်။ ပပတန္တိ၊ကျကုန်၏။ စ၊သည်သာမကသေး။ ကေဝလံ၊ တပါးသော နဂါး, ဂဠုန်, လူတို့၏အသုံးအဆောင်ဖြစ်သော စန္ဒကူးမှုန့်တို့နှင့်မရောမယှက်သက် သက်။ ဒေဝတာနံ ယေဝ၊တို့၏သာလျှင်။ ဝါ၊တို့သည်သာလျှင်။ ဉပကပ္ပနစန္ဒနစုဏ္ဏာနိ၊ တို့သည်။ န ပပတန္တိ၊ ကျသည်မဟုတ်ကုန်သေး။ အထ ခေါ၊ ကား။ နာဂသုပဏ္ဏ-မနုဿာနံပိ၊ နဂါး,ဂဠုန်,လူတို့၏လည်း။ ဝါ၊ တို့သည်လည်း။ဉပကပ္ပနစန္ဒနစုဏ္ဏာနိ၊ တို့သည်။ ပပတန္တိ၊ကျကုန်သေး၏။ စ၊သည်သာမကသေး။ကေဝလံ၊တပါးသောအမှုန့် တို့နှင့် မရောမယှက်သက်သက်။ စန္ဒနစုဏ္ဏာနေဝ၊ စန္ဒကူးမှုန့်တို့သည် သာလျှင်။ န ပပတန္တိ၊ ကျသည်မဟုတ်ကုန်သေး။ အထ ခေါ၊ ကား။ ကာဠာနုသာရိကလော-ဟိတစန္ဒနာဒိသဗ္ဗဒိဗ္ဗဂန္ဓဇာတစုဏ္ဏာနိ၊ အကျော်,ကရမက်,စန္ဒကူးနီ အစရှိသော အလုံးစုံသော နတ်၌ဖြစ်သော နံ့သာ,နတ်၌ဖြစ်သော အမှုန့်တို့သည်လည်းကောင်း။ ဟရိတာလအဉ္ဇနသုဝဏ္ဏရဇတစုဏ္ဏာနိ၊ ဆေးဒန်းမှုန့်, မျက်စဉ်းမှုန့်, ရွှေမှုန့်, ငွေမှုန့် တို့သည်လည်းကောင်း။ သဗ္ဗဒိဗ္ဗဂန္ဓဝါသဝိကတိယော၊ အလုံးစုံသောနတ်၌ဖြစ်သော နံ့သာ,အနံ့အထုံအထူးတို့သည် လည်းကောင်း။သုဝဏ္ဏရဇတာဒိသမုဂ္ဂေ၊ရွှေ,ငွေ အစ

ရှိသည်တို့ဖြင့် ပြီးသော ပန်းတောင်းတို့ကို။ ပူရေဘွာ၊ပြည့်စေကြကုန်၍။ စက္ကဝါဠမုခ-ဝဋ္ဋိအာဒီသု၊ တို့၌၊ဌိတာဟိ၊ ကုန်သော။ ဒေဝတာဟိ၊တို့သည်။ပဝိဋ္ဌာနိ၊ ပစ်လွှတ်အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍၊ အန္တရာ၊ မြတ်စွာဘုရားသို့မရောက်မီအကြား၌။ အဝိပ္ပကိ-ရိတွာ၊ မဖြန့်ကြဲကုန်မူ၍။ တထာဂတဿဝ၊ ၏သာလျှင်။ သရီရံ၊ ၌။ ဩကိရန္တိ၊ ကုန်၏။

ဒိဗ္ဗာနိပိ တူရိယာနိတိ၊ ကား။ဒေဝတာနံ၊တို့၏။ဝါ၊ တို့သည်။ ဥပကပ္ပနတူရိယာနိ၊ အသုံးအဆောင်ဖြစ်သော တူရိယာတို့သည်။ ဝါ၊ သုံးဆောင်အပ်သော တူရိယာတို့သည်။ဝဇ္ဇန္တိ၊ မည်ကုန်၏။ စ၊ သည်သာမကသေး။ ကေဝလံ၊ တပါးသောတူရိယာတို့နှင့်မရောမယှက် သက်သက်၊တာနိယေဝ-တူရိယာနိ၊ တို့သည်သာလျှင်။ န ဝဇ္ဇန္တိ၊ မည်သည်မဟုတ်ကုန်သေး။အထခေါ၊ ကား။သဗ္ဗာနိ၊ကုန်သော၊တန္တိဗဒ္ဓစမ္မပရိယော-နဒ္ဓဃနသုသိရဘေဒါနိ၊ ညှို့ဖြင့်ဖွဲ့အပ်သော စောင်း,သားရေဖြင့် မြွေးယှက်အပ်သော စည်ကြီး, သံလွင်, ခွက်ခွင်း, မောင်း, ကြေးနင်းအစရှိသော တခဲနက်သော စည်,နှဲ, ပြွေအစရှိသောအခေါင်းရှိသော စည်အပြားရှိကုန်သော။ ဒသသဟဿစက္ကဝါဠေသု၊ တသောင်းသော စကြာဝဠာတို့၌။ ဝသန္တီနံ၊ နေကြကုန်သော။ ဒေဝတာနံ၊ တို့၏ လည်းကောင်း။ နာဂသုပဏ္ဏမနုဿာနံ၊ နဂါး, ဂဠုန်, လူတို့၏ လည်းကောင်း။ တူရိယာနိပိ၊ တို့သည်လည်း။ စေကစက္ကဝါဠေ၌။ သန္နိပတိတွာ၊ ကောင်းစွာကျရောက်ကြကုန်၍၊အန္တလိက္ခေ၊ဆီးတားမထင် ကြားအပြင်ဖြင့် ရှုမြင်အပ်သော အဇဋ္ဌာပြင် ထက်ကောင်းကင်၌။ ဝဇ္ဇန္တိ၊ မည်ကုန်သေးသည်သာ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

ဒိဗ္ဗာနိပိ သင်္ဂီတာနီတိ-တော်ဝစနံ၊ ကို။ ကာ၊ ကို၊ သန္ဓာယ၊ ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊သည်။ ဝုတ္တံ၊ နည်း။ ဣတိ-အယံ၊ သည်ကား၊ ပုစ္ဆာ၊တည်း။(ကိရ-သဒ္ဒါဝိတ္ထာရတ္ထ) ဝရဏာဝါရဏာဒေဝတာနာမ၊ ဝရဏာ,ဝါရဏာ နတ်အမည် ရှိကုန်သော။ ဒီဃာယုကာ၊ ရှည်သောအသက်ရှိကုန်သော။ တော-ဒေဝတာ၊ တို့သည်။ မဟာပုရိသော၊ မြက်သောယောကျ်ားသည် ဝါ၊ ယောကျ်ားမြတ်သည်။ မနုဿပထေ၊ လူတို့၏ရွာ၌။ ဝါ၊ လူ့ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်တော်မူ၍။ ဗုဒ္ဓေါ၊သည်။ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊သို့။သုတွာ၊ ကြားကြကုန်၍၊ မယံ၊ ငါတို့သည်။ ပဋိသန္ဓိဂ္ဂဟဏဒိဝသေ၊ ပဋိသန္ဓေကိုယူတော်မူရာနေ့၌၊နံ-မာလံ၊ထိုပန်းကို၊ဂဟေတွာ၊ယူကြကုန်၍။ဂမိဿာ-မ၊ သွားကြကုန်အံ့။ ဣတိ၊ သို့။ မနသိကတွာ၊ နှလုံးသွင်းကြကုန်၍။ မာလံ၊ ပန်းကို။ ဂန္ထေတုံ၊သီကုံးခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကြကုန်ပြီ။ တာ-ဒေဝတာ၊တို့သည်။ ဂန္ထမာနာဝ၊ သီကုံးကြကုန်စဉ်သာလျှင်။ မဟာပုရိသော၊ သည်။ မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။နိဗ္ဗတ္တော၊ ဖြစ်တော်မူရပြီ။ ဣတိ၊သို့။သုတွာ၊ကုန်၍။ တမ္ဘော၊တို့သည်။ ကသ္မာ၊ အဘယ်ပုဂ္ဂိုလ်ဘို့။ ဂန္ထထ၊ သီကုံးကြကုန်သနည်း။ ဣတိ၊သို့။ ဝုတ္တာ၊ ပြောဆိုအပ်ကုန်သည်။ သမာနာ၊ဖြစ်ကုန်သည်ရှိသော်။ မာလာ၊ ပန်းတို့သည်။ န တာဝ နိဋ္ဌန္တိ၊ မပြီးဆုံးကြကုန်သေး။ မယံ၊ တို့သည်။ ကုစ္ဆိတော၊ ဝမ်းမှ။ နိက္ခမနဒိဝသေ၊ ဘွားမြင်တော်မူရာနေ့၌။ နံ-မာလံ၊ထိုပန်းကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ပြောဆိုကြကုန်ပြီ။

ပုနပိ၊ နောက်ထပ်တဘန်လည်း။ မဟာပုရိသော၊သည်။ ကုစ္ဆိတော၊မှ။နိက္ခမန္တော၊ ထွက်တော်မူပြီ။ဝါ၊ဘွားတော်မူပြီ။ [မ-ပိုသည်၊ မလို။] ဣတိ၊သို့။သုတွာ၊ကုန်၍။ ပယံ၊ တို့သည်။ မဟာဘိနိက္ခမနဒိဝသေ၊မြတ်သောတောထွက်တော်မူရာနေ့၌။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊သို့။အာဟံသု၊ ပြောဆိုကြပြန်ကုန်ပြီ။ ပုနပိ၊ ဘန်လည်း။မဟာပုရိသော၊ သည်။ ကေနတိံသဝဿာနိ၊ နှစ်ဆယ့်ကိုး နှစ်တို့ပတ်လုံး။ ဃရေ၊ အိမ်၌။ ဝသိတွာ၊ နေတော်မူပြီး၍။ အဍ္ဎ၊ ဤနေ့၌။ ဝါ၊ ယနေ့၌။ မဟာဘိနိက္ခမနံ၊ မြတ်သောတောထွက်တော်မူခြင်းကို။နိက္ခမန္တော၊ထွက်တော်မူပြီ။ ဣတိပိ၊သို့လည်း။ သုတွာ၊ကုန်၍။ တုမှေ၊တို့သည်။ကဿ၊အဘယ်ပုဂ္ဂိုလ်ဘို့။ဂန္ဓထ၊ကုန်သနည်း။ဣတိ၊သို့။ဝုတ္တာ၊ကုန်သည်။သမာနာ၊ ကုန်သည်ရှိသော်၊မာလာ၊ တို့သည်။န တာဝ နိဋ္ဌန္တိ၊ကုန်သေး၊မယံ၊ တို့သည်။ အဘိသမ္ဗောဓိဒိဝသေ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်း၍သိမြင်တော်မူရာနေ့၌။နံ-မာလံ၊ ကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ပုနပိ၊ ဘန်လည်း။ မဟာပုရိသော၊ သည်။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ပဓာနံ၊ ဒုက္ကရစရိယကိုအားထုတ်ခြင်းကို။ ဝါ၊ အားထုတ်အပ်သော ဒုက္ကရစရိယကို။ ကတွာ၊ ၍။ အဇ္ဇ၊ ၌။ အဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်တော်မူပြီ။ ဣတိပိ၊ သို့လည်း။ သုတွာ၊ ကုန်၍။ တုမှေ၊ တို့သည်။ ကဿ၊ ဘို့။ ဂန္ဓထ၊ ကုန်သနည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ကုန်သည်။ သမာနာ၊ကုန်သည်ရှိသော်။မာလာ၊တို့သည်။ န တာဝ နိဋ္ဌန္တိ၊ကုန်သေး။မယံ၊ တို့သည်။ဓမ္မစက္ကပဝတ္တနဒိဝသေ၊ တရားတည်း ဟူသော စက်ကိုလည်စေတော်မူရာနေ့၌။ နံ-မာလံ၊ကို။ ဂဟေတွာ၊ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ပုနပိ၊ ဘန်လည်း။ မဟာပုရိသော၊ သည်။ သတ္တသတ္တာဟာနိ၊ ခုနစ်ရက် ခုနစ်လီ တို့ကို။ ဝါ၊ လေးဆယ့်ကိုးရက်တို့ကို။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ဝါ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဖြစ်သော ဗောဓိညောင်ပင် ရွှေပလ္လင်၌။ ဝီတိနာမေတွာ၊ လွန်စေတော်မူ၍။ ဣသိပတနံ၊ ဣသိပတနမိဂဒါဝုန် တောသို့။ ဂန္တွာ၊ ကြွသွားတော်မူ၍။ ဓမ္မစက္ကံ၊ တရားတည်းဟူသောစက်ကို။ ပဝတ္တိတံ၊ လည် စေတော်မူအပ်ပြီ။ ဣတိပိ၊ သို့လည်း။ သုတွာ၊ ကုန်၍။ တုမှေ၊ တို့သည်။ကဿ၊ဘို့။ ဂန္ဓထ၊ ကုန်သနည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ကုန်သည်၊ သမာနာ၊ ကုန်သည်ရှိသော်။ မာလာ၊တို့သည်။န တာဝ နိဋ္ဌန္တိ၊ ကုန်သေး။ မယံ၊ တို့သည်။ ယမကပါဋိဟာရိယဒိဝသေ၊ရေ,မီးအစုံအစုံရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူရာနေ့၌။ နံ-မာလံ၊ ကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ပုနပိ၊ ဘန်လည်း။ မဟာပုရိသော၊ သည်။ အဇ္ဇ၊ ၌။ ယမကပါဋိဟာရိယံ၊ရေ,မီး အစုံအစုံရှိသော တန်ခိုးပြာဋိဟာကို။ ကရိ၊ ပြုတော်မူပြီ။ ဣတိပိ၊ သို့လည်း။ သုတွာ၊ ကုန်၍။ တုမှေ၊ တို့သည်။ ကဿ၊ အဘယ်ပုဂ္ဂိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ဂန္ဓထ၊ ကုန်သနည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ကုန်သည်။ သမာနာ၊ ကုန်သည်ရှိသော်။ မာလာ၊ တို့သည်။ န တာဝ နိဋ္ဌန္တိ၊ ကုန်သေး။ မယံ၊ တို့သည်။ ဒေဝေါရောဟဏဒိဝသေ၊

တာဝတိံသာ နတ်ပြည်မှ သက်သဿမြို့သို့ သက်ဆင်းတော်မူရာနေ့၌။ နံ-မာလံ၊ ကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ပုနပိ၊ ဘန်လည်း။ မဟာပုရိသော၊ သည်။ အဇ္ဇ၊ ၌၊ ဒေဝေါရောဟဏံ၊ တာဝတိံသာ နက်ပြည်မှသက်သဿမြို့သို့ သက်ဆင်းတော်မူခြင်းကို။ ကရိ၊ ပြီ။ ဣတိပိ၊ သို့လည်း။ သုတွာ၊ ကုန်၍။ တုမှေ၊ တို့သည်။ ကဿ၊ ၏။ အတ္ထာယ၊ ငှါ။ ဂန္တထ၊ ကုန်သနည်း။ ဣတိ၊ သို့။ ဝုတ္တာ၊ ကုန်သည်။ သမာနာ၊ ကုန်သည်ရှိသော်။ မာလာ၊ တို့သည်။ န တာဝ နိဋ္ဌာတိ၊ ကုန်သေး။ မယံ၊ တို့သည်၊ အာယုသင်္ခါရောဿဇ္ဇနေ၊ အာယုသင်္ခါရကို စွန့်တော်မူရာ နေ့၌။ နံ-မာလံ၊ ကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ပုနပိ၊ ဘန်လည်း။ အဇ္ဇ၊ ၌။ မဟာပုရိသော၊ သည်။ အာယုသင်္ခါရံ၊ ကို။ ဩဿဇ္ဇိ၊ စွန့်လွှတ်တော်မူပြီ။ ဣတိပိ၊ သို့လည်း။ သုတွာ၊ ကုန်၍။ မာလာ၊ တို့သည်။ န တာဝ-နိဋ္ဌာတိ၊ ကုန်သေး။ မယံ၊ တို့သည်၊ ပရိနိဗ္ဗာနဒိဝသေ၊ ပရိနိဗ္ဗာန်စံတော် မူရာနေ့၌။ နံ-မာလံ၊ ကို။ ဂဟေတွာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့၊ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။ အဇ္ဇ၊ ၌။ ဘဂဝါ၊ သည်။ ယမကသာလာနံ၊ အစုံအစုံသောအင်ကြင်းပင်တို့၏။ အန္တရေ၊ အကြား၌။ ဒက္ခိဏေန၊ လက်ျာဖြစ်သော၊ ပဿေန၊ ဖြင့်။ သတော၊ အောက်မေ့တတ်သောသတိရှိတော်မူသည်။ သမ္ပဇာနော၊ ကောင်းစွာအပြားဖြင့် သိတတ်သောဉာဏ်ပညာရှိတော်မူသည်။ ဟုတွာ၊ ၍။ သီဟသေယံ၊ ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့် တူသော အိပ်တော်မူခြင်းသို့။ ဝါ၊ မြတ်သောအိပ်တော်မူခြင်းသို့။ ဥပဂတော၊ ကပ်ရောက်တော် မူသည်။ ဟုတွာ၊ ၍။ ဗလဝပစ္စူသသမယေ၊ အမိုက်ကိုဖျောက် အလင်းရောက်သည့် ဦးသောက်ခါနီး လင်းအားကြီးအချိန်၌။ ပရိနိဗ္ဗာယိဿတိ၊ လတ္တံ့။ တုမှေ၊ တို့သည်။ ကဿ၊ ၏။ အတ္ထာယ၊ ငှါ။ ဂန္တထ၊ ကုန်သနည်း။ ဣတိ၊ သို့။ သုတွာ၊ ကုန်၍။

အဇ္ဇေဝ၊ ၌သာလျှင်။ မာတုကုစ္ဆိယံ၊ ၌။ ပဋိသန္ဓိံ၊ ကို။ ယံ ဂဏှိ၊ အကြင် ယူတော်မူပြီ၊ အဇ္ဇေဝ၊ ၌သာလျှင်၊ မာတုကုစ္ဆိတော၊ မှ။ ယံ နိက္ခမိ၊ အကြင် ဘွားတော်မူပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ မဟာဘိနိက္ခမနံ၊ မြတ်သောတောထွက် တော်မူခြင်းကို။ ယံ နိက္ခမိ၊ အကြင်ထွက်တော်မူပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ ယံ ဗုဒ္ဓေါ၊ အကြင်သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍သိတော်မူပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ ဓမ္မစက္ကံ၊ တရားတည်းဟူသောစက်ကို။ ယံ ပဝတ္တယိ၊ အကြင်လည် စေတော်မူပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ ယမကပါဋိဟာရိယံ၊ ကို။ ယံ အကာသိ၊ ပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ ဒေဝလောကာ၊ တာဝတိံသာနတ်ပြည်မှ။ ယံ ဩတိဏ္ဏော၊ အကြင်သက်သဿမြို့သို့ သက်ဆင်းတော်မူပြီ။ အဇ္ဇေဝ၊ ၌သာလျှင်။ အာယုသင်္ခါရံ၊ ကို။ ယံ ဩဿဇ္ဇိ၊ အကြင်စွန့်လွှတ်တော်မူပြီ။ အဇ္ဇေဝ၊ ၌သာ လျှင်။ ယံ ပရိနိဗ္ဗာယိ ကိရ၊ အကြင်ပရိနိဗ္ဗာန်စံတော်မူလိမ့်လတ္တံ့တဲ့။ ဣတိ-ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ ကိန္နာမ၊ အဘယ်မည်သောအကြောင်းတဲ့နည်း။ ဝါ၊ ဘယ်နဲ့အကြောင်းတဲ့နည်း။ ဝါ၊ အဘယ်အမှုတဲ့နည်း။ ဒုတိယဒိဝသေ၊ နှစ် ရက်ဘို့၏ပြည့်ကြောင်းဖြစ်သောနေ့၌။ ယာဂုပါနကာလမတ္တမ္ပိ၊ ယာဂုတရှုတ်မျှ

အတိုင်းအရှည်ရှိသော ကာလပတ်လုံးလည်း။ ဌာတဗ္ဗံနာမ၊ တည်ရာပါသည် မဟုတ်တုံလော။ ဒသ၊ ကုန်သော။ ပါရမိယော၊ တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့် တော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ ဘုရား၏အဖြစ်သို့။ ပတ္တဿ၊ ရောက်တော်မူသော။ အဿ-ဘဂဝတော၊ အား။ ဝါ၊၏။ ဧတံ-သဗ္ဗံ၊ ဤအလုံးစုံသောအကြောင်း သည်။ ဝါ၊ ဤအလုံးစုံသောအမှုသည်။ အနနုစ္ဆဝိကံနာမ၊ မလျောက်ပတ် သည်မည်သည်သာ။

ဣတိ၊ သို့။ ပရိဒေဝိတွာ၊ မြည်တမ်းကြကုန်၍။ အပရိနိဋ္ဌိဟာဝ၊ မပြီးဆုံးသည်သာ လျှင်ဖြစ်ကုန်သော။ မာလာယော၊ တို့ကို။ ဂဟေတွာ၊ ကုန်၍။ အာဂမ္မ၊ လာကြကုန်၍။ အန္တောစက္ကဝါဠေ၊ စကြာဝဠာ၏အတွင်း၌။ ဩကာသံ၊ ထားရာအရပ်ကို။ အလဘ- မာနာ၊ မရကြကုန်သည်ရှိသော်။ စက္ကဝါဠမုခဝဋ္ဋိယံ၊ စကြာဝဠာ နှုတ်ခမ်းရေး၌။ လဂ္ဂိတွာ၊ တွဲလျားဆွဲကုန်၍။ စက္ကဝါဠမုခဝဋ္ဋိယာဝ၊ ဖြင့်သာလျှင်။ အာဓာဝန္တိယော၊ ပြေးသွားကြကုန်လျက်။ ဟတ္ထေန၊ တယောက်သော နတ်၏လက်ဖြင့်။ ဟတ္ထံ၊ တယောက်သောနတ်၏လက်ကို။ ဂီဝါယ၊ တယောက်သောနတ်၏လည်ဖြင့်။ ဂီဝံ၊ တယောက်သောနတ်၏လည်ကို။ ဂဟေတွာ၊ ကိုင်ကြကုန်၍။ ဝါ၊ သုံးသပ်ကြကုန်၍။ တီဏိ၊ ကုန်သော။ ရတနာနိ၊ တို့ကို။ အာရဗ္ဘ၊ အကြောင်းပြုကြကုန်၍။ ဒွတ္တိံသ၊ သုံးဆယ့်နှစ်ပါးသော။ မဟာပုရိသလက္ခဏာနိ၊ မြတ်သောယောကျ်ား၏ လက္ခဏာ တို့ကိုလည်းကောင်း။ ဆဗ္ဗဏ္ဏရသ္မိယော၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လည်းကောင်း။ဒသ၊ ကုန်သော။ပါရမိယော၊တို့ကိုလည်းကောင်း။အဓုဆက္ကာနိ၊အခွဲနှင့် တကွ ခြောက်လီကုန်သော။ ဇာတကသတာနိ၊ ဇာတ်တို့၏အရာတို့ကိုလည်းကောင်း။ တနည်း–အဓုဆက္ကာနိ ဇာတကသတာနိ၊ ငါးရာ့ ငါးဆယ်သောဇာတ်တို့ကိုလည်း ကောင်း။ စုဒ္ဒသ၊ ကုန်သော။ ဗုဒ္ဓဂုဏာနိ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုလည်း ကောင်း။ အာရဗ္ဘ၊ ကုန်၍။ ဂါယိတွာ၊ သီဆိုကြကုန်၍။တဿ တဿ-ဂီတဿ၊ ထိုထို သီချင်းသံ၏။ အဝသာနေ၊ အဆုံး၌။ မဟာယသော မဟာယသောတိ၊ ဟူ၍။ ဝါ၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော အရှိန်အစော် အကျော် အစော ရှိတော် မူသော မြတ်စွာဘုရား,ကြီးကျယ်များမြတ် ပူဇော်အပ်သော အရှိန် အစော် အကျော် အစော ရှိတော်မူသော မြတ်စွာဘုရားဟူ၍။ ဝဒန္တိ၊ ကုန်၏။ ဧတံ-သံဂီတံ၊ ဤသီချင်းသံကို။ ပဋိစ္စ၊ ၍။ ဒိဗ္ဗာနိပိ။ ပ။ ပူဇာယာတိ၊ ဟူ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ ဣတိ-အယံ၊ သည်ကား။ ဝိသဇ္ဇနာ၊ တည်း။

၁၉၉။ (ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) ဘဂဝါ၊ သည်။ ယမကသာလာနံ၊ တို့၏။ အန္တရာ၊ အလယ်စပ်ကြား၌။ ဒက္ခိဏေန၊ သော။ ပဿေန၊ ဖြင့်။ နိပန္နော ယေဝ၊ လျောင်းစက်တော်မူလျက်သာလျှင်။ ပထဝိတလတော၊ မြေအပြင်မှ။ ယာဝ စက္ကဝါဠ- မုခဝဋ္ဋိယာ စ၊ စကြဝဠာနှုတ်ခမ်းရစ်တိုင်အောင်လည်းကောင်း။ စက္ကဝါဠမုခဝဋ္ဋိ- တော၊ မှ။ ယာဝ ဗြဟ္မလောကာ စ၊ ဗြဟ္မပြည်တိုင်အောင်လည်းကောင်း။ သန္နိပတိ- တာယ၊ ကောင်းစွာကျရောက်သော။ ပရိသာယ၊ ၏။ မဟန္တံ၊ ကြီးကျယ်သော။

ဥဿာဟံ၊ အားထုတ်ခြင်းကို။ ဒိသွာ၊ ၍။ အာယသ္မတော အာနန္ဒဿ၊ အား။ အာရောစေသိ၊ မိန့်တော်မူပြီ။ တေန၊ ကြောင့်။ အထ ခေါ။ပ။ ပူဇာယာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။

ဇဝံ၊ ဖြင့်။ မဟာသက္ကာရံ၊ များသောပူဇော်ခြင်းကို။ ဝါ၊ များသောအရိုအသေ ပြုခြင်းကို။ ဒိသွာ၊ ပြီး၍။ တေနာပိ-မဟာသက္ကာရေန၊ ဖြင့်လည်း။ အတ္တနော၊ ကိုယ်တော်၏။ ဝါ၊ ကို။ အသက္ကတဘာဝမေဝ၊ ကောင်းစွာမပြုအပ်သည်၏အဖြစ်ကို သာလျှင်။ ဝါ၊အရိုအသေမပြုအပ်သည်၏ အဖြစ်ကိုသာလျှင်။ န ခေါ အာနန္ဒ ဧတ္တာ-ဝတာတိအာဒိနာ၊ န ခေါ အာနန္ဒ ဧတ္တာဝတာ ဤသို့အစရှိသောပါဠိဖြင့်။ ဒဿေ-န္တော၊ကြောင့်။ န ခေါ အာနန္ဒ ဧတ္တာဝတာတိအာဒိံ၊ ကို။ အာဟ၊ ပြီ။ ဧတ္ထ-ဗိတ္တ-ဏ္ဍဇာတံ၊သည်။ ဝါ၊ကို။ ဝုတ္တံ၊သည်။ ဟောတိ၊၏။ ကိံ၊သို့။ ဝုတ္တံ၊သည်။ ဟောတိ၊နည်း။ အာနန္ဒ၊ အာနန္ဒာ။ ဒီပင်္ကရပါဒမူလေ၊ ဒီပင်္ကရာအမည်ရှိတော်မူသောမြတ်စွာဘုရား၏ ခြေတော်ရင်း၌၊ နိပန္နေန၊ လျောင်းတော်မူလျက်။ အဋ္ဌ၊ကုန်သော။ ဓမ္မေ၊ မနုဿတ္တ, လိင်္ဂသမ္ပတ္တိ အစ ရှိသောတရားတို့ကို။ သမောဓာနေတွာ၊ ကောင်းစွာပေါင်းတော်မူ၍။ အဘိနီဟာရံ၊ သဗ္ဗညုတဉာဏ်သို့ ရှေ့ရှုစိတ်ကိုဆောင်ခြင်းကို။ ဝါ၊ ဆုတောင်းခြင်းကို။ ကရောန္တေန၊ ပြုတော်မူသော။မယာ၊သည်။မာလာဂန္ဓတူရိယသင်္ဂီတာနံ၊ပန်း,နံ့သာ, တူရိယာ,သီချင်းသံတို့၏။ အတ္ထာယ၊ အကျိုးငှါ။ အဘိနီဟာရော၊ ကို။ န ကတော၊ ပြုတော်မူအပ်သည်မဟုတ်။ တေဒတ္ထာယ၊ ဤပန်း,နံ့သာ, တူရိယာ, သီချင်းသံအကျိုး ငှါ။ ပါရမိယော၊ တို့ကို။ န ပူရိတာ၊ ဖြည့်ကျင့်တော်မူအပ်သည်မဟုတ်ကုန်။ တသ္မာ၊ ကြောင့်။ အဟံ၊ သည်။ ဝါ၊ကို။ ဧတာယ ပူဇာယ၊ ဤပန်း,နံ့သာ,တူရိယာ,သီချင်း သံတို့ဖြင့် ပူဇော်ခြင်းဖြင့်။ ပူဇိတောနာမ၊ပူဇော်အပ်သည်မည်သည်။ န ခေါ ဟောမိ၊ မဖြစ်သည်သာ။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

(ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) ကသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်" ဣတော-သုတ္တတော၊ ဤမဟာပရိနိဗ္ဗာနသုတ်မှ။ အညတ္ထ၊သော။ သုတ္တေ၊၌။ ဧကံ၊ တပွင့်သော။ ဥမာပုပ္ဖ-မတ္တမ္ပိ၊ နှမ်းကြပ်ပွင့်မျှကိုသော်လည်း။ ဂဟေတွာ၊ယူ၍။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို။အာဝဇ္ဇေတွာ၊၍။ ကတာယ၊ပြုအပ်ပြီးသော။ ပူဇာယ၊ ပူဇော်ခြင်း၏။ ဝါ၊ ပူဇော်ကြောင်းဖြစ်သော စေတနာ၏။ ဗုဒ္ဓဉာဏေနာပိ၊ မြတ်စွာ ဘုရား၏ဉာဏ်တော်ဖြင့်သော်လည်း။ အပရိစ္ဆိန္နံ၊ မပိုင်းခြားအပ်နိုင်သော။ ဝိပါကံ၊ အကျိုးကို။ဝဏ္ဏေတွာ၊ချီးမွမ်းတော်မူပြီး၍။ဝါ၊ဘွင့်တော်မူပြီး၍ ဣဓ-ဣမသ္မိံ သုတ္တေ၊ ဤမဟာပရိနိဗ္ဗာနသုတ်၌။ ဇဝံ၊ ဤသို့။ ဝါ၊သို့ကလောက်။ မဟန္တံ၊ ကြီးကျယ်များမြတ် သော။ ပူဇံ၊ ကို။ ပဋိက္ခိပတိ၊ ပယ်တော်မူရသတဲ့နည်း။ ဣတိ-အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ပရိသာနုဂ္ဂဟေန စေဝ၊ ပရိသတ်ကိုချီးမြှောက်တော်မူလိုခြင်းကြောင့်လည်း ကောင်း။ သာသနဿ၊ ၏။ စိရဋ္ဌိတိကာမတာယ စ၊ ငါးထောင်သာသနာ မြင့်ရှည် ကြာအောင် ကောင်းစွာတည်ခြင်းကို အလိုရှိတော်မူသည်၏ အဖြစ်ကြောင့်လည်း ကောင်း။ ဘဂဝါ၊ သည်၊ ဣတော-သုတ္တတော၊မှ။ အညတ္ထ၊သော။ သုတ္တေ၊၌။ ဧကံ၊ သော။ ဥမာပုပ္ဖမတ္တမ္ပိ၊ ကိုသော်လည်း။ ဂဟေတွာ၊၍။ဗုဒ္ဓဂုဏေ၊တို့ကို။ အာဝဇ္ဇေတွာ၊

၍။ ကတာယ၊ သော။ ပူဇာယ၊ ၏။ ဗုဒ္ဓညာဏေနာပိ၊ ဖြင့်သော်လည်း။ အပရိစ္ဆိန္နံ၊ သော။ ဝိပါကံ၊ အကျိုးကို။ ဝဏ္ဏေတွာ၊ ၍။ ဣမ-ဣမသ္မိံ သုတ္တေ၊ ၌။ ဝေါ၊ သို့။ မဟန္တံ၊ သော။ ပူဇံ၊ ကို။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။ ဣတိ-အယံ၊ ကား။ ဝိသဇ္ဇနာ၊ တည်း။

(ဟိ-သဒ္ဒါ ဝိတ္ထာရဇ္ဇ။) ဘဂဝါ၊ သည်။ ဣမ-ဣမသ္မိံ သုတ္တေ၊ ၌။ ဝေါ၊ သို့။ မဟန္တံ၊ သော။ ပူဇံ၊ ကို။ သစေ န ပဋိက္ခိပေယျ၊ အကယ်၍ ပယ်တော်မမူငြားအံ့။ ဝေံ အပ္ပဋိက္ခိပန္တေ၊ ဤသို့ ပယ်တော်မမူခဲ့သည်ရှိသော်။ ဘိက္ခူ၊ တို့သည်။ အနာဂတေ၊ နောင်အခါ၌။ သီလသ္မ၊ သီလ၏။ အာဂတဋ္ဌာနေ၊ လာရာပါဠိ၌ရပ်၌။ သီလံ၊ ကို။ န ပရိပူရေဿန္တိ၊ မပြည့်စေကြကုန်လိမ့်လတ္တံ့။ ဝါ၊ မဖြည့်ကျင့်ကြကုန်လိမ့်လတ္တံ့။ သမာဓိဿ၊ ၏။ အာဂတဋ္ဌာနေ၊ ၌။ သမာဓိံ၊ ကို။ န ပရိပူရေဿန္တိ၊ ကုန်လိမ့်လတ္တံ့။ ဝိပဿနာယ၊ ဝိပဿနာ၏။ အာဂတဋ္ဌာနေ၊ ၌။ ဝိပဿနာဂဗ္ဘံ၊ ဝိပဿနာတည်းဟူသော တိုက်ခန်းကို။ န ဂါဟာပေဿန္တိ၊ မယူစေကြကုန်လိမ့်လတ္တံ့။ ဥပဋ္ဌာကေ၊ အလုပ်အကျွေးဖြစ်သော ဒါယကာတို့ကို။ သမာဒပေတွာ၊ ဆောက်တည်စေကြကုန်၍။ ဝါ၊ တိုက်တွန်းနှိုးဆော်ကြကုန်၍။ ပူဇံယေဝ၊ ကိုသာလျှင်။ ကာရေန္တာ၊ ပြုစေကြကုန်လျက်။ ဝိဟရိဿန္တိ၊ နေကြကုန်လိမ့်လတ္တံ့။ စ၊ ထိုသို့ပင်ပြုစေကြပါကုန်သော်လည်း။ သော အာမိသပူဇာနာမ၊ ဤအာမိသပူဇာမည်သည်။ ဝါ၊ ဤအာမိသဖြင့် ပူဇော်ခြင်းမည်သည်။ သာသနံ၊ ကို။ ဧကဒိဝသမ္ပိ၊ တနေ့မျှပက်လုံးသော်လည်းကောင်း။ ဧကယာဂုပါနကာလမတ္တမ္ပိ၊ တကြိမ်သော ယာဂုသောက်သောက်ရုံမျှ အတိုင်းအရှည်ရှိသောကာလ ပတ်လုံးသော်လည်းကောင်း။ သန္ဓာရေတုံ၊ ကောင်းစွာဆောင်ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။

(ဟိ-သဒ္ဒါ တပ္ပါကဋီကရဏတ္ထ။) မဟာဝိဟာရသဒိသံ၊ မဟာဝိဟာရကျောင်းတိုက်ကြီးနှင့်တူသော။ ဝိဟာရသဟဿမ္ပိ စ၊ ကျောင်းတို့၏အထောင်သည်လည်းကောင်း။ မဟာစေတိယသဒိသံ၊ မဟာစေတီနှင့်တူသော။ စေတိယသဟဿမ္ပိ စ၊ စေတီတို့၏အထောင်သည်လည်းကောင်း။ သာသနံ၊ ကို။ ဓာရေတုံ၊ ဆောင်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ ယေန ပုဂ္ဂလေန၊ သည်။ ကမ္မံ၊ ကုသိုလ်ကံကို။ ကတံ၊ ပြုအပ်ပြီ။ တဿေဝ ပုဂ္ဂလဿ၊ အားသာလျှင်။ ဟောတိ၊ ၏။ ပန၊ စင်စစ်သော်ကား။ သမ္မာပဋိပတ္တိ၊ ကောင်းသောအကျင့်သည်။ ဝါ၊ မဘောက်မပြန် ဟုတ်မှန်သော အကျင့်သည်။ တထာဂတဿ၊ ၏။ ဝါ၊ အား။ အနုစ္ဆဝိကာ၊ အရေအယောင်သို့အစဉ်လိုက်သော။ ဝါ၊ လျောက်ပတ်သော။ ပူဇာ၊ ပူဇော်ခြင်းပေတည်း။ ဟိ၊ မထင်ရှားမြင်… အံ့။ သာ-ပူဇာ၊ ထိုသမ္မာပဋိပတ် အကျင့်မြတ်ဟုဆိုအပ်သော ပူဇော်ခြင်းကို။ ဝါ၊ သည်။ တေန-တထာဂတေန၊ သည်။ ပတ္ထိတာ စေဝ၊ တောင့်တလည်းတောင့်တတော်မူအပ်ပြီ။ သာသနံ၊ ကို။ ဓာရေတုံ၊ ငှါ။ သက္ကောတိ စ၊ စွမ်းလည်းစွမ်းနိုင်၏။ တသ္မာ၊ ကြောင့်။ တံ-ပူဇံ၊ ထိုသမ္မာပဋိပတ္တိ ဟုဆိုအပ်သော ပူဇော်ခြင်းကို။ ဒဿေန္တော၊ ကြောင့်။ ယော ခေါ အာနန္ဒာတိအာဒိံ၊ ကို။ အာဟ၊ ပြီ။

တတ္ထ-တသ္မိံ ပါဌေ၊ ယော ခေါ အာနန္ဒ အစရှိသောထိုပါဠိ၌။ အဝယဝတ္ထော၊ ကို။ ဝေါ၊ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ၊ ကား။ နဝဝိဓဿ၊ ကိုးပါး

အပြားရှိသော၊ လောကုတ္တရဓမ္မဿ၊ အား။ အနုဓမ္မံ၊ လျော်သောကျင့်ဝတ်တရားကို။ ပုဗ္ဗဘာဂပဋိပဒံ၊ မဂ်၏ရှေ့အဘို့၌ဖြစ်သောအကျင့်ကို။ ပဋိပန္နော၊ ကျင့်သည်။ ဟုတွာ၊ ၍။ ဝိဟရတိ၊ ၏။ (ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) တဿာယေဝ ပဋိပဒါယ၊ ထိုမဂ်၏ရှေ့အဘို့၌ ဖြစ်သော အကျင့်၏သာလျှင်။ နဝဝိဓဿ၊ သော။ လောကုတ္တရဓမ္မဿ၊ ၏။ ဝါ၊ အား။ အနုစ္ဆဝိကတ္တာ၊ အရေအယောင်သို့ အစဉ်လိုက်သည်၏အဖြစ်ကြောင့်။ ဝါ၊ လျောက်ပတ်သည်၏အဖြစ်ကြောင့်။ သာယေဝ ပဋိပဒါ၊ထိုမဂ်၏ရှေ့အဘို့၌ ဖြစ်သော အကျင့်ကိုသာ လျှင်။ သာမိစီတိ၊ သာမိစီဟူ၍။ ဝုစ္စတိ၊ ၏။ ယော-ပုဂ္ဂလော၊ သည်။ တံ သာမိစိံ၊ ထိုကိုးပါးသော လောကုတ္တရာတရားအားလျော်သော မဂ်၏ရှေ့အဘို့၌ ဖြစ်သော အကျင့်ကို၊ပဋိပန္နော၊ကျင့်တတ်၏။ဣတိ-တသ္မာ၊ကြောင့်။ သော-ပုဂ္ဂလော၊ သည်။ သာမိစိပ္ပဋိပန္နော၊ သာမိစိပ္ပဋိပန္နမည်၏။ ယော-ပုဂ္ဂလော၊ သည်။ ပုဗ္ဗဘာဂ-ပဋိပဒါသင်္ခါတံ၊ ပုဗ္ဗဘာဂအကျင့်ဟု ဆိုအပ်သော၊ တမေဝ အနုဓမ္မံ၊ ထိုကိုးပါးသော လောကုတ္တရာတရားသို့အစဉ်လိုက်သော ကျင့်ဝတ်တရားကိုသာလျှင်၊ စရတိ၊ ကျင့်တတ်၏။ ပူရေတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ သော-ပုဂ္ဂလော၊ သည်၊ အနုဓမ္မစာရီ၊ အနုဓမ္မစာရီမည်၏။

(စ-သဒ္ဒါ ဥပန္យာသတ္ထ။) သီလအာစာရပညတ္တိဝီတက်သမာဒါနံ၊ ဝါရိတ္တသီလ, ပညတ်အပ်သော စာရိတ္တသီလ,ဝတ်ကိုဆောက်တည်ခြင်းကိုလည်းကောင်း။ယာဝ-ဝေါကြဲဘုတော၊ ဝေါကြဲဘူညဏ်တိုင်အောင်။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်, ဖြစ်စေသင့်,ဖြစ်စေထိုက်သော။ သမ္မာပဋိပဒါ၊မဖောက်မပြန် ဟုတ်မှန်သောအကျင့်ကို လည်းကောင်း။ ပုဗ္ဗဘာဂပဋိပဒါတိ၊ ပုဗ္ဗဘာဂပဋိပဒါဟူ၍။ ဝေဒိတဗ္ဗာ၊ ၏။ တသ္မာ၊ ကြောင့်။ ယော ဘိက္ခု၊ သည်။ဆသု၊ ကုန်သော။ အဂါရဝေသု၊ အဂါရဝတရားတို့၌။ ဝါ၊ မရိုသေတတ်သောပုဂ္ဂိုလ်၏ဥစ္စာဖြစ်သောမရိုသေခြင်းကိရိယာတို့၌။ ပတိ-ဋ္ဌာယ၊ ၍။ပညတ္တိံ၊ပညတ်တော်ကို။ အတိက္ကမတိ၊ လွန်ကျူး၏။ အနေသနာယ၊မသင့်မြတ်သောရှာမှီးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။ အယံ-ဘိက္ခု၊ သည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နောနာမ၊ ဓမ္မာနုဓမ္မပ္ပဋိပန္န မည်သည်။ ဝါ၊ ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော ပုဗ္ဗဘာဂအကျင့်ကို ကျင့်သည် မည်သည်။ န ဟောတိ၊ ဖြစ်သည်မဟုတ်။ ပန၊ အဟုတ်အမှန်ကား။ ယော-ဘိက္ခု၊ သည်။ သတ္တံ၊ သော။ အတ္တနော၊အား။ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သိက္ခာပဒံ၊ကို။ဇိနဝေလံ၊ မြတ်စွာဘုရား၏ သိက္ခာပုဒ်တည်းဟူသော ကမ်းကို။ ဇိနမရိယာဒံ၊ မြတ်စွာဘုရား၏ သိက္ခာပုဒ်တည်းဟူသော အပိုင်းအခြားကို။ ဇိနကာ္ဍသုတ္တံ၊ မြတ်စွာဘုရား၏ သိက္ခာပုဒ်တည်းဟူသော မျဉ်းကြိုးကို။ ဝါ၊ မြတ်စွာဘုရား တည်းဟူသော လက်သမားကြီးသည် ထားအပ်သော ဝဇ္ဇေတဗ္ဗ,ဂဟေတဗ္ဗ ဖြစ်သောတရားတို့ကို ပြရာဖြစ်သောမျဉ်းကြိုးနှင့်တူသောသိက္ခာပုဒ်တည်းဟူသော အပိုင်းအခြားကို။အဏုမတ္တမ္ပိ၊ အဏုမြူမျှလောက် အတိုင်းအရှည်လည်း။ န ဝီတိက္ကမတိ၊ မလွန်ကျူး။ အယံ-ဘိက္ခု၊ သည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နောနာမ၊ ဓမ္မာနုဓမ္မပ္ပဋိပန္နမည်၏ ဝါ၊ကိုးပါးသောလောကုတ္တရာတရားအားလျော်သော ပုဗ္ဗဘာဂအကျင့်ကိုကျင့်သည်မည်၏။ ဘိက္ခုနိယာပိ၊ဂဟန်းမှာလည်း။ ဧသေဝ နယော၊ ဤဆိုအပ်ပြီးသောနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

ယော ဥပါသကော၊ သည်။ ပဋ္ဌ၊ ကုန်သော၊ ဝေရာနိ၊တို့ကိုလည်းကောင်း။ ဒသ၊ ကုန်သော။ အကုသလကမ္မပထေ၊ အကုသလကမ္မပထ တရားတို့ကို လည်းကောင်း။ သမာဒါယ၊ ၍။ ဝတ္တတိ၊ ကျင့်၏။ အပ္ပေတိ၊ ဖြစ်စေ၏။ အယံ-ဥပါသကော၊ သည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နောနာမ၊ သည်။ န ဟောတိ၊ မဟုတ်။ ပန၊ အဟုတ် အမှန်ကား။ ယော-ဥပါသကော၊ သည်။ တီသု၊ ကုန်သော။ သရဏေသုပိ၊ တို့၌လည်းကောင်း။ ပဉ္စသု၊ ကုန်သော။ သီလေသုပိ၊ တို့၌လည်းကောင်း။ ဒသသု၊ကုန်သော။ သီလေသုပိ၊ တို့၌လည်းကောင်း။ ပရိပူရကာရီ၊ ဖြည့်ကျင့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ၏။ မာသဿ၊ တလ၏။ ဝါ၊ တလဖွင့်။ ဝါ၊ တလလျှင်။ အဋ္ဌ၊ ကုန်သော။ ဥပေါသထေ၊ ဥပုသ်တို့ကို။ ကရောတိ၊ ၏။ စာရိတ္တသီလပကွေ၊ စာရိတ္တသီလအဘို့၌။ ဌပေတွာ၊ ထား၍။ဒါနံ၊ ကို။ဒေတိ၊ ၏။ စာရိတ္တသီလပကွေ၊ စာရိတ္တသီလအဘို့၌။ ဌပေတွာ၊ ၍။ ဂန္ဓပူဇံ၊ နံ့သာဖြင့် ပူဇော်ခြင်းကို လည်းကောင်း။ မာလာပူဇံ၊ ပန်းဖြင့် ပူဇော်ခြင်းကို လည်းကောင်း။ ကရောတိ၊ ၏။ မာတရံ၊ အမိကိုလည်းကောင်း။ ပိတရံ၊ အဘကို လည်းကောင်း။ဥပဋ္ဌာတိ၊ လုပ်ကျွေး၏။ ဓမ္မိကေ၊တရားရှိကုန်သော။ ဝါ၊တရားစောင့် ကုန်သော။ သမဏဗြာဟ္မဏေ၊ တို့ကို။ ဥပဋ္ဌာတိ၊ ၏။ အယံ-ဥပါသကော၊ သည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နောနာမ၊ ၏။ ဥပါသိကာယပိ၊ သီတင်းသည် ဒါယိကာမ ၌လည်း။ ဧသေဝ နယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

ပရမာယ ပူဇာယာတိ၊ကား။ ဥတ္တမာယ၊ မြတ်သော။ ပူဇာယ၊ ဖြင့်။ သက္ကတော၊ ကောင်းစွာ ပြုအပ်သည်မည်သည်။ ဟောတိ၊ ၏။ (ဟိ-သဒ္ဒါ ဝိတ္ထာရတ္ထ။) အယံ နိရာမိသပူဇာနာမ၊ ဤအာမိသမှကင်းသော သမ္မာပဋိပတ်ဖြင့် ပူဇော်ခြင်းမည်သည်။ မမ၊ ၏။ သာသနံ၊ ကို။ သန္ဓာရေတုံ၊ ငှါ။ သက္ကောတိ၊ ၏။ (ဟိ-သဒ္ဒါ တပ္ပါကဋိက-ရဏတ္ထ။) ယာဝ၊ လုံး။ စတဿော၊ ကုန်သော။ ဣမာ ပရိသာ၊ ဤပရိသတ်တို့သည်။ မံ၊ကို။ ဣမာယ-ပူဇာယ၊ ဤသမ္မာပဋိပတ်ဖြင့် ပူဇော်ခြင်းဖြင့်။ ပူဇေဿန္တိ၊ ပူဇော်ကြ ကုန်လိမ့်လတ္တံ့၊ တာဝ၊ ထိုသမ္မာပဋိပတ်ဖြင့် ပူဇော်သေးသမျှ ကာလပတ်လုံး။ မမ၊ ၏။ သာသနံ၊ သည်။ နဘသဿ၊ ကောင်းကင်၏။ မဇ္ဈေ၊အလယ်၌။ ပုဏ္ဏစန္ဒော၊လ ပြည့်ဝန်း သည်။ ဝိရောစတိ ဝိယ၊ တင့်တယ်သကဲ့သို့။ တထာ၊ တူ။ ဝိရောစိဿတိ၊ တင့်တယ် လိမ့်လတ္တံ့။ ဣတိ-ဣမံ အတ္ထံ၊ ကို။ ဘဂဝါ၊ သည်။ ဒဿေတိ၊ ပြတော်မူ၏။

ဥပဝါဏတ္ထေရဝတ္ထုနာ

၂၀၀။ အပသာရေသီတိ၊ ကား။ အပနေသိ၊ ပယ်တော်မူပြီ။ အပေဟီတိ၊ ကား။ အပဂစ္ဆ၊ ဖဲသွားလော့။ ထေရော၊ အသျှင် ဥပဝါဏထေရ်သည်။ ကေဝစနေနေဝ၊ တခွန်းတည်းသောစကားဖြင့်သာလျှင်။ တာလဝဏ္ဋံ၊ထန်းရွက်ယပ်ဝန်းကို။ နိက္ခိပိတွာ၊ ချခဲ့၍။ ကေမန္တံ၊ တခုသောအစွန်အဖျားအနားကျအောင်၊ အဋ္ဌာသိ၊တည်ပြီ။ ဥပဋ္ဌာ-ကောတိအာဒိံ၊ ဥပဋ္ဌာကော ဤသို့အစရှိသောပါဠိကို။ ပဋ္ဌမဗောဓိယံ၊ ပဋ္ဌမဗောဓိ၌။ ထေရဿ၊အသျှင် ဥပဝါဏထေရ်၏။ အနိဗဒ္ဓုပဋ္ဌာကဘာဝံ၊မမြဲသောအလုပ်အကျွေး၏ အဖြစ်ကို။ ဝါ၊အမြဲမလုပ်ကျွေးကတ်သည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ အာ[illegible]သွာ [illegible]-နန္ဒတ္ထေရော၊ သည်။ အာဟ၊ ပြီ။

အယံ ဘန္တေ အာယသ္မာ ဥပဝါဏောတိ၊ ဟူ၍။ ဝေါ၊ သို့။ ထေရေန၊ အသျှင်အာနန္ဒာ ထေရ်သည်။ ဝုတ္တေ၊ လျှောက်အပ်သည်ရှိသော်။ အာနန္ဒော၊ သည်။ ဥပဝါဏဿ၊ ဥပဝါဏ၏။ သဒေါသဘာဝံ၊ အပြစ်ရှိသည်၏ အဖြစ်ကို။ သလ္လက္ခေတိ၊ ကောင်းစွာ မှတ်ခဲ့၏။ ဟန္ဒ၊ ယခု၊ အဟံ၊ သည်။ အဿ-အာနန္ဒဿ၊ အား။ အဿ-ဥပဝါဏဿ၊ ၏။ နိဒ္ဒေါသဘာဝံ၊ အပြစ်မရှိသည်၏အဖြစ်ကို။ ကထေဿာမိ၊ ဟောတော်မူရတော့အံ့။ ဣတိ-မနသိကတွာ၊ ၍။ ဘဂဝါ၊ သည်။ ယေဘုယျေန အာနန္ဒာတိအာဒိံ၊ ကို။ အာဟ၊ ပြီ၊ တတ္ထ-တသ္မိံ ပါဌေ၊ ယေဘုယျေန အာနန္ဒ အစရှိသော ထိုပါဠ်၌။ ယေဘုယျေ-နာတိ ဣဒံ-ဝစနံ၊ ကို။ အသညသတ္တာနံ စေဝ၊ အသညသတ္တဝါတို့၏လည်းကောင်း။ ဝါ၊ အသညသတ်ဗြဟ္မာတို့၏ လည်းကောင်း။ အရူပဒေဝတာနံ စ၊ အရူပဗြဟ္မာတို့၏ လည်းကောင်း။ ဩဟီနဘာဝံ၊ ယုတ်လျော့ကုန်သည်တို့၏ အဖြစ်ကို၊ ဝါ၊ ကျန်ရစ် ကုန်သည်တို့၏အဖြစ်ကို။ သန္ဓာယ၊ ၍၊ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။

အပ္ပေသက္ခာတိ၊ ကား။ *အသမ္ဗုဒ္ဓေါ၊ ကောင်းစွာမဖြန့်အပ်သော၊ ဝါ၊ ကောင်းစွာ မပြန့်နှံ့စေအပ်သော။ သော ပဒေသော၊ ထိုအရပ်သည်။ နတ္ထိ၊ မရှိ။ ဝါ၊ တနည်းကား။ အဘာရိတော၊ မပြည့်သော။ သော ပဒေသော၊ သည်။ နတ္ထိ၊ မရှိ။ ကိရ၊ အလွန် ကျဉ်းဘိ....အံ့။ ဘဂဝတော၊ ၏။ အာသန္နပဒေသေ၊ အနီးဖြစ်သောအရပ်၌။ ဝါလဂ္ဂ-မတ္တေ၊ သားမြီးဖျားမျှအတိုင်းအရှည်ရှိသော။ ဩကာသေ၊ အရပ်၌။ သုခုမတ္တဘာဝံ၊ နူးညံ့သိမ်မွေ့သော အတ္တဘောကို။ မာပေတွာ၊ ဖန်ဆင်းကြကုန်၍။ ဒသဒသ၊ တကျိပ်ကုန်,တကျိပ်ကုန်သော။ မဟေသက္ခာ၊ မြတ်သော အစိုးရသောသူဟူ၍ ဆိုအပ် ကုန်သော။ ဝါ၊ များသောအခြံအရံ ရှိကုန်သော။ ဝါ၊ ကြီးသောတန်းခိုး ရှိကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ အဋ္ဌံသု၊ တည်ကြကုန်ပြီ။ တာသံ-ဒေဝတာနံ၊ ထိုမဟေသက္ခ နတ်တို့၏။ ပရတော၊ နောက်၌။ ဝါ၊ ပြင်ပအရပ်၌။ ဝီသတိ ဝီသတိ၊ နှစ်ကျိပ်,နှစ်ကျိပ် သော။ ဒေဝတာ၊ တို့သည်။ အဋ္ဌံသု၊ ကုန်ပြီ။ တာသံ-ဒေဝတာနံ၊ ထိုနှစ်ကျိပ်, နှစ်ကျိပ် သော နတ်တို့၏။ ပရတော၊ ၌။ တိံသတိ တိံသတိ၊ သုံးကျိပ်, သုံးကျိပ်သော။ ဒေဝတာ၊ တို့သည်၊ အဋ္ဌံသု၊ ကုန်ပြီ၊ တာသံ-ဒေဝတာနံ၊ ထိုသုံးကျိပ်, သုံးကျိပ် သော နတ်တို့၏။ ပရတော၊ ၌။ စတ္တာလီသံ စတ္တာလီသံ၊ သော။ ဒေဝတာ၊ တို့သည်။ အဋ္ဌံသု၊ ကုန်ပြီ။ တာသံ- ဒေဝတာနံ၊ ထို လေးကျိပ်, လေးကျိပ် သောနတ်တို့၏။ ပရတော၊ ၌။ ပညာသံ ပညာသံ၊ ငါးကျိပ်,ငါးကျိပ်သော။ ဒေဝတာ၊ တို့သည်။ အဋ္ဌံသု၊ ကုန်ပြီ။ တာသံ-ဒေဝတာနံ၊ ကို၏။ ပရတော၊ ၌။ သဋ္ဌိ သဋ္ဌိ၊ ခြောက် ကျိပ်,ခြောက်ကျိပ်သော။ ဒေဝတာ၊ တို့သည်။ အဋ္ဌံသု၊ ကုန်ပြီ၊ တာ-ဒေဝတာ၊ တို့သည်။ အညမညံ၊ အချင်းချင်း။ ဟတ္ထေန ဝါ၊ လက်ဖြင့်သော်လည်းကောင်း။ ပါဒေန ဝါ၊ ခြေ

*မှတ်ချက်။ ။ [အသမ္ဗုဒ္ဓေါ-ပါဌ်အရာ၌ အသမ္ဗုဒ္ဓေါ-ဟုတွေ့ထိခြင်း အနက်ဟော ဖုသ-ဓာတ်နှင့်ရင်း,အသမ္ဗုဒ္ဓေါ-ဟုဖြန့်ခြင်း ပြန့်နှံ့စေခြင်းအနက် ဟော ဖရ-ဓာတ်နှင့်ရင်း ပါဌ်နှစ်ထွေရှိရာ ဖြန့်ခြင်း ပြန့်နှံ့စေခြင်း အနက်ဟော ဖရ-ဓာတ်နှင့် အသမ္ဗုဒ္ဓေါ ပါဌ်သာ သင့်လျော်၏။]

ဖြင့်သော်လည်းကောင်း။ ဝတ္တေန ဝါ၊ အဝတ်ဖြင့်သော်လည်းကောင်း။ * န ဗျာ-ဗာဓေန္တိ၊ မနှိပ်စက်ကြကုန်။ ဝါ၊ မထိပါးမချုတ်ချယ်ကြကုန်။ တွံ၊သည်။ အပေဟိ၊ ဖဲလော့။ မံ၊ ကို။ မာဃဋ္ဋေဟိ၊ မတိုးခွေမထိခိုက်လင့်။ ဇူတိ၊ ဤသို့။ ဝတ္တုဗ္ဗာကာရံနာမ၊ ဆိုအပ်သောအခြင်းအရာမည်သည်။ နတ္ထိ၊ မရှိ။ တာခေါ ပန ဒေဝတာယော ဒသပိ ဟုတ္ဓာ။ပ။ဗျာဗာဓေန္တိတိ၊ဟူ၍။ ဝုတ္တသဒိသာဝ၊ အဂ္ဂုတ္တရနိကာယ် သမဝိတ္တပရိယာယ ဒေသနာတော်၌ဆိုအပ်ပြီးသော နတ်တို့နှင့်တူကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

[**သာဓကပါဠိအနက်**]။ ။တာ ဒေဝတာယော၊တို့သည်။ဒသ၊ဟဂျိပ်တို့သည်။ ဟုတ္ဓာပိ၊ကုန်၍လည်းကောင်း။ ဝီသတိ၊နှစ်ကျိပ်သည်။ ဟုတ္ဓာပိ၊ကုန်၍လည်းကောင်း။ တိံသံ၊ သည်။ ဟုတ္ဓာပိ၊ ကုန်၍လည်းကောင်း။ စတ္တာလီသံ၊လေးကျိပ်သည်။ ဟုတ္ဓာပိ၊ ကုန်၍လည်းကောင်း။ ပညာသံ၊ ငါးကျိပ်သည်။ ဟုတ္ဓာပိ၊ ကုန်၍လည်းကောင်း။ အာရဂ္ဂကောဋိနိတုဒနမတ္တေပိ၊ ပွတ်ဆောက်ဖျားဖြင့်ထိုးလောက်ရုံမျှ အတိုင်းအရှည်ရှိသောအရပ်၌လည်း။ တိဋ္ဌန္တိ၊ တည်ကြရကုန်၏။ စ၊ ထိုသို့ပင်တည်ကြပေါကုန်သော်လည်း။ အညမညံ၊ ချင်း။ န ဗျာဗာဓေန္တိ၊ ကုန်။

သြဝါရေန္တောတိ၊ ကား။ အာဝါရေန္တော၊ ပိမ်ဆို့နှောင့်ရှက် ကန့်ကွက် တား မြစ်လျက်။ ဌိတော၊ တည်ခဲ့၏။ (ကိရ-သဒ္ဒါ ဝိတ္ထာရတ္ထ။) ထေရော၊ အသျှင်ဥပဝါဏထေရ်သည်။ ပကတိယာပိ၊ ပြကတေ့အားဖြင့်လည်း။ မဟာသရီရော၊ ကြီးသောကိုယ်ရှိသည်။ ဟတ္ထိပေါတကသဒိသော၊ ဆင်ငယ်နှင့်တူသည်။ ဟောတိ ကိရ၊ ဖြစ်သတတ်။ သော-ထေရော၊ သည်။ ပံသုကူလစီဝရံ၊ ပံသုကူသင်္ကန်းကို။ ပါရုပိတ္ဓာ၊ ၍။ ဝါ၊ ကြောင့်။ အတိမဟာဝိယ၊ အလွန်ကြီးသကဲ့သို့။ အဟောသိ၊ ပြီ။ တထာဂတံ ဒဿနာယာတိ၊ ကား။ ဘဂဝတော၊ ၏။ မုခံ၊ မျက်နှာတော်ကို။ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှါ။ အလဘမာနာ၊ မရကြကုန်သည်ရှိသော်။ ဧဝံ၊သို့။ ဥဇ္ဈာယိံသု၊ အယုတ်အားဖြင့်ကြည့်ကြကုန်၏။ ဝါ၊ အယုတ်အားဖြင့် ကြံကြကုန်၏။ (ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) တာ-ဒေဝတာ၊တို့သည်။ ထေရံ၊ကို။ဝိနိဝိဇ္ဈ၊ဘောက်ထွင်းကြကုန်၍။ ပဿိတုံ၊ကြည့်ရှုခြင်းငှါ။ န သက္ကောန္တိ ကိံ၊ မစွမ်းနိုင်ကုန်သလော။ ဇူတိ-အယံ၊ ကား။ပုစ္ဆာ၊ တည်း။တာ-ဒေဝတာ၊ တို့သည်။ ထေရံ၊ ကို။ ဝိနိဝိဇ္ဈ၊ ကုန်၍။ ပဿိတုံ၊ ငှါ။ အာမ န သက္ကောန္တိ၊ အိမ်း-မစွမ်းနိုင်ကုန်။ ဇူတိ-အယံ၊ ကား။ ဝိဿဇ္ဇနာ၊ တည်း။

(ဟိ-သဒ္ဒါ ဝိတ္ထာရတ္ထ။) ဒေဝတာ၊ တို့သည်။ ပုထုဇ္ဇနေ၊ တို့ကို။ ဝိနိဝိဇ္ဈ၊ ကုန်၍။ ပဿိတုံ၊ ငှါ။ သက္ကောန္တိ၊ ကုန်၏။ ခီဏာသဝေ၊ ရဟန္တာတို့ကို။ ဝိနိဝိဇ္ဈ၊ ကုန်၍။ ပဿိတုံ၊ ငှါ။ န သက္ကောန္တိ၊ ကုန်။ စ၊ မပြတ်စပ်လာ····အံ့။ ထေရဿ၊ ၏။ မဟေ-

* **မှတ်ချက်**။ ။[ဤအရာ၌ ဗျာပါဒေန္တိ-ဟု ဝိ-ရှေး, အာရှေးရှိသော ပဒ-ဓာတ်နှင့်ရင်း၊ ဗျာဗာဓေန္တိ-ဟု ဝိရှေး-အာရှေးရှိသော ဗာဓ-ဓာတ်နှင့် ရင်း ပါဠိနှစ်ထွေရှိရာ ဝိ-ရှေး,အာ-ရှေးမှိသော ဗာဓ-ဓာတ်သာ အရာနှင့် သင့်လျော်၏။]

သက္ကတာယ၊ မြတ်သောအစိုးရသော ပုဂ္ဂိုလ်ဟူ၍ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ကြွံးသောတန်းခိုးရှိသည်၏အဖြစ်ကြောင့်။ တေဇဿဒတာယ၊ များသောတန်းခိုးရှိသည်၏အဖြစ်ကြောင့်။ ဥပဂန္တုမ္ပိ၊ချဉ်းကပ်ခြင်းငှါသော်လည်း။ န သက္ကောန္တိ၊မစွမ်းနိုင်ကုန်။ (ပန-သဒ္ဒါ ပက္ခန္တရတ္ထ။) ကသ္မာ၊ ကြောင့်။ ထေရော၊ သည်သာလျှင်။ တေဇဿဒေါ၊ များသောတန်းခိုးရှိသည်။ ဟောတိ၊ နည်း။ အညေ၊ အသျှင်ဥပဝါဏာ ယေရိမှဟပါးကုန်သော။ အရဟန္တော၊ တို့သည်။ တေဇဿဒါ၊ ကုန်သည်။ န ဟောန္တိ၊ မဖြစ်ရကုန်သနည်း။ ဇာတိ-အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ယသ္မာ၊ ကြောင့်။ ယေရော၊ သည်။ ကဿပဗုဒ္ဓဿ၊ ၏။ စေတိယေ၊ ၌။ အာရက္ခဒေဝတာ၊ စေတီတော်စောင့်နတ်သည်။ အဟောသိ၊ ပြီ။ တသ္မာ၊ ကြောင့်။ ထေရော၊ သည်သာလျှင်။ တေဇဿဒေါ၊ သည်။ ဟောဟိ၊၏။ အညေ၊ ကုန်သော။ အရဟန္တော၊ တို့သည်။ တေဇဿဒါ၊ ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဇာတိ-အယံ၊ ကား။ ဝိဿဇ္ဇနာ၊ တည်း။

